www.burmeseclassic.com

# သုဝဏ္ဏဘူမိ
# နှင့်
# ကျိုက်ထီးဆောင်း
# ခရီးသွားမှတ်တမ်း

BURMESE CLASSIC .com

အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေ
(ခရေကျွန်းမိသားစု) ၏ ဓမ္မဒါန

မောင်ပနိုးရွေး
ပြုစုတင်ပြသည်

www.burmeseclassic.com

www.burmeseclassic.com

# သုဝဏ္ဏဘူမိ

# နှင့်

# ကျိုက်ထီးဆောင်း

# ခရီးသွားမှတ်တမ်း

မောင်ပန်းမွှေး

ပြုစုတင်ပြသည်

အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်မွှေ
( ဇေကမ္ဘာမိသားစု ) ၏ ဓမ္မဒါန

www.burmeseclassic.com

www.burmeseclassic.com



၁။ ရွှေမော်ဓေါ စေတီတော်ဌာပနာတိုက် တူးဖော်စဉ်က အစီရင်ခံစာ၊

၂။ ပဲခူး၊ မဓေါ စေတီတော်ကျောက်စာ၊

၃။ ပဲခူး၊ ဓမ္မစေတီမင်းကြီး၏ ကလျာဏီသိမ်တော်ကျောက်စာ တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ ဘာသာပြန်လက်ရာ၊

၄။ ဓမ္မစေတီမင်း၏ ကေလာသတောင်ပေါ် ရှိ ကျောက်စာ ဘာသာပြန်၊

၅။ ညောင်ရွှောင်း ဆရာတော်၏ မှတ်တမ်း

၆။ ရွှေတိဂုံစေတီတော် ဆံတော်တွင်းသို့ ၁၉၀၁ ခုနှစ်က ဝင်ရောက်ခဲ့ဖူးသော အာမေနီယံလူမျိုးတစ်ဦး၏ ကိုယ်တွေ့တင်ပြချက်၊

၇။ ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပျက်ခဲ့ရသော ဗိုလ်တထောင်စေတီတော် ဌာပနာတိုက်မှ ဖူးတွေ့ရသော ဆံတော်ရှင်အစစ်၊

၈။ ဓမ္မစေတီမင်း၏ ရွှေတိဂုံကျောက်စာ၊

၉။ ပဲခူး၊ ရွှေမော်ဓေါစေတီတော် ဌာပနာတိုက်မှ တွေ့ရှိရသော စူဠသိရိမာသောက၏ ထုံးကျောက်မျက်နှာပုံ ရုပ်တုတော်နှင့် ဗုဒ္ဓဘုရင် လှူဒါန်းခဲ့သော ဘီလူးရန်နိုင် ရုပ်ပွားတော်အစစ်၊

၁၀။ ကျိုက်ထီးဆောင်း ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း၊

၁၁။ ဒေါက်တာခင်ရွှေ

၁၂။ ညောင်ရွှောင်းဆရာတော် ရေးသားတော်မူခဲ့သော မုဿာဏ္ဏာယ စေတီတော်ကြီးကျောက်စာ၊

၁၃။ ဆကေသဓါတုဝင် မြန်မာဘာသာပြန်

www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာစာစီ – ကလောင်သစ် (၁၂၄)၊ ၃၄ လမ်း။

မျက်နှာဖုံးဒီဇိုင်း – CONQUEROR ကိုအောင်လွင် (၃၃) လမ်း

FILM – ကိုရဲရွှေ (နေသစ်အော့ဖ်ဆက်ဖလင်)


ပုံနှိပ်သူ – ဦးဝင်းမြိုင် (သိဒ္ဓိမြိုင်ပုံနှိပ်တိုက်– ၀၂၄၈၆)

၁၁၃၊ ၃၄ လမ်း။

ထုတ်ဝေသူ – ဦးထွန်းထွန်းဦး (နှင်းဦးလွင်စာပေ)


စာမူခွင့်ပြုချက်အမှတ် – ၇၃၈/၂၀၀၁ (၁၁)

အဖုံးခွင့်ပြုချက်အမှတ် – ၆၃၄/၂၀၀၁ (၁၁)



BURMESE CLASSIC .com

www.burmeseclassic.com




ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီမှ ဌာပနာတော်မြတ်များ

www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်တထောင် စေတီတော် လိုဏ်ဂူအတွင်း ပူဇော်ထားသော



www.burmeseclassic.com




# ရွှေတိဂုံ စေတီတော်ကြီး အောက်မှ အုတ်ခန်း ဆံတော်ဝ

## ပိဋကတ် လက်ရာများ ရှင်သပ်ရှုမောဘွယ် ဆန်းကျယ်

လွန်ခဲ့သည့်နှစ် ၆၀ ကျော်က ပင်ရောက်ခဲ့ဘူးသူက ဂေါပကအဖွဲ့သို့ တင်ပြခြ







ဘုရင့်နောင်မင်းတရားကြီး၏ ပထမပန်းတင်ခုံအတွင်း


တူးပေါ်တွေ့ရှိရသော ရှင်စောပု၏ ပထမ ပန်းထင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေမော်ဓော ပထမ ဒါယကာ
ရှူဋ္ဌသိရိမာသောက၏ဦးခေါင်းပုံ ( ထုံးကျောက် )



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခွန်ပြည်နယ် ၊ သထုံခရိုင် ၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာအတွင်းရှိ သောဏုတ္တရ စေတီညီနောင် အနီးရှိ မဟာကလျာဏီသိမ်တော်ကြီး တည်ဆောက်ရာတွင် တူးဖော်ရရှိသော ရှေးဟောင်းဆင်းတုတော်များ သတင်းကို ဆရာတော် ထံမှတဆင့် ရရှိ၍ ဒေါက်တာခင်ရွှေနှင့် ကျွန်တော်တို့အဖွဲ့သည် ဇုတ်သုတ်ကျေးရွာသို့ အလျင်အမြန် သွားရောက်ကြသည်မှာ အဟောင်းထဲမှ အကောင်း သတင်းများကို ကြားသိရသောကြောင့်ဖြစ်ပါသည်။

**ပေါ်တော်မူသတင်း**

BURMESE CLASSIC .com

ဆင်းတုတော်များနှင့် မွန်စာပါသော ဆင်းတုတစ်ဆူကို တွေ့ရရာ ထိုရှေးဟောင်းဆင်းတုမှာ လူတစ်ထိုင်စာ လောက်မြင့်သဖြင့် ဥာဏ်တော်အမြင့် ၃၂.၅ လက်မ ရှိသည်ကို တွေ့ရပါသည်။

**သက္ကရာဇ် - ၉၄၃**

ထိုဆင်းတုတော်၏အောက်တွင် သက္ကရာဇ် ၉၄၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ တနင်္ဂနွေနေ့ ဟူ၍သော စာသားကိုတွေ့ရရာ လွန်ခဲ့သော နှစ်ပေါင်း (၄၀၀) ကျော်ကျော်က ဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟံသာဝတီခေတ်

အေဒီ (၁၇) ရာစုလောက် ဟံသာဝတီ ခေတ်လောက်က ဆင်းတုတော်ဖြစ်ကြောင်း မှန်းဆ၍ ရရှိပါသည်။

## တွေ့သမျှ

အဆိုပါ တူးဖော်ရရှိသော ရှေးဟောင်း ကြေးဆင်းတုများ၊ စကျင်ကျောက်ဆင်းတုများ၊ ထုံးကျောက်ဆင်းတုများ၊ သံဆင်းတုများ၊ မြေမီးဖုတ် ဆင်းတုများ စုစုပေါင်း (၁၁၅)ဆူကို အကောင်းပကတိတွေ့ရပါသည်။ ကျိုးပွဲ့နေသော ဆင်းတုများမှာ (၁၂၃)ဆူ ဖြစ်ကြောင်း သိရပါသည်။

ဤသို့ဖြင့် သောဏုတ္တရစေတီညီနောင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ မဟာကလျာဏီသိမ်တော်ကြီးနှင့် စပ်လျဉ်း၍လည်းကောင်း၊ သမိုင်းကြောင်းများကို တွေးတောမိရာ အလွန်စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်။

## ကေလာသမှာ

## ကျောက်စာတွေ့ပြီ

ကေလာသတောင်ထိပ်တွင်လည်း မွေစေတီမင်းရေးထိုးထားသော မွန်ဘာသာ ကျောက်စာကြီးကို တွေ့ရရာ အလွန်အားရစရာကောင်းပါသည်။



## ဇဝေဇဝါတွေပျောက်

ရှေးသရောအခါက ကေလာသတောင်တော်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကေလာသဆံတော်ရှင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကေလာသတောင်ခြေရှိ သုဝဏ္ဏဘူမိနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ထိုဒေသသို့ ကြွရောက်လာသော အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ်တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုအကြောင်းနှင့်စပ်လျဉ်းသော မနုသီဟနှင့်စပ်လျဉ်း၍လည်းကောင်း၊ မသေမချာ ဇဝေဇဝါဖြစ်ခဲ့သည်မှာ ကာလများစွာကြာခဲ့ပြီးဖြစ်ပါသည်။

## မတင်မကျမရှိတော့

ဤသို့ဖြင့် ဆံတော်ရှင် သာသနာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆံတော်ရှင်များ ရောက်ရှိလာသော အချိန်ကာလနှင့် စပ်လျဉ်း၍လည်းကောင်း၊ သုဝဏ္ဏဘူမိ ခေတ်ကာလက မြတ်စွာဘုရား သခင်သည် သုဝဏ္ဏဘူမိသို့ ကြွမကြွ ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ အားလုံးအားလုံးသော ပရိသတ်အပေါင်းတို့သည် မတင်မကျ ရှိခဲ့ကြပါသည်။

## ခိုင်ခိုင်မာမာဖြစ်လာ

နောင်သောအခါ ရှေးဟောင်းသုတေသန ဌာနကြီး

www.burmeseclassic.com

www.burmeseclassic.com


၏ ကောင်းမှု၊ ရှေးဟောင်း သုတေသန ပညာရှင်များ၏ ကောင်းမှု၊ နိုင်ငံတော်၏ ကောင်းမှုတို့ကြောင့် ကံကောင်းသော မြန်မာနိုင်ငံသည် ခိုင်မာသော အမျိုးသားယဉ်ကျေးမှုများ၊ ခိုင်မာသော ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဇာတိမာန်ဆိုင်ရာ အထောက်အထားများ၊ ကမ္ဘာမှာ ဂုဏ်ယူလောက်သော အထောက် အထားများ၊ အခိုင်အမာ တွေ့လာရပါသည်။

## သန်း ၄၀ က မြန်မာ

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးသည် ယခုမှ ပေါ်လာသော ရွှေကြာပင်မဟုတ်။

လွန်ခဲ့သော နှစ်ပေါင်းသန်း (၄၀) ကတည်းက ပေါ်ပေါက်လာကြောင်း အထောက်အထားများကို ပုံတောင်ပုံညာမှ တူးဖော်ရရှိသော သက်သေအထောက်အထားများဖြင့်လည်းကောင်း၊ အခြားအခြားသော ကမ္ဘာက လက်ခံထားသည့် အထောက်အထားများအရ ကြေးခေတ်၊ သံခေတ် စသော ခေတ်ကြီးအသီးသီးတို့နှင့်တကွ ကမ္ဘာမှာ လူသားအစ မြန်မာက ဟူ၍လည်းကောင်း၊ ကမ္ဘာ့လူသားအစ မြန်မာက ဟူ၍လည်းကောင်း၊ ကမ္ဘာ့ရာဇဝင်ကြီး တစ်ခုလုံး အသစ်အသစ်ပြန်လည်၍ ရေးရတော့သည်အထိ ခေတ်သစ် မြန်မာနိုင်ငံတော်ကြီးသည် ကံကောင်းပြီးရင်းကောင်း ဖြစ်နေပါတော့သည်။

## ကံကောင်းလိုက်ပုံက

ဤသို့ဖြင့် အမျိုးဂုဏ်၊ ဘာသာဂုဏ်၊ သာသနာဂုဏ်၊ ဂုဏ်ပေါင်းစုံ ခညောင်းလျက်ရှိရာ ယခုတစ်ဖန် ပုဂံထက် ပို၍ ပို၍ ရှေးကျသော သုဝဏ္ဏဘူမိ အစစ်အမှန် သက်သေအထောက်အထားများ တစ်စပြီးတစ်စ ၊ တစ်ဆင့်ပြီး တစ်ဆင့် ၊ ထပ်မံ၍ ထပ်မံ၍ ၊ တွေ့၍တွေ့၍လာခဲ့ရာ မြန်မာနိုင်ငံကြီး ပို၍ပို၍ ကံကောင်းသည်ဟု ပြောလိုက်သောအခါ ကြွား၍ပြောသည်ထင်လျှင်လည်း ကျွန်တော် အထင်ခံလိုက်ပါတော့မည်။

## ကမ္ဘာမှာပထမ

ဘုရားကိုယ်တော်မြတ်ကြီးပွင့်တော်မူလျှင် ပွင့်တော်မူချင်း၊ ကမ္ဘာပေါ်မှာ ပထမဆုံး ဖူးရသော လူသားမှာလည်း မြန်မာနိုင်ငံမှ တပုဿ၊ ဘလ္လိက ညီနောင်တို့ ဖြစ်ကြောင်းကို ကျမ်းဂန်တွင် အခိုင်အမာ တွေ့ရသော်လည်း ရှင်းတရက် သက်သေမပြနိုင်သယောင်ယောင် ၊ တစ်ချို့က ပြောဆိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


**ရွှေတိဂုံထဲဝင်ခဲ့သူ**

သို့သော်လည်း အာမေနိယံ လူမျိုးတစ်ဦးသည် အကြောင်းအားလျော်စွာ ရွှေတိဂုံဆံတော်ရှင်၏ ဆံတော်တွင်းရှိရာသို့ ရောက်သွားခဲ့ကြောင်းကို ထိုရောက်ခဲ့ဖူးသူက မိမိရောက်ခဲ့ကြောင်း အထောက်အထားများဖြင့် ပြောဆိုခဲ့ပါသည်။

**ကိုယ်တွေ့မျက်မြင်**

ထိုသူသည် ၁၉၀၁ခုနှစ်လောက်က မိမိ၏ ဆံတော်တွင်း ကိုယ်တွေ့ အဖြစ်အပျက်များကို သေသေချာချာ ပြောဆိုခဲ့ကြောင်း ကြေးမုံသတင်းစာတွင် အကျယ်တဝင့် ပါရှိသောအခါ အားလုံးက ယုံကြည်ကြပါသည်။

**အတူတူပဲ**

ထိုသူပြောသမျှတို့သည် ရှေးရှေးက ရှာဖွေတွေ့ရှိထားသော ကျမ်းဂန်အချက်အလက်များနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။

**ဗိုလ်တထောင်ဌာပနာတိုက်ထဲက**

**ဆံတော်အစစ်**

တဖန် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့သော ဗိုလ်တထောင်ဆံတော်ရှင် ဌာပနာတိုက်ကြီးအတွင်းမှာလည်း ဆံတော်ရှင်အစစ်ကို မျက်ဝါးထင်ထင် တူးဖော်ရရှိခဲ့ပြန်ရာ ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင်လျှင် ထိုရွှေမြေကြီးဟု ခေါ်ကြသော သုဝဏ္ဏဘူမိ ရွှေမြေကြီးသည် အမှန်တကယ် ရှိကြောင်း၊ ထိုပုံပြင်ဟုထင်သော အရာများသည်လည်း အမှန်တကယ် ရှိခဲ့ကြောင်း၊ အထောက်အထားများ ဓာတ်ပုံနှင့်တကွ အခိုင်အမာ ပြနိုင်သော အခြေသို့ ရောက်ရှိခဲ့ပါသည်။

**ရှေးကတည်းကရှိခဲ့**

ထိုအချက်တို့ကို ထောက်ထားလျှင် ရှေးသရောအခါကတည်းက မြန်မာနိုင်ငံတော်ကြီးသည် ခိုင်မာသော အမျိုး၊ ဘာသာ၊ သာသနာ ယဉ်ကျေးမှုများ ထွန်းကားခဲ့ကြောင်း အထောက်အထားများ တွေ့ရှိလာရပါတော့သည်။

**ရွှေမော်ဓောဌာပနာတိုက်ကြီး**

**ဖွင့်ခဲ့စဉ်က**

လွန်ခဲ့သော နှစ်အတော်ကြာကြာက ပဲခူး၊ ရွှေမော်ဓော စေတီတော်ကြီးကိုကြီးမှူးပြီး ပြန်လည် တည်ဆောက်မွမ်းမံရာတွင် ရွှေမော်ဓောပြန်လည်တည်ရေး လက်ထောက်အစိုးရကိုယ်စားလှယ် ဦးသက်တင်၏ အစီရင်ခံစာကိုဖတ်လိုက်ရသောအခါ ထခုန်မတတ် ဝမ်းသာရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ဘုရားလက်ထက်ကတည်းက

အဘယ့်ကြောင့်ဆိုသော် ခရစ်တော် မပေါ်ခင် ကတည်းက ပွင့်တော်မူခဲ့သော ဂေါတမဘုရားရှင် သက်တော် ထင်ရှားရှိစဉ်က ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု သမိုင်းဝင် ဆံတော်ရှင်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ သုဝဏ္ဏဘူမိနှင့် စပ်လျဉ်း၍လည်းကောင်း၊ အထောက်အထားများကို ခိုင်ခိုင်မာမာ ပြန်လည်တွေ့ရသောကြောင့် ဖြစ်ပါသည်။

## ပုံပြင်မဟုတ်

သာသနာ သက္ကရာဇ် ၂၃၅ ခုနှစ်တွင် ၊ သုဝဏ္ဏဘူမိတွင် စိုးစံလျှက်ရှိသော ဘုရင်မှာ စူဠသီရိမာသောက ဘုရင်ဖြစ်ကြောင်း ပုံပြင်သဖွယ် ပြောဆိုကြသည်မှာ ရှေးဟောင်းကျလွန်းသောကြောင့် ဖြစ်ပါသည်။

## တစ်ချို့က

တစ်ချို့ကလည်း အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်တို့ ကြွရောက်လာသည်ကို ဇဝေဇဝါ ရှိချင်သယောင်ဖြစ်ပါသည်။

တစ်ချို့ကလည်း စူဠသီရိမာသောကဘုရင်နှင့် စပ်လျဉ်း၍ ဇဝေဇဝါ ရှိပါသည်။ ထိုသို့ ဇဝေဇဝါရှိခြင်းပင်လျှင် သုဝဏ္ဏဘူမိကို ဇဝေဇဝါ ရှိသော သဘောသက်ရောက်နေပါသည်။

## ကျွန်တော်ဝေးဝိုင်

ထိုအချက်ကို ဇာတိမာန်ဂုဏ် မောက်သော ကျွန်တော်က သက်သေပြချင်သော်လည်း ကျွန်တော့်မှာ လက်ဆုပ်လက်ကိုင် မရှိသဖြင့် ဝေးဝိုင်၍သာ နေရပါသည်။

## ရွှေမော်ဓောအစီရင်ခံစာ

### ကျေးဇူး

သို့သော် ယခု ဆရာဦးသက်တင်၏ ရွှေမော်ဓော အစီရင်ခံစာကို ဖတ်ကြည့်လိုက်သောအခါ စူဠသီရိမာ ဘုရင်ကြီး တကယ်ရှိကြောင်း သက်သေမှာ ထိုဘုရင်ကြီးကိုယ်တိုင် မိမိ၏ ပုံတူကို ထုလုပ်၍ ဌာပနာခဲ့ခြင်းဖြစ်ရာ ထိုဌာပနာကို ယခုတဖန် ပြန်လည် တူးဖော်ရရှိသောကြောင့်ဖြစ်ပါသည်။

## တကယ့်ရွှေမြေကြီး

သို့မှသာ ကျွန်တော်တို့၏ သုဝဏ္ဏဘူမိ ရွှေမြေကြီးသည် မည်၍ မည်မျှ အထက်တန်းကျခဲ့ကြောင်း၊ မည်၍မည်မျှ အဆင့်မြင့်ခဲ့ကြောင်း၊ မည်၍မည်မျှ ယဉ်ကျေးမှု ခိုင်မြဲခဲ့ကြောင်း၊ မည်၍ မည်မျှ အမျိုးဘာသာ၊ သာသနာ ပိုမိုထင်ရှားမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထုံးကျောက်ရုပ်တုပုံတူ

ဌာပနာခဲ့

ထိုဘုရင်ကြီး၏ ပုံတူ ထုံးကျောက်ရုပ်တု ဦးခေါင်းနှင့်အတူ ထိုစဉ်က ဌာပနာခဲ့သော ဘီလူးရန်နိုင် ရုပ်ပွားတော် အစစ်ကိုလည်း တူးဖော်ရရှိခဲ့ပြန်ရာ ပို၍ပို၍ ခိုင်မာလာပါတော့သည်။ ဘီလူးရန်နိုင် ဗုဒ္ဓရုပ်ပွားတော်မှာ ဘီလူးခေါင်း ပလ္လင်ထက် ဘူမိဿမုဒြာစံပယ်တော်မူနေသော ပုံဖြစ်ပါသည်။

ကိုယ်တွေ့မျက်မြင်

ရွှေတိဂုံဆံတော်တွင်း

ရွှေတိဂုံဆံတော်ရှင်နှင့် စပ်လျဉ်း၍ အမျိုး၊ ဘာသာ၊ သာသနာ အထောက်အထားများကို ဓမ္မစေတီမင်း ကျောက်စာအရလည်းကောင်း၊ ကိုယ်တွေ့ မျက်မြင် ဆံတော်တွင်းသို့ ရောက်ခဲ့သူ၏ အထောက်အထားများအရလည်းကောင်း၊ ထင်ရှားလောက်ပါသည်။

ကိုယ်တွေ့မျက်မြင်

ဗိုလ်တထောင်ဆံတော်အစစ်



တစ်ဖန် ဗိုလ်တထောင် ဆံတော်ရှင်စေတီတော်ရွှေ ဟောင်းဌာပနာတိုက်မှ တူးဖော်ရရှိသော အထောက်အထား များကိုလည်း ယခုဓာတ်ပုံနှင့်တကွ တင်ပြထားသည်ဖြစ်ရာ လုံလောက်နေပါတော့သည်။

ကိုယ်တွေ့မျက်မြင်

ရွှေမော်ဓောဌာပနာတိုက်

တဖန် ပဲခူး ရွှေမော်ဓောစေတီတော် မူလပထမ ဌာပနာတိုက်အတွင်းမှ ရရှိသော စူဠာသီရိမာသောက ရုပ်တု တော်နှင့် ဘီလူးရန်နိုင် ရုပ်တုတော်များကိုလည်း ယခုဓါတ် ပုံနှင့်တကွ တင်ပြထားသည်ဖြစ်ရာ လုံလောက်နေပါတော့ သည်။

ကိုယ်တွေ့မျက်မြင်

အစီရင်ခံစာ

ကိုယ်တိုင်ကိုယ်ကျ တူးဖော်ခဲ့သော ဦးသက်တင် ၏ အစီရင်ခံစာကို အောက်တွင် ဖော်ပြထားပါသည်။ မှရင်း အတိုင်း ဖတ်ရှုသိစေချင်ပါသည်။

'ယခုသွားလာနေကြသော ဘိုးတော်မင်းတရား ၏ မော်ဓောရင်ပြင်ရှစ်မျက်နှာ ပထမ ပန်းတင်ခုံ အရင်းတွင် ရင်ပြင်အောက် ၁၃ ပေ ၆ လက်မ

www.burmeseclassic.com

www.burmeseclassic.com


နက်အောင် ကျောင်းကြီး ကျောင်းငယ် ၃၂ ခုကို တူးကြရာ ရှေးအဆောက်အဦးများနှင့် ပစ္စည်းများအတွက် ကျွန်တော်ကြီးကြပ်တူးဖော်ခဲ့သည်။'

ဤသို့ဖြင့် ကိုယ်တွေ့မျက်မြင် ဆရာဦးသက်တင်၏ အစီရင်ခံစာမှာ အလွန်ခိုင်လုံလှပါသည်။

'သမိုင်းတွင် ဖော်ပြပြီးခဲ့သော အချက်အလက်များသည် မှန်ကန်သည်ဟု သက်သေခံဘိသကဲ့သို့ ရှေးရင်ပြင်များနှင့် အဆောက်အဦများသည် ပေါ်လာကြပေသည်။

ဘိုးတော်မင်းတရား၏ ရင်ပြင်အောက် ၂ ပေ ၄ လက်မတွင် ဘုရင့်နောင်၏ သက္ကရာဇ် ၉၂၉ ခု၊ (သာသနာနှစ် ၂၁၁၁) တွင် ခင်းခဲ့သည့် သဲကျောက်ညိုပြား ရင်ပြင်တော်ကို တွေ့ရ၏။

ဘုရင့်နောင်၏ ရင်ပြင်အောက် ၁ ပေ ၂ လက်မ တွင် ဓမ္မစေတီမင်း၏ သက္ကရာဇ် ၈၃၂ (သာသနာနှစ် ၂၀၁၄) တွင် ခင်းခဲ့သော ထုံးကျောက်ဖြူပြားရင်ပြင်ကို တွေ့ရသည်။

ဤရင်ပြင်အောက်တွင် ကပ်လျက်၊ ဗညားဦး၏ သက္ကရာဇ် ၇၁၄ ခု (သာသနာနှစ် ၁၈၉၆) တွင် ခင်းခဲ့သော အုတ်ရင်ပြင်ကို တွေ့ရ၏။'

'ဗညားဦး ရင်ပြင်အောက် ဆက်လက်တူးရာ အရှေ့မျက်နှာမြောက်ယွန်းကျောင်းထဲတွင် ရှေးဂန္ဓကုဋိတိုက် တစ်ခု၏ ခုံတုံးကို တွေ့ရသည်။

အရှေ့နှင့် အရှေ့တောင် မျက်နှာဆုံရာ ထောင့်ကျောင်းတွင် ဒုတိယ ဂန္ဓကုဋိတိုက် တစ်ခု၏ ခုံတုံးကို တွေ့ရသည်။

အရှေ့တောင်နှင့် တောင်မျက်နှာ ဆုံရာ ထောင့်ကျောင်းတွင် ထူပါရုံ ဂဝံ ကျောက်စေတီ တစ်ဆူ၏ အောက်ပိုင်းကို တွေ့ရသည်။

တောင်မျက်နှာ အလယ်ကျောင်းတွင် ဒုတိယ ထူပါရုံ ဂဝံကျောက်စေတီ တစ်ဆူ၏ အောက်ပိုင်းကို တွေ့ရ၏။ တောင်မျက်နှာနှင့် အနောက်တောင်ဆုံရာ ထောင့်ကျောင်းတွင် တင်ပလ္လင်ခွေ ဗုဒ္ဓရုပ်ပွားတည်ခဲ့ ဘူးသော အုတ်ပလ္လင်ကို တွေ့ရ၏။'

'ဗညားဦး၏ ရင်ပြင်အောက် ၁၂ ပေ ၆ လက်မတွင် စူဠသိရိမာသောကမင်း၏ သာသနာနှစ် ၂၃၇ တွင် ခင်းခဲ့သော ပထမ ရင်ပြင်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုင်း၌ တွေ့ရသည်။'

'ဗညားဦးမင်း လက်ထက်တွင် အသစ်ပြန်မ ဖြစ်ဘဲ၊ တိမ်မြှုပ်သွားရသော ရှေးအဆောက်အဦး များ ပြန်ပေါ်လာရခြင်းသည် ပါးစပ်ရာဇဝင် ဆရာများ၏ မခိုင်မာသော ယုံတမ်းစကား အရေး အသားများကြောင့် အမှောင်သို့ ရောက်နေရ သော မော်စောသမိုင်းကို အလင်းပေးဘိသကဲ့သို့ ဖြစ်ပေသည်။'

'မော်ကွန်းထိုးထားသော ငွေ၊ ကြေး၊ ခဲ၊ ထုံး ကျောက်၊ အုတ်ပြားပေါင်း ၄၇၈ ချပ်လည်း ပေါ် လာခဲ့၏။ ထိုးထားသော စာများကား ပျူ၊ မြန်မာ၊ မွန်၊ သက္ကတ၊ ပါဠိ၊ ယိုးဒယား၊ ကမ္ဘောဒီးယား များဖြစ်ကြသည်။ ဘုရားနှင့် ရဟန္တာ ဓာတ်တော် ပေါင်း ၂၀၀ခန့် ကိုလည်း ရွှေ၊ ငွေ၊ ကြေး၊ ဆင်စွယ် ကြုတ်များနှင့် ထည့်လျက် တူးဖော်ရရှိခဲ့ ပေသည်။'

'နှစ်ပေါင်း ၂၂၀၀ အတွင်း မြန်မာ့ယဉ်ကျေးမှု နှင့် သက်ဆိုင်သည့် ပေါ်တော်မူများနှင့် ပစ္စည်း များကို ချန်လှပ်၍ ရွှေမော်စောပြတိုက် ထူထောင်



ကာ ပြသထားသည်။ ကျန်ရုပ်ပွားများနှင့် ပစ္စည်း များကို ပြန်လည် ဌာပနာလိုက်လေသည်။'

'ဘိုးတော် မင်းတရား၏ ပန်းတင်ခုံများ၏ အုတ်ရိုးကို ဖြတ်၍ သံမှိုးခဲ ကျောက်တုံးအင်္ဂတေ လောင်းရန် မြောင်း ၃၂ ခုကို တူးရာတွင် ဌာပနာ တိုက်ခန်းငယ် ၁၆ ခု ပွင့်လာသည်။'

'ပထမ ပန်းတင်ခုံ မြောက်မျက်နှာအလယ် တည့်တည့် ဌာပနာ တိုက်ခန်းမှ ရွှေမော်စော၏ ပထမ ဒါယကာ သထုံမင်း စူဠသီရိမာသောက လှူဒါန်းခဲ့သော ဘီလူးရန်နိုင် ရုပ်ပွားနှင့် အခြား ဗုဒ္ဓရုပ်ပွား ၂၁၆ ဆူ တူးဖော်ရရှိသည်။'

'ဗုဒ္ဓရုပ်ပွားများအပြင် စူဠသီရိမာသောက၏ ရုပ်ပွား၊ ဗညားဦး၊ ဓမ္မစေတီမင်း၊ ဘုရင့်နောင်၊ နန္ဒမင်း၊ ဘိုးတော်မင်းတရား စသော ဘုရား ဒါယကာများ၏ ရုပ်ပွားများကိုလည်း တူးဖော်ရရှိ ခဲ့ပေသည်။'

'အနောက်မြောက်မျက်နှာဆုံးရာ ထောင့်ချောင်း ကြီးထဲတွင် အခြား ဂန္ဓကုဋိ တစ်ခု၏ အုတ်ခုံတုံး ကို တွေ့ရပြန်သည်။ အနောက်မြောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

မြောက်အရပ်ဆုံးရှာ ထောင့်ကျင်းထဲတွင် နောက်ထပ် ဂန္ဓကုဋီ တစ်ခု၏ ခုတုံးကို တွေ့ရသေး၏။'

'မြောက်မျက်နှာ အလယ်ကျင်းမှ တပင် ရွှေထီးမင်း၏ မိဖုရားကြီး အရှပ်ထုထားသော ဂဝံကျောက်တိုင်ကို တူးဖော်ရရှိ၏။ မြောက်နှင့် အရှေ့မြောက်မျက်နှာဆိုင်ရာ ထောင့်ကျင်းကြီးထဲ၌ သင်တိုင်းစေတီခေတ်က လက်ရာများဖြစ်ကြောင်း သိရသည်။'

'ထို့နောက် ခေါင်းလောင်းပုံအပျက်ကို ကြေးဝိုင်း အထိ ဖြိုညှိရာဝယ် ဌာပနာတိုက်ခန်း ၂၃ ခု ပွင့်လာသည်။ ပေါ်သမျှ ရုပ်ပွားများ၏ အရေအတွက်မှာ ကျောက်ဘုရားရုပ်ပွား ၂၄၅၇ ဆူ၊ ကြေးဘုရားရုပ်ပွား ၁၃၈၄၊ ငွေဘုရားရုပ်ပွား ၁၀၃၆၊ ရွှေခတ်ရုပ်ပွား ၂၇ဆူ၊ ရွှေသွန်းရုပ်ပွား ၃ဆူ၊ ခဲရုပ်ပွား၊ ၁၃၈၁၊ ပယင်းဗုဒ္ဓရုပ်ပွား ၃၆ဆူ၊ ဖလ်ဗုဒ္ဓရုပ်ပွား ၅ဆူ၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွား ၂ဆူ၊ ဆင်စွယ် ဗုဒ္ဓရုပ်ပွား ၃၊ သားရိုး ဗုဒ္ဓရုပ်ပွား ၁၈ဆူ၊ စုစုပေါင်း ဗုဒ္ဓရုပ်ပွား ၁၉၀၂၂ ဆူ တူးဖော်ရရှိခဲ့၏။'



'ထိုရုပ်ပွားများသည် သာသနာနှစ် ၂၃၇ မှစ၍ သာသနာနှစ် ၂၄၆၆ အတွင်း အကြမ်းအားဖြင့် ခေတ်ပေါင်း ၂၄ ခု၏ယဉ်ကျေးမှု အမွေအနှစ်များပေတည်း။'

'သက္ကရာဇ် ၇၀၀ လျှင်ကြောင့် လှိုင်းကဲ့သို့ အချိုင့်အခုံးဖြစ်နေလေပြီ။ ဗညားဦး၏ ရင်ပြင်အောက် ၁၂ ပေ ၆ လက်မတွင် စူဠသိရိမာသောက မင်း၏ သာသနာနှစ် ၂၃၇ တွင် ခင်းခဲ့သော ပထမရင်ပြင်ကို ကျင်းတိုင်း၌ တွေ့ရသည်။'

'ဗညားဦးမင်းလက်ထက်တွင် အသစ်ပြန်မဖြစ်ဘဲ၊ တိမ်မြုပ်သွားရသော ရှေးအဆောက်အဦများ ပြန်ပေါ်လာရခြင်းသည် ပါးစပ်ရာဇဝင်ဆရာများ၏ မခိုင်မာသော ယုံတမ်းစကားအရေး အသားများကြောင့် အမှောင်သို့ ရောက်နေရသော မော်ဓောသမိုင်းကို အလင်းပေးဘိသကဲ့သို့ဖြစ်ပေသည်။'

'ဘိုးတော် မင်းတရား၏ ပန်းတင်ခုံများ၏ အုတ်ရိုးကိုဖြတ်၍ သံရိုးခံ ကျောက်ကျင်ဆင်တော

www.burmeseclassic.com



လောင်းရန် မြောင်း ၃၂ ခုကို တူးရာတွင် ဌာပနာ တိုက်ခန်းငယ် ၁၆ ခု ပွင့်လာသည်။ ပထမ ပန်း တင်ခုံ မြောက်မျက်နှာ အလယ်တည့်တည့် ဌာပနာ တိုက်ခန်းမှ ရွှေမော်စော၏ ပထမ ဒါယ ကာ သထုံမင်း စူဠသိရိမာသောက လှူဒါန်း ခဲ့သော ဘီလူးရန်နိုင် ရုပ်ပွားနှင့် အခြားဗုဒ္ဓရုပ်ပွား ၂၁၆ ဆူ တူးဖော် ရရှိသည်။'

'ယင်းပန်းတင်ခုံ အရှေ့မျက်နှာအလယ်တည့် တည့် ဌာပနာတိုက်ခန်းမှ ဘုရင့်နောင်၏ သမီး တော် ရာဇဓာတုကလျာ လှူခဲ့သော ရွှေချ ကျောက်ပျဉ်ကို တူးဖော် ရရှိခဲ့၏။'

'ယင်းပန်းတင်ခုံတောင် မျက်နှာအလယ်တည့် တည့် ဌာပနာတိုက်မှ အသောကမင်းကြီးခေတ် စာလုံးများ ထွင်းထားသော ဗုဒ္ဓရုပ်ပွားနှင့် အခြား ဆင်းတု ၃၀၂ ဆူ၊ ဘုရားရှင်ဓာတ်တော် ၅၆ ဆူ တို့ကို တူးဖော်ရရှိခဲ့သည်။ ကျန် ဌာပနာ တိုက်ခန်း ၁၃ ခုမှလည်း ဆင်းတုများစွာပေါ်လာ၏။'

'ထို့နောက် ခေါင်းလောင်းပုံအပျက်ကို ကြေး ဝိုင်းထိ ဖြိုညှိရာဝယ် ဌာပနာတိုက်ခန်း ၂၃ ခု ပွင့်လာသည်။ ပေါ်သမျှရုပ်ပွားတော်များမှာ အရေအတွက် ကျောက်ရုပ်ပွား ၂၄၅၇ ဖြစ် ကြောင်း၊ ရွှေခတ် ရုပ်ပွားတော် ၂၇ ဆူဖြစ် ကြောင်း၊ ခဲရုပ်ပွား ၁၃၈၁ ဖြစ်ကြောင်း၊ ပယင်း ဗုဒ္ဓရုပ်ပွား ၃၆ ဖြစ်ကြောင်း၊ ဖန်ဗုဒ္ဓရုပ်ပွား ၅ ဖြစ်ကြောင်း၊ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွား ၂ ဖြစ် ကြောင်း၊ ဆင်စွယ်ဗုဒ္ဓရုပ်ပွား ၃ ဖြစ်ကြောင်း၊ စုစုပေါင်း ဗုဒ္ဓရုပ်ပွား ၁၉၀၂၂ ဆူတူးဖော်ရရှိ ကြောင်း တွေ့ရှိကြရာ ထိုရုပ်ပွားတော်များ၏ ဆက်စပ်နေသော သမိုင်းကြောင်းသည် ဗုဒ္ဓ ဘုရားပွင့်တော်မူသည့် ကာလမှစ၍ ယနေ့အထိ ဖြစ်ပေရာ နှစ်ပေါင်း (၃၀၀၀) ပတ်ဝန်းကျင် ကြာ ညောင်းခဲ့ပြီဟု သိရှိနိုင်ပါသည်။'

ဤသို့ဖြင့် ကထိကဆရာဦးသက်တင်၏ ကိုယ်တွေ့ မျက်မြင် အစီရင်ခံစာ၏ ခိုင်မာတိကျပုံ သုတေသနကို သိကြရပြီးဖြစ်ပါသည်။ အကျိုးကား သုဝဏ္ဏဘူမိတွင် နန်းစံ သော စူဠသိရိမာသောက မင်းကြီး၏ ခိုင်မာမှုနှင့်တကွ ဆံတော်ရှင် သာသနာ၏ ခိုင်မာမှုတို့ကိုပါ တိတိကျကျ သိကြရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပေါင်း ၂၄ ခေတ်

တွေ့ရှိ

အထူးသဖြင့် သာသနာနှစ် ၂၃၇ (အရှင် သောဏ ထေရ်နှင့် အရှင်ဥတ္တရထေရ်တို့ လက်ထက်မစရှိ) ရေတွက်သည်ရှိသော် သာသနာယဉ်ကျေးမှုအမွေ သက်တမ်းမှာ နှစ်ပေါင်း ၂၅၀၀ ကျော်ပြီးဖြစ်ကြောင်း သိရှိနိုင်ရာ ခေတ်ပေါင်း ၂၄ ခေတ်၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြောင်း ဆရာ ဦးသက်တင်၏ အစီရင်ခံစာအရ သိရှိနိုင်ပါသည်။

အမျိုးဂုဏ်၊ ဘာသာဂုဏ်၊ သာသနာဂုဏ်၊ ဇာတိမာန်ဂုဏ်အတွက် အထောက်အထားများ ဖြစ်ပါသည်။

ဘုရင်နှစ်ဦးအမည်တူနေ

သုဝဏ္ဏဘူမိသထုံရာဇဝင်တွင် သီရိမာသောကဟူသော အမည်တူ ဘုရင်နှစ်ဦး ရှိနေပေသည်။ သီရိဓမ္မာသောကဟူသော အမည်နှင့်ခပ်ဆင်ဆင်ဖြစ်ရာ အိန္ဒိယမှာ သီရိဓမ္မာသောက၊ မြန်မာပြည်မှာ သီရိမာသောက ဟူ၍ ခွဲခြားသိရှိနိုင်ပါသည်။

သီရိမာသောက

ဘုရင်နှစ်ပါးရှိ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သုဝဏ္ဏဘူမိမှာ စိုးစံခဲ့သော ဘုရင်ကို မဟာသီရိမာသောကမင်းဟူ၍ 'မဟာ'တပ်ကာ ခေါ်ဝေါ်ကြသည်။ အရှင်သောဏ နှင့် အရှင်ဥတ္တရမထေရ်တို့ ကြွလာစဉ်က စိုးစံခဲ့သော သီရိမာသောကမင်းကို စူဠသီရိမာသောကမင်းဟူ၍ 'စူဠ'တပ်ကာ ခေါ်ဝေါ်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

ဘီလူးနိုင်ရုပ်ပွားတော်

၃၃ ဆူ

ယခုမိမိမျက်နှာ ရုပ်ပွားထုခဲ့သော ဘုရင်မှာ စူဠသီရိမာသောကဘုရင်ဖြစ်သည်။ ထိုဘုရင်သည်ပင် ဘီလူး ရန်နိုင်ရုပ်ပွား ဒကာဖြစ်သည်။ ထိုဘုရင်သည်ပင် ဘီလူးရန်နိုင် ရုပ်ပွားကို ထုလုပ်ခဲ့ရကား အခြားအခြားသော ဘီလူးရန်နိုင်ရုပ်ပွားများသည် အခြားအခြားသော နေရာများတွင် နောက်ထပ် ရှိနိုင်သေးကြောင်း ခန့်မှန်းနိုင်ပါသည်။

လူမသိသောရွှေတိဂုံ

ထိုဘုရင်လက်ထက်တွင် ဥတ္တလာပမင်းကြီး တည်ခဲ့သော ရွှေတိဂုံဆံတော်ရှင် စေတီတော်ကြီးမှာလည်း ခါးနှင့်ပိတ်ပေါင်းများ ထုထပ်လျက် တိမ်ကောပျက်စီးကာနေကြောင်း သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### ရေကြောင်းမှတစ်ဆင့်

ထို့ကြောင့် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့၏ လမ်းညွှန်ချက်အဖြစ် ထိုစဉ်သီရိမာသောကမင်းသည် ရွှေတိဂုံစေတီတော်အထိ ရေကြောင်းခရီးမှ ချီတက်လာကြောင်း၊ ခြုံနွယ်များခုတ်ထွင်ကြောင်း၊ ရွှေတိဂုံဆံတော်ရှင်ကို အသစ်ထပ်မံတည်ဆောက်ကြောင်း သိရှိရပါသည်။

### ပြန်ရွှေ့ပွင့်လင်း

တစ်ပြိုင်တည်းမှာပင် ထိုဘုရင်သည် ဆံတော်ရှင်ဌာပနာရာနေရာများကို လှည့်လည်လျှက် အရှင်သောဏနှင့် ဥတ္တရမထေရ်တို့၏ ညွှန်ကြားမှုဖြင့် သုဝဏ္ဏဘူမိ နေပြည်တော်အတွင်း ဆံတော်ရှင်သာသနာကြီးကို ပြုတော်မူသည်။

### ကျိုက်တဲ ၊ ကေလာသကျိုက်တလန် ၊ ကျိုက္ကသာ

ဆံတော်ရှင်ကျိုက်တဲနှင့် ဆံတော်ရှင်ကေလာသဘုရားပါမကျန် ကျိုက်တလန် ဆံတော်ရှင် စသည့်အပါအဝင် ဆံတော်ရှင်သာသနာကို ပြုတော်မူကြောင်း သိရပါသည်။ ထိုဘုရင်လက်ထက် တည်ဆောက်ခဲ့သော ဗုဒ္ဓမြတ်စွာ၏ သွားတော်မြတ် စေတီ (၃၃)ဆူ စာရင်းကိုလည်း သိရှိရပါသည်။ ထိုဆံတော်ရှင်များစာရင်းတွင် ကေလာသနှင့်တကွ ဘီးလင်း သောဏုတ္တရအပါအဝင် ကျိုက္ကသာ မြို့ရိုးဟောင်းများအထိ နေရာအနှံ့အပြား တွေ့ရှိရပါသည်။

### မဓဝါသက်သေ

ပဲခူးမြို့ မဓဝါစေတီတော်ကိုလည်း ပြုပြင်တည်ဆောက်ခဲ့ရာ ထိုမဓဝါစေတီတော်၏ ကျောက်စာမှာ သုဝဏ္ဏဘူမိ သမိုင်းအခိုင်အလုံအထောက်အထား ဖြစ်ပါသည်။ ထိုကျောက်စာမူရင်းကို အောက်တွင် ပူးတွဲတင်ပြပါသည်။ ဖတ်ရှုတော်မူပါ။

### မဓဝါ ကျောက်စေတီ သမိုင်း

'ငါတို့ မြတ်စွာဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ဘုရားဆုကို တောင်းတော်မူပြီး၍ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေကာလပတ်လုံး အစဉ်သဖြင့် အမျှသုံးဆယ်သော ပါရမီဟု ဆိုအပ်သော သဗ္ဗညုတဉာဏ်တော် အဆောက်အဦတို့ကို ဖြည့်တော်မူ၍ ထိုပါရမီ တရားတို့၏ အပြီးသို့ရောက်သဖြင့် ကဆုန်လပြည့်နေ့ ဗောဓိပင်ရင်း၌ အပရာဇိတ ပလ္လင်သို့ ကပ်တော်မူ၍ အလွန်ဖျက်နိုင်ခဲသော

www.burmeseclassic.com



မာရ်စစ်သည်ကို ဖျက်တော်မူ၍ မနိုင်းရှည့် နိုင်သော ကျေးဇူးအပေါင်း တန်ဆာဆင်အပ်သော သဗ္ဗညု တဉာဏ်ဟု ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။'

'ထို့နောက် ရှစ်ဝါမြောက်၌ သတ္တဝါအပေါင်းတို့အား သနားတော်မူသဖြင့် ဒေသစာရီ ကြွတော်မူသည်ရှိသော် ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သို့ ရောက်တော်မူလေ၏။ ထိုအခါ အရှင် ဂဝံပတိမထေရ်သည် သထုံမြို့ကျေး၌ ဆွေမျိုးဖြစ်ခဲ့ဘူးသော လူအပေါင်းကို မြင်တော်မူ၍ သနားတော်မူသဖြင့် မြတ်စွာဘုရားကို ပန်ကြား၍ မိထိလာမြို့မှ ဒေသစာရီ ကြွတော်မူလာပြီးလျှင် ဆွေမျိုးဖြစ်ဘူးသော လူအပေါင်းတို့အား ဆုံးမပြီးလျှင် ပြန်ခဲ့၍ ရှေးဆွေမျိုးဖြစ်ဘူးသော သထုံပြည်၌ သီရိမာသောကမင်းအား အလွန်နှစ်သက်အံ့သြဖွယ်ရှိသော တရားစကားဖြင့် ဆုံးမသည်။'

'သီရိမာသောကမင်းသည် အထူးထူး အသွယ်သွယ် ဆန်းကြယ်နက်နဲသော တရားစကားကို ကြားရလျှင် ဘုရားသခင် သာသနာတော်၌ လွန်စွာကြည်ညိုခြင်းဖြစ်၍ ဘုရားသခင်အား ဖူးမြင်ရမည့်အကြောင်းကို အရှင်ဂဝံပတိမထေရ်အား လျှောက်ကြား တောင်းပန်သည်။'

'အရှင်ဂဝံပတိလည်း ကောင်းကင်ဖြင့် ကြွ၍ မိထိလာမြို့သို့ရောက်လျှင် မြတ်စွာဘုရားအား အလုံးစုံသော အကြောင်းအရာကို ကြားလျှောက်၍ သထုံမြို့သို့ ကြွတော်မူပါမည့်အကြောင်းကို တောင်းပန်သည်။'

'မြတ်စွာဘုရားသည် မဟာကရုဏာဖြင့် တိုက်တွန်းအပ်သော နှလုံးရှိသည်ဖြစ်၍ နှစ်သောင်းသော ရဟန္တာအပေါင်းခြံရံလျက် ကောင်းကင်ခရီးဖြင့် သထုံမြို့သို့ ကြွတော်မူလာသည်။'

'သီရိမာသောကမင်းသည် အရှင်ဂဝံပတိမထေရ်သည် ရဟန္တာနှစ်သောင်းနှင့်တကွ မြတ်စွာဘုရားဆောင်ယူ၍ ကြွလာသည်ဟူ၍ ကြားလျှင် အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုပြီးလျှင် သထုံမြို့နှင့်မနီးမဝေးသောအရပ်၌ မဏ္ဍပ်ကြီးစွာဆောက်၍

www.burmeseclassic.com

www.burmeseclassic.com



အထူးထူးအပြားပြား ဆန်းကြယ်စွာ တန်ဆာဆင်၍ ဘုရားသခင်အား ထိုက်သော သီဟာသန နေရာ ရဟန္တာတို့အား ထိုက်သော ကောင်းမြတ်သော နေရာတို့ကို ခင်းစေပြီးလျှင် ရဟန္တာ နှစ်သောင်းနှင့်တကွ ဘုရားသခင်ကို သီတင်းသုံးနေစေ၍ ခုနစ်ရက်ပတ်လုံး အထူးထူး အပြားပြား များစွာသော ပန်း၊ နံ့သာ၊ ဆီမီး၊ အခိုးအထုံ၊ သင်္ကန်း၊ ဆွမ်း၊ ဆေးပစ္စည်းတို့ဖြင့် ရောင့်ရဲစေ၍ အလှူကြီးပေးသည်။’

‘မြတ်စွာဘုရားလည်း သီရိမာသောကမင်း အမှူးရှိသော လူအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေးတော်မူသည်။ ၇-ရက်လွန်လျှင် မဇ္ဈိမ ဒေသသို့ ပြန်တော့မည်ဟူ၍ အမိန့်တော်ရှိသည်။’

‘ထိုအခါ သထုံမြို့၌ ရသေ့ခြောက်ဦးတို့သည် မြတ်စွာဘုရား ပြန်တော်မူမည့်အကြောင်းကို ကြား၍ အဆောတလျင် လာရောက်ပြီးလျှင် လွန်စွာနှစ်သက်ဖွယ်ရှိသော ကျက်သရေဖြင့် တင့်တယ်ခြင်း၊ အထွတ်စမ္ပါယ်ခြင်းသို့ ရောက်သော မြတ်စွာဘုရားအဆင်းတော်ကို မြင်ရသဖြင့် လည်းကောင်း၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော၊ ကြား၍ မရောင့် ရဲနိုင်အောင် ကရဝိက်ငှက်မင်း ပြဟ္မာမင်းတို့၏ အသံထက် ဆထက်ထောင်ရာ သာယာချမ်းမြေ့လှစွာသော တရားသံကို ကြားနာရသဖြင့် လည်းကောင်း၊ သဒ္ဓါနှစ်သက်ခြင်း ပြင်းစွာဖြစ်၍ မပြတ်ပူဇော်ရာ တစ်စုံတစ်ခု ပေးပါမည့် အကြောင်းကို မြတ်စွာဘုရားအား တောင်းပန်ကုန်သည်။’

‘မြတ်စွာဘုရား လည်း ရသေ့ခြောက်ဦးတို့အား သနားတော်မူသဖြင့် လက်ျာလက်တော်ဖြင့် ဦးခေါင်းကို သုံးသပ်တော်မူ၍ ဆံတော်ဓာတ် ခြောက်ချောင်းတို့ကို ပေးအပ်တော်မူသည်။’

‘ထိုသို့ ပေးအပ်သည်ကို သထုံပြည်ကို အစိုးရသော သီရိမာသောကမင်းမြင်လျှင် အကျွန်ုပ်အားလည်း ဆံတော်ဓာတ် ပေးသနားတော်မူပါဟူ၍ တောင်းပန်သည်။ မြတ်စွာဘုရားသည် ‘မင်းကြီး ဆံတော်ဓာတ်ကို မပေးအပ်သင့်သေး နောင်အခါ ၃၇-နှစ်လွန်၍ ငါပရိနိဗ္ဗာန်ပြုတော်မူလျှင်

www.burmeseclassic.com

www.burmeseclassic.com


ငါဓိဋ္ဌာန်တော်မူခဲ့သည့် အတိုင်း ၃၃-ချောင်းသော သွားတော်ဓာတ်တော်တို့ကို ထင်းပုံမှ ထုတ်၍ ဂဝံပတိ မထေရ် ဆောင်ယူခဲ့လိမ့်မည်။ ထိုသွားတော်ဓာတ်တို့ကို ပူဇော်ရလတ္တံ့သည်ဖြစ်၍ ဆံတော်ဓာတ်ကို ငါမပေးသည်' ဟူ၍ အမိန့်တော်ရှိသည်။'

'ထိုသို့ မိန့်တော်မူပြီးလျှင် နောင်အခါ ရာမညတိုင်း၌ သာသနာတော်တည်ခြင်း၊ သတ္တဝါတို့၏ ချမ်းသာခြင်း၊ အကျိုးငှာ ၁၃-ရပ်တို့၌ ဖလသမာပတ် ဝင်စားတော်မူပြီးလျှင် ရဟန္တာနှစ်သောင်းခြံရံလျက် မဇ္ဈိမဒေသအရပ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ၃၇- နှစ် ပတ်လုံး အကြွင်းမရှိ ဘုရားကိစ္စကို ပြီးစေ၍ ဂဝံပတိမထေရ်အား သထုံမြို့သို့ ၃၃-ချောင်းသော သွားတော်၊ ဓာတ်တော်တို့ကို ဆောင်ယူရမည့် အကြောင်းကို ဝန်ပြုတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူသည်။'

'အရှင်ဂဝံတိမထေရ်လည်း မြတ်စွာဘုရား အဓိဋ္ဌာန်တော်မူသည့်အတိုင်း ၃၃-ချောင်းသော သွားတော်၊ ဓာတ် တို့ကို ထင်းပုံမှ ဆောင်ယူပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွ၍ သထုံမြို့၌ သီရိမာသောကမင်းအား ပေးအပ်သည်။ သီရိမာသောကမင်းလည်း ၃၃-ဆူသော သွားတော်ဓာတ်တို့ကိုရလျှင် ကောင်းစွာနှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍များစွာသော လူအပေါင်းနှင့် သက်တော်ထင်ရှား ဘုရားကြွတော် မူလာသောအခါ ၇-ရက်ပတ်လုံး သုံးဆောင်တော်မူသော အရပ်သို့သွား၍ သိကြားမင်းစေတီအထွတ်၌ ၃၃-တိုက် လုပ်၍ ဓာတ်တော်တို့ကို ဆေးကြောစရာ တွင်းနှစ်တွင်း တူးစေ၍ ၃၃-ဆူသော ကျောက်စေတီငယ်လုပ်၍ ပူဇော်လေ၏။'

'ထိုဓာတ်တော်တို့ကို ဆေးကြောသော တွင်းသည် ယနေ့ထက်တိုင်အောင် ကောင်းသောအနံ့ရှိသော ရေနှင့်ပြည့်စုံသည်။ ဤသို့လျှင် သီရိမာသောကမင်းသည် ၃၃-ဆူသော သွားတော်ဓာတ်တို့ကို ကိုးကွယ်ပူဇော်လျက် အလှူပေးခြင်း သီလဆောက်တည်ခြင်း ကုသိုလ်ကောင်းမှုပြု၍ အသက်အတိုင်း နေပြီးလျှင် နတ်ရွာသုဂတိဘုံ၌ ဖြစ်လေသည်။'

www.burmeseclassic.com

www.burmeseclassic.com

‘များစွာသော လူတို့သည် ၃၃-ဆူသော ကျောက်စေတီတို့ကို ရှိခိုးပူဇော်သည်။ နောက်ကာလရှည်မြင့်သဖြင့် လူသူ အသွားအလာ ရှိခိုးပူဇော်ခြင်း အဆက်ပြတ်၍ ထို ၃၃-ဆူသော စေတီတို့ကို မသိကြကုန်ပြီ တောချုံဖုံးအုပ်၍ ရှိလေသည်။’

‘မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည့်နောက် ၂၃၆ ခုနှစ်၌ ရှင်သောဏဥတ္တရ မထေရ်နှစ်ဦးတို့ လာရောက်၍ သီရိမာသောကမင်း အမှူးရှိသော များစွာသော လူအပေါင်းအား ဗြဟ္မဇာလသုတ်ကို ဟောရာတွင် သရဏဂုံ ပဉ္စသီတည်ကြသည်၊ ခြောက်သောင်းသော သူတို့သည် မဂ်ဖိုလ်တရားကို ရကုန်သည်။’

‘ယောကျ်ားပျို ၂၅၀၀၀၊ မိမ္ဗပျို ၁၅၀၀ တို့လည်း ရဟန်းပြုကုန်သည်။’

‘ထိုအခါ သီရိမာသောကမင်းသည် သာသနာ၌ လွန်စွာကြည်ညိုခြင်းဖြစ်၍ ရှင်သောဏဥတ္တရ မထေရ်နှစ်ဦးတို့အား ‘အရှင်ဘုရားတို့ တရားရတနာ သံဃာရတနာတို့ကို ကိုးကွယ်ရကုန်ပြီ။



ဘုရားရတနာကို ထင်ရှားမကိုးကွယ်ရသေး၊ ကိုးကွယ်ရမည့်အကြောင်းကို လုံ့လပြုတော်မူပါ’ ဟူ၍ တောင်းပန်သည်။ မထေရ်နှစ်ဦးတို့လည်း အရှင်ဂဝံပတိ ဆောင်ယူလေသော ၃၃-ဆူသော သွားတော်ဓာတ်တို့၏ ရှေးသီရိမာသောကမင်းသည် ကျောက်စေတီတည်ထားသော အရပ်တို့ကို ပြကုန်သည်။’

‘သီရိမာသောကမင်းလည်း ၃၃-ဆူသော စေတီတို့မှ ထုတ်ယူခဲ့၍ တိုက်ကုလားမြို့ အရှေ့မြောက်ထောင့် မနီးမဝေးသောအရပ်၌ ရွှေတိုက် ၃၃-ဆူလုပ်၍ ထိုတိုက်တို့၌ ၃၃-လုံးသော ရွှေဖျဉ်းတို့ကို နံ့သာမှုန့်တို့ဖြင့် ပြည့်စေ၍ ပြည့်စေပြီးလျှင် ၃၃-ဆူသော သွားတော်ဓာတ်တော်တို့ကို ဌာပနာပြီးလျှင် ‘မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား အစီးအပွား တို့ဖြင့် ချစ်သနားတော်မူသည်။’

‘ဤဓာတ်တော်တို့သည် ဘုရားသခင်၏ ဓာတ်တော်စင်စစ် မှန်သည်ဖြစ်အံ့၊ ရွှေဖျဉ်းနှင့်တကွ ထိုထိုသော အရပ်၌ သတ္တဝါတို့၏ စီးပွား

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအလို့ငှာ သာသနာတော်ကွယ်သည့်တိုင်အောင် တည်စေသတည်း ဟူ၍ သိရိမာသောကမင်း ဆုတောင်း ပဋ္ဌာနာပြုသည်။ ဆုတောင်း ပဋ္ဌာနာပြုသည်၏ အခြားမဲ့၌ ၃၃-ဆူသောသွား တော်ဓာတ်တို့ကို ရွှေဖျဉ်း ၃၃-လုံးနှင့်တကွ ရွှေတိုက် ၃၃- တိုက်တို့မှ ကွယ်ခဲ့၍ ထိုထိုသောအရပ်၌ တည်လေကုန်သည်။'

'ထိုထိုသောအရပ်၌ ဓာတ်တော်တည်ကြောင်း ထိုအရပ်နေ လူတို့လျှောက်သဖြင့်လည်းကောင်း၊ မထေရ်နှစ်ဦးတို့ (ပြော) ကြားသဖြင့်လည်းကောင်း၊ သိရိမာသောကမင်းသိလျှင် ထိုထိုသောအရပ်သို့ လူတို့ကို စေလွှတ်၍ စေတီအိမ်ပြာသာဒ် လုပ်စေသည်။ လူအပေါင်းတို့လည်း ရှိခိုးပူဇော်ကန်တော့ပြုကြသည်။'

'နောက်သဒ္ဓါတရားနှင့် ပြည့်စုံသော မင်းတို့သည် စေတီအိမ်ပြာသာဒ်သည်မခိုင်၊ ထာဝရမဖြစ်လေဟူ၍ စေတီအိမ်ကို ဖျက်ပြီးလျှင် စေတီကို ထပ်၍ကြီးအောင် တည်သည်။'

'ဟံသာဝတီမြို့ အနောက်မြောက်ယွန်း၌ တည်သည့် ရွှေမော်ဓောစေတီကိုလည်း သာသနာတော် ၁၈၉၂ သကြဇ် ၇၁၀ ၌ ဆင်ဖြူမင်း ၈-ဦးတို့တွင် ၈-ဦးမြောက်သော ဓမ္မစေတျသော ကနထ အမည်ရှိသော ရာမာဓိပတိမင်းသည် ၃၅နှစ်ပတ်လုံးမင်းပြုရာတွင်စေတီအိမ်ကိုပယ်၍ စေတီကိုကြီးအောင်ထပ်၍ တည်ပြန်သည်။'

'သကြဇ် ၇၄၅-ခုနှစ်၊ ထိုမင့်သား သုတသောမမင်းသည် ၃၈-နှစ် ပတ်လုံး မင်းပြုရာတွင် ခမည်းတော်ထပ်တည်သော စေတီသည် သေးငယ်သည်ဟူ၍ တဖန်ကြီးအောင် ထပ်တည်ပြန်သည်။'

'သည့်နောက် ဟံသာဝတီပြည်၌ မင်းငါးဆက်လွန်သော သာသနာတော် ၂၀၀၂၊ သကြဇ် ၈၂၀-၌ သုတသောမမင်း သမီးတော် တိဘုဝနာဒိတျမင်းမိဖုရားသည် သားတော် ရာမာဓိပတိတိပရမမင်းနှင့် တိုင်ပင်၍ သီဟပမာဏအမည်ရှိသောအမတ်၊ ဗြာဟ္မဏအမည်ရှိသော လက်သမားဆရာကို စေလွှတ်၍ စေတီတော်ကို ထပ်၍ တည်စေသည်။ ငါးနှစ်ကြာမှ သကြဇ် ၈၂၄-ခုနှစ်တွင်ပြီးသည်။'

www.burmeseclassic.com

www.burmeseclassic.com

ဤသည်တို့မှာ ကလျာဏီကျောက်စာနှင့် စပ်ဆက်လျက်ရှိသော မဓေဝါကျောက်စေတီသမိုင်းပင်ဖြစ်သည်။ ဤစေတီတော်ကြီးသည် ပဲခူးမြို့ မဟာကလျာဏီ သိမ်တော်ကြီးအနီးတွင် တည်ရှိပါသည်။

## ဓမ္မစေတီမင်းကြီးလက်ထက်တော်

ဓမ္မစေတီမင်းတရားကြီးသည် အေဒီ ၁၄၇၂ တွင် ရာမညတိုင်းအလုံး မွန်တိုင်းသုံးရပ်၌ မင်းအဖြစ်သို့ ရောက်တော်မူခဲ့ကြောင်း သိရပါသည်။ ထိုသို့ မင်းဖြစ်ပြီး သုံးနှစ်မြောက်တွင် (မြန်မာသက္ကရာဇ် ၈၃၆ မှစ၍) သာသနာတော်စည်ပင်သန့်ရှင်းရေးအတွက် ကလျာဏီ သိမ်တော်ကြီးကို စီမံဆောင်ရွက်ပုံများကို သိမ်တော်ကျောက်စာ၌ အကျယ်တဝင့် ရေးသားခဲ့ပါသည်။

## နန်းစံ ၂၁ နှစ်

ဓမ္မစေတီမင်းကြီးသည် မင်းဖြစ်သည်မှစ၍ နှစ်ပေါင်း ၂၁ နှစ်တိုင်တိုင် သာသနာတော်ကြီးကို မြှုစုတော်မူခဲ့ပါသည်။ သာသနာတော်နှစ် ၂၀၃၆၊ မြန်မာနှစ် ၈၅၄၊ ခရစ်အေဒီ ၁၄၉၂ တွင် နတ်ရွာစံခဲ့ကြောင်း သိရပါသည်။ ထိုမင်းတရားကြီး၏ ကလျာဏီကျောက်စာကြီးမှာ မြန်မာ



သာသနာဝင်သမိုင်းကြီးဖြစ်ပါသည်။

## ကလျာဏီဘာသာပြန်

(ထိုကျောက်စာပါဠိတော်ကို မြန်မာသက္ကရာဇ် ၁၁၁၁-ခုနှစ်တွင် အရှင်သဒ္ဓမ္မဓီမထေရ်မြတ်က မြန်မာနိဿယ ပြန်တော်မူခဲ့ပါသည်။ ထိုအရှင်သည် ပုဂံမြို့အနောက်ဘက် တန့်ကြည်တောင်အနောက် ယောချောင်း၏ မြောက်ဘက်ကမ်း တောင်မြင့်ရွာကျောင်းတွင် သီတင်းသုံးကြောင်း သိရပါသည်။ ထိုနိဿယကို သပြေကန်ဆရာတော် ကျိုက္ကဆံဆရာတော်ဘုရားကြီးများတည်းဖြတ်၍ ကျိုက္ကစံ အရှင်အာစာရမထေရ်ကြီးကြပ်လျက် ၁၃၀၀ ပြည့်နှစ် တန်ခူးလက ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်တွင်၎င်း၊ ရန်ကုန်မြို့ ဘုရားဖြူဆရာတော်တည်းဖြတ်လျက် ခရစ်နှစ် ၁၉၃၈ က သုဓမ္မဝတီပုံနှိပ်တိုက်တွင်၎င်း ပုံနှိပ်ထားခဲ့ပါသည်။)

## အလောင်းဘုရားက ဖတ်လို၍

သို့သော် ထိုကလျာဏီ ကျောက်စာ ကိုပင် အလောင်းမင်းတရားကြီး ဖတ်ရှုတော်မူလိုသဖြင့် တော်တွင်း ခင်ကြီးဖျော်ဟု နာမည်ကြီးသော ဆရာတော်က အရှင် ဖတ်ရှုရန် ဘာသာပြန်ပေးသော စာမူတစ်ခုကို မြို့ကဗျာဟာ

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့မှ ထုတ်ဝေခဲ့ရာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

### ပဲခူးရောက်

### အလောင်းဘုရား

အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၉ ခု ကဆုန်လပြည့်ကျော် (၄)ရက်နေ့တွင် ဟံသာဝတီ ပြည်ကြီးကို အလိုတော်ပြည့်ကြောင်း၊ ဟံသာဝတီထီးနန်းတွင် (၂)လခန့် စံနေတော်မူခဲ့ကြောင်းလည်း သိရပါသည်။

### ကလျာဏီသိမ်တော်

ထို အချိန်တွင် ဟံသာဝတီ၏ ရတနာတစ်ပါးဖြစ်သော ကလျာဏီသိမ်တော်ကြီးနှင့် သိမ်တော်ကြီးကျောက်စာကို အမှတ်ထင်ထင် တွေ့ရှုပေလိမ့်မည်ဟု တွေးထင်မိပါသည်။ ထို့ကြောင့် ထိုကျောက်စာမူကို ကူးယူပြီးလျှင် ရွှေမြို့တော်ရှိ ထင်ရှားသော ဆရာတော်များအား မြန်မာစကားပြေသို့ ပါဠိမှ မြန်မာပြန်ဆိုခိုင်းပေလိမ့်မည်။

### မတလုံးကြေ

### ခင်ကြီးဖျော်

ထို့ကြောင့်ပင်လျှင် တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ လက်ရာ ဘာသာပြန်ထွက်လာခြင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင် မင်းကေရာဇ် မေးလျှောက်သဖြင့် တောင်



တွင်းပုဂ္ဂိုလ်ကျော် ထုတ်ဆိုပြန်ကြားခဲ့ကြောင်းသိရပါသည်။

ထိုစာတွင် သုဝဏ္ဏဘူမိနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကေလာသတောင်တော်နှင့် စပ်လျဉ်း၍လည်းကောင်း ထူးထူးခြားခြား တွေ့ရှိရပါသည်။

### ဘာသာပြန်လက်ရာ

အလောင်းမင်းတရားကြီး၏ အမေးကို သိအောင် မြန်မာပြန်ဆိုတော်မူသော မတစ်လုံးချေ ခင်ကြီးဖျော် ဆရာတော်၏ လက်ရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

'သင်္ဂါယနာတင်ပြီးသော အဆုံး၌ နောင်အခါ၌ သာသနာတော်တည်မည့်အရပ်ကို ကြည့်တော်မူသော် ပစ္စန္တရစ် အရပ်တို့၌ သာသနာတော်တည်ထွန်းမည်ကို မြင်တော်မူ၍ ထိုထိုသော ပစ္စန္တရစ်အရပ်တို့ကို အရှင်မဇ္ဈန္တိက အစရှိသော မထေရ်တို့ကို အသီးသီး သာသနာတော်ပြု စေလွှတ်တော်မူသည်၊ ထိုစေလွှတ်အပ်သော မထေရ်အပေါင်းတို့တွင် အရှင်မဟိန္ဒထေရ်ကို သိန်းဟိုဠ်ကျွန်းသို့ သာသနာပြု စေလွှတ်တော်မူသည်။ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်ကို သုဝဏ္ဏဘူမိဟု ဆိုအပ်သော ရာမညတိုင်းသို့

www.burmeseclassic.com

www.burmeseclassic.com

သာသနာပြု စေလွှတ်တော်မူသည်။'

'ထိုအခါ သုဝဏ္ဏဘုမ္မိတိုင်း၌ သီရိမာသောက မင်းပြုသည်။ ထိုမင်း၏ ရာဇဌာနီမင်းနေပြည်တော်သည် ကေလာသတောင်ထိပ် စေတီ၏ အနောက်မြောက်ယွန်း၌ မြို့၏ ထက်ဝက် အရှေ့အပိုင်းသည် တောင်ထိပ်၌ အနောက်အပိုင်းသည် မြေညီ၌တည်သည်၊ ထိုမြို့သည် ကုလားတိုက်ကဲ့သို့ မြေစိုင်အုတ်တိုက်များသောကြောင့် တိုက်ကုလားမြို့ဟု ယနေ့ထက်တိုင်အောင် တွင်သည်။'

'ထိုတိုက်ကုလားမြို့သည် သမုဒ္ဒရာနှင့်နီးသည်။ သမုဒ္ဒရာ၌ ရက္ခိုသ်ဘီလူးမင်းသည် မင်း၏ နန်းတော်၌ ဖွားတိုင်းသော သူငယ်ကို မပြတ်လာ၍ စားသည်။ မထေရ် နှစ်ဦးတို့ ကြွလာစဉ်လည်း မိမိ၏ မိဖုရားကြီးသည် သူငယ်ဖွားမြင်သည်။ ရက္ခိုသ်ဘီလူးမလည်း သူငယ်ဖွားမြင်ကြောင်း ကို သိ၍ အခြွေအရံ ငါးရာနှင့်တကွ သူငယ်ကို စားမည်ဟူ၍ လာလသည်ကို လူတို့မြင်၍ ကြောက်လန့်တကြား ဟစ်ကြော်ကုန်သည်။ မဟာထေရ်



နှစ်ဦးတို့လည်း ထိုအကြောင်းကိုသိ၍ အလွန်ကြောက်မက်ဖွယ်ရှိသော ဥက္ခောင်းမှာ ရက္ခိုသ်ကဲ့သို့ ကိုယ်မှာ ခြင်္သေ့ကဲ့သို့ ဥက္ခောင်း တစ်ခု ကိုယ်နှစ်ခုရှိသော ထိုရက္ခိုသ်ဘီလူးတို့ထက် နှစ်ဆထက်ကြီးသော အဆင်းအရုပ် ဖန်ဆင်း၍ ထိုဘီလူးတို့ကို လိုက်၍ ရံကုန်သည်။ ဘီလူးတို့သည် မထေရ်တို့ ဖန်ဆင်းသော အဆင်းရုပ်ကိုမြင်၍ 'ငါတို့သည် ယခု ဤသူတို့၏ အစာဖြစ်ချေတော့မည်' ဟု ကြောက်လန့်ကုန်၍ သမုဒ္ဒရာသို့ ရှေးရှုပြေး လေကုန်၏။

မထေရ်နှစ်ဦးတို့လည်း ထိုဘီလူးတို့ကို နောင်တဖန် မလာနိုင်အောင် ကြံ၏။ ထက်ဝန်းကျင်၌ အစောင့်အရှောက်ကို စီရင်ကုန်၍ စည်းဝေးသော ပရိသတ်တို့အား သုတ်သီလက္ခန်ကျမ်း၌ သုတ်တို့တွင် အစစွာဖြစ်သော ဗြဟ္မဇာလသုတ်ကို ဟောတော်မူသည်။ ဟောတော်မူသော အဆုံး၌ ခြောက်သောင်းသော လူတို့သည် တရားရကုန်သည်။ ယောက်ျားသုံးထောင့်ငါးရာ မိမ္မ [illegible] ထောင့်ငါးရာ ရဟန်းပြုကုန်သည်။ သည့်မှ ကြွင်း

www.burmeseclassic.com

www.burmeseclassic.com

သော မင်းမှစ၍ ပြည်သူခပ်သိမ်းတို့သည်လည်း သရဏဂုံသုံးပါး ပဉ္စသီ ၅-ပါးတို့ ၌ ကောင်းစွာ တည်ကုန်သည်၊ နှစ်အရေအတွက်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ နှစ်ရာ့သုံးဆယ့်ခြောက်နှစ်၌ မထေရ်နှစ်ဦးလာရောက်၍ ရာမညတိုင်း၌ သာသနာတော်တည်သည်။'

'ထိုအခါမှစ၍ ရာမညတိုင်း၌ ဖွားမြင်တိုင်းသော မင်းသားသူငယ်တို့ကို သောဏုတ္တရ အမည်မှည့်ကုန်သည်၊ ခပ်သိမ်းသော ဖွားသစ်သော သူငယ်တို့အား ရက္ခိုသ်ဘီလူး ဘေးမှကင်းစေခြင်းငှာ ပေ၌မထေရ်တို့ ဖန်ဆင်းသော အရုပ်ကို ဥက္ကောင်းပေါ်၌ ထားကုန်သည်။'

'မြို့၏ အရှေ့မြောက် တောင်ထိပ်၌လည်း မထေရ်တို့ဖန်ဆင်းသော အရုပ်သဏ္ဌာန်ကျောက်ရုပ်ထု၍ ထားကုန်သည်။ ထိုအရုပ်သည် ယနေ့ထက်တိုင်အောင် ရှိသည်။'

'ဤသို့လျှင် ရာမညတိုင်း၌ သာသနာတော်တည်သည်မှစ၍ အရှည်လေးမြင့် သာသနာတော်စည်ပင်ထွန်းလင်းသည်။'

'နောက်နောက်အခါ လွန်လသော် ရာမညတိုင်းသည် ကျယ်သောအဝန်းရှိသော်လည်း အသီးအသီး ခိုးမှုပြု၍ ဖြတ်သောကြောင့် တစ်ကြောင်း၊ ယဉ်းနာ နှိပ်စက်သောကြောင့် တစ်ကြောင်း၊ ငတ်မွတ်ခေါင်းပါးသော ကြောင့် တစ်ကြောင်း၊ မြတ်သော စက်ဖြင့် ချုပ်အပ်သော မင်းခုနစ်ဦး စစ်သည် နှိပ်စက်၍ တစ်ကြောင်း ရာမညတိုင်းအားနည်းချေသည်။'

'သို့လျှင် ထိုတိုင်း၌ သီတင်းသုံးကုန်သော ရဟန်းတို့သည် ချမ်းသာစွာ ပရိယတ် ပဋိပတ်ကို မဖြည့်နိုင်သောကြောင့် သာသနာတော်လည်း အားနည်းချေသည်။'

'သူရိယ မင်းသားဟူ၍ငယ်မည်ရှိသောမနူဟာ မင်းလက်ထက်တွင် လွန်၍ပင် အားနည်းမြန်ချေသည်။ ထိုမနူဟာမင်းပြုသောအခါ သာသနာတော် ၁၆၀၀ ရှိပြီ။'

'သာသနာတော် ၁၆၀၁ နှစ် သကြာဇ် ၄၁၉ ခု ၌ အရိမဒ္ဒနာ ပုဂံပြည်ကြီးကို အစိုးရသောအနော်ရထာမင်းစော သည် ရာမညတိုင်းကာလိုင်းသုံးရပ်

www.burmeseclassic.com

ကို အောင်မြင်၍ ပိဋကတ် ၃-ပုံနှင့်တကွ ရဟန်း
သံဃာကို ဆောင်ယူ၍ အရိမဒ္ဒနာ ပုဂံပြည်ကြီး၌
သာသနာတော်မြတ်ကို တည်စေသည်။ '

အထက်ပါအချက်အလက်များ မြစေတီမင်းကြီး ကိုယ်တိုင် မှတ်တမ်းတင်ခဲ့သော ကလျာဏီမဟာသိမ်တော်ကြီးကျောက်စာအရဖြစ်ပေသည်။

❑ ❑ ❑

ကလျာဏီသိမ်တော်ကြီးကျောက်စာတွင် ပါရှိသော စာအရ ဘီစီ ၃ရာစု သာသနာသက္ကရာဇ် ၂၃၇ လောက် အချိန်က သုဝဏ္ဏဘူမိ မြို့တော်တည်နေရာမှာ ကေလာသ တောင်ပေါ်ရှိ ကေလာသဆံတော်ရှင် ဘုရား၏ အနောက် မြောက်ထောင့်ရှိ၊ တောင်ပေါ်တစ်ဝက်၊ တောင်အောက် တစ်ဝက်တွင်တည်ရှိကြောင်း ပေါ်လွင်ပါသည်။ ဆိုလို သည်မှာ တောင်လေး၊ ပိုင်ဒန်၊ ယက္ကန်းသည်မ၊ ဝင်းက စသော နေရာတစ်ဝိုက်ဖြစ်ကြောင်း သိသာပါသည်။



မနုသီဟအရုပ်ကြီး

ထိုစဥ်သီရိမာသောကမင်း လက်ထက်တွင် ထုလုပ် ခဲ့သည်ဆိုသော 'မနုသီဟ' ကျောက်ရုပ်ထုကြီးမှာလည်း သုဝဏ္ဏဘူမိနေပြည်တော်၏ အရှေ့မြောက်ထောင့် ထောင်ထိပ်တွင်ရှိကြောင်း ပင်လယ်ဘက်သို့ မျက်နှာမူ လျှက်ရှိကြောင်း သိရပါသည်။

ကိုယ်တွေ့မျက်မြင်

ထို'မနုသီဟ' မှရင်းကျောက်ရုပ်တုကြီးကို မြစေတီ မင်းတရားကြီးကိုယ်တိုင် ကိုယ်တွေ့မျက်မြင် မှတ်တမ်းတင် ခဲ့သောအခါကာလသည် ၁၅ ရာစုကာလဖြစ်ပါသည်။

ဒေါက်တာဖိုးချမ်းမားသက်သေ

၁၈ ရာစု ကာလသို့ရောက်သောအခါမှာလည်း ထိုမနုသီဟ ကျောက်ရုပ်တုကြီး ရှိသေးကြောင်းကို ကျောက်စာဝန် ဒေါက်တာ ဖိုးချမ်းမားက မှတ်တမ်းတင်ခဲ့ ကြောင်း သိရပါသည်။

ကျိုက်တုမယ်

ဤသို့ဖြင့် ကျောက်စာထဲတွင်ပါသော ထုဆောင်း သော ထိုကျောက်ရုပ်ပုံကြီးကို ကုမာရစေတီ၏ တောင် ဘက် ရေကန်ငယ်ကလေးအနီးတွင် တွေ့ရကြောင်း မြေကြီး

www.burmeseclassic.com

www.burmeseclassic.com


ထဲတွင် တစ်ဝက်နစ်မြုပ်နေကြောင်း၊ ထိုကုမာရစေတီမှာ ကျိုက်တုမယ်ဟု ခေါ်ကြောင်း၊ ကေလာသတောင်၏ အနောက်မြောက်ထောင့် တောင်စွန်းပေါ်တွင်ရှိကြောင်း၊ ဒေါက်တာဖိုးချမ်းမားက အတိအကျ မှတ်တမ်းတင်ခဲ့ပါသည်။

**မြင်ခဲ့ဘူးပါ၏**

ယခု သိမှီသူများကလည်း ဘိုးဘွားလက်ထက်ကတည်းက ထိုကျောက်ရုပ်တုကြီးကို မြင်ဘူးသေးကြောင်း၊ ပြောဆိုကြပါသည်။

**ရေကန်ထဲဇောက်ထိုး**

မန္ဒသီဟ ကျောက်ရုပ်ကြီးကို မှန်ကူ တောင်ပေါ်တွင် တွေ့ခဲ့ရကြောင်း၊ ထိုကျောက်ရုပ်ထုကြီးသည် တောင်အောက်ချောက်ထဲသို့ ကျသွားကြောင်း၊ ကုမာရစေတီ၏ တောင်ဘက်တွင်ရှိသော ရေကန်ကလေးထဲသို့ ဇောက်ထိုးကျပြီး နစ်မြုပ်နေကြောင်း ပြောကြပါသည်။

**ပျောက်ကွယ်သွား**

ယခုရှာသောအခါ ထိုရေကန်လည်း ကုမာရ စေတီအနီးတွင် မရှိတော့ချေ။ ရေကန်အစား မြေသားကိုသာ တွေ့ရပါတော့သည်။

**လယ်ကွင်းထဲမှာတွေ့**

ကုမာရ စေတီ၏ အနောက်ဖက် လယ်ကွင်းစပ်တွင် သုဝဏ္ဏဘူမိ မြို့ဟောင်း အုတ်တိုက် အမှတ် (၄)ကို တူးဖော်ခဲ့ကြကြောင်း သိရှိရပါသည်။

**ဖားလိုလို ကျားလိုလို**

ဤသို့ဖြင့် ထူးဆန်းသော ရုပ်တုကြီးကို ရှာတော်ပုံဖွင့်ခဲ့ရာ ကျားလိုလို ဖားလိုလို ပုံသဏ္ဌာန် မပီသတော့သော ဂဝံရုပ်တုကြီးတစ်ခုကို တွေ့ရှိရကြောင်း ယခင်က ပြောဆိုခဲ့ကြပါသည်။

**မူလပထမကို တွေ့ပြီ**

ယခု လက်ရှိ သောဏုတ္တရ ညီနောင်စေတီ၏ အနီးရှိသော မူလပထမ မဟာကလျာဏီသိမ်တော်ကြီး အနီးတွင် ကျိုက်ထီးဆောင်းဆရာတော် ရှာတွေ့ထားသော ခြင်္သေ့ကြီးမှာ မူလခြင်္သေ့ဂဝံရုပ်ထုဖြစ်ကြောင်း သိရှိရပါသည်။

**သွားကြည့်ပါ**

ယခု ထိုခြင်္သေ့ကြီး မူလအောက်ပိုင်းကို ကျိုက်ထီးဆောင်း ဆရာတော်က အပေါ်ခေါင်းပိုင်း ထပ်ဆင့်ထားလျက် သောဏုတ္တရစေတီ ညီနောင်အနီးတွင် မဟာကလျာဏီ သိမ်တော်ကြီးဖက်သို့ မျက်နှာမူလျက် တည်ထားခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း ၃၀၀၀ ကျော် ကြာညောင်းခဲ့ပြီဖြစ်ရာ သုဝဏ္ဏဘူမိ နေပြည်တော်၏ ကောင်းစားစဉ်ကာလက ယဉ်ကျေးမှုအထိမ်းအမှတ် အဆောက်အအုံတို့ကို ယခုအခါ မြင်ရခဲနေလေပြီ။

**တစ်ခုလုံး**

သုဝဏ္ဏဘူမိ သထုံပြည်ဆိုသည်မှာ မြန်မာနိုင်ငံ အောက်ပိုင်း မုတ္တမ ပင်လယ်ကွေ့အပါအဝင် တနင်္သာရီ ကမ်းမြောင်ဒေသတစ်ခုလုံးဖြစ်ကြောင်း ဆိုကြပါသည်။

**မလေးရှားအထိ**

အချို့ကလည်း ပဲခူးမှ စ၍ မလေးရှားကျွန်းဆွယ် အထိ ဒေသတစ်ခုလုံးကို သုဝဏ္ဏဘူမိ မွန်နိုင်ငံတော်ကြီး ဖြစ်ခဲ့ကြောင်း ဆိုကြပါသည်။

**ဘီစီ (၇၀၀)လောက်က**

မည်သို့ပင်ဆိုစေကာမူ ပထမဆုံး သုဝဏ္ဏဘူမိမြို့တော်ကို ဘီစီ (၇၀၀) လောက်ကတည်းက ကေလာသ တောင်ခြေတွင် တည်ထားခဲ့ကြောင်း သိရပါသည်။

**ရှာတွေ့ပါပြီ**

မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာနမှလည်း မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ကေလာသတောင် တစ်ဝိုက်



နှင့်တကွ ယက္ကန်းသည်မရွာ၊ ဝင်းကကျေးရွာနှင့် ဘီးလင်း ဇုတ်သုတ်ရွာတစ်ဝိုက်တို့တွင် သုတေသနလုပ်ငန်းကို ပြုလုပ် လျှက်ရှိပါသည်။

**အိန္ဒိယမှတစ်ဆင့်**

အိန္ဒိယမှ ရေလမ်းအကြောင်းအားဖြင့် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ ရောက်၍ရောက်၍ လာသည်ဟု မှတ်တမ်း များတွင် ပါရှိရာထိုနေရာသည် မြန်မာနိုင်ငံ ရာမညဒေသ သုဝဏ္ဏဘူမိ မြို့ဟောင်းတည်ရှိရာ ကေလာသတောင်ခြေ တစ်ဝိုက်သာ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**ခရီရှေးဆိုတာ**

မှတ်တမ်းတစ်ခုတွင် ရေးထားသည်မှာ- မိမိသည် ဂင်္ဂါမြစ်ဝမှထွက်၍ အရှေ့တောင်အရပ်သို့ ခရီးလွင့်၍ သွား ခဲ့ရာ ပဆင်ဂဟုခေါ်သော မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက် ရှိခဲ့ပါကြောင်း။

**ရေကြောင်းခရီး**

တဖန် ဆက်လက်၍ ရေကြောင်းခရီးဖြင့် ရွက်လွှင့် သွားခဲ့ရာ သုဝဏ္ဏဘူမိ ရွှေမြေတက်ကိုလ ရောက်ခဲ့ ကြောင်း။ ထိုမြေကို ခရီရှေဟုခေါ်ကြောင်း မှတ်တမ်းတင် ထားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေမြေတက်ကိုလ

ထိုခရိုရှေခေါ် သုဝဏ္ဏဘူမိ ရွှေမြေ တက်ကိုလ ဆိပ်ကမ်းသည် တိုက်ကုလားဆိပ်ကမ်းဖြစ်ကြောင်း တွေးဆ နိုင်ပါသည်။

## တော်လမီက မြေပုံဆွဲခဲ့

တော်လမီဆိုသူသည် မြေပုံတစ်ခုရေးဆွဲခဲ့ရာ ထို မြေပုံတွင် ဖော်ပြထားသော 'ခရိုရှေ' ခေါ် ဒေသသည် သုဝဏ္ဏဘူမိမြေဖြစ်ကြောင်း သီဟိုဠ်ဒီပဝင်နှင့် (၆)ရာစုတွင် ရေးသော မဟာရာဇဝင်တို့၌လည်း သုဝဏ္ဏဘူမိအရပ်ကို ဗုဒ္ဓသာသနာ၏ အခြေခံအရပ်ဟု ဆိုခဲ့ကြောင်းသည်။

## အတိအကျ ဒေါက်တာသန်းထွန်း

ထိုသုဝဏ္ဏဘူမိ ရွှေမြေဒေသသည် သထုံမှ အနောက်မြောက်မိုင် (၃၀)အကွာတွင်ရှိကြောင်း၊ ထိုဒေသ မှာ ကေလာသ ကျောက်တောင်စွန်းပေါ်မှာတစ်ဝက်၊ တောင်အောက်မှာ တစ်ဝက်တည်ရှိသော သုဝဏ္ဏဘူမိ ဖြစ်နိုင်ကြောင်း၊ ထိုသုဝဏ္ဏဘူမိသည် အရက်သမရွာ၊ တိုက် ကုလား၊ ဝင်းကစသော သုဝဏ္ဏဘူမိမြို့ဟောင်း နေရာများ ဖြစ်ကြောင်းလတ္တီတွဒ် မြောက်(၁၇)၊ (၁၃) လိတ္တာနှင့် လောင်ဂျီတွဒ် အရှေ့(၉၇)အံသာ၊ (၆) လိတ္တာတို့တွင်



တည်ရှိကြောင်းကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက အလေးအနက် ဖော်ပြခဲ့ပါသည်။

## တရုတ်မှတ်တမ်းအရ

သုဝဏ္ဏဘူမိတွင် ကျင်လင် ဟူ၍ တရုတ်မှတ်တမ်း များတွင် တွေ့ရှိရပါသည်။ မုတ္တမကွေ့တစ်ဝိုက်တွင် ရှိနိုင် ကြောင်း သိရှိရပါသည်။

## ခေါမပထဝီကျမ်းအရ

သုဝဏ္ဏဘူမိမြောက်ဘက်တွင် မြို့ကြီးတစ်မြို့ရှိ ကြောင်း ထိုမြို့တွင် ဗုဒ္ဓဝါဒထွန်းကားကြောင်း တရုတ် မှတ်တမ်းများနှင့် ခေါမ (ခေါ်) ဂရိပထဝီကျမ်းများတွင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။

## ဒေါက်တာသီဝလိ၏အဆို

ဒုဋ္ဌာဂါမဏိမင်းလက်ထက် ဘီစီ (၁၀၁-၁၅၇) တို့တွင်လည်း သုဝဏ္ဏဘူမိ ကေလာသကျောင်းတိုက်မှ ရဟန္တာမထေရ်များသည် ဒုဋ္ဌာဂါမဏိမင်းလက်ထက် မဟာ စေတီ ပန္နက်တင်မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြောင်း ဒေါက်တာ သီဝလိ၏ ဗုဒ္ဓသမိုင်းနှင့် သီဟိုဠ် မဟာဝင်ကျမ်း တို့တွင် ဖော်ပြထားကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ကေလာသတောင်ထိပ်က ကျောက်စာ

ကေလာသတောင်ထိပ်ရှိ ကေလာသဆံတော်ရှင်၏ အနောက်ဖက်မုခ်တွင် ညောင်ပင်ကြီး တစ်ပင်ရှိပါသည်။ ထိုညောင်ပင်ကြီး၏ရှေ့ ထိုအနောက်မုခ်၏ တောင်ဖက်တွင်ကပ်လျက်ရှိသော အဆောက်အဦထဲတွင် မွန်ဘာသာ ကျောက်စာ နှစ်မျက်နှာ တွေ့ရှိရပါသည်။ ထိုကျောက်စာ နှစ်ချပ်ကို ရေးထိုးခဲ့သူမှာ ဓမ္မစေတီမင်းဖြစ်ကြောင်း သိရပါသည်။

## ဘုရားကြွခဲ့ကြောင်း သက်သေ

ထိုကျောက်စာ၏ အဓိပ္ပါယ်အကျဉ်းမှာ ဆံတော်ရှင်သမိုင်းလမ်းကြောင်းနှင့်တကွ ကေလာသတောင်တော် သမိုင်းပါ ပါရှိပေသည်။ တစ်ပြိုင်တည်းမှာပင် စူဠသီရိမာသောက လက်ထက်တို့ကိုပါ မှတ်တမ်းပြုစုလျက် မိမိလှူဒါန်းသော သိမ်တော်အထိ သမိုင်းကြောင်းပါရှိလေသည်။

## ရေစက်ချခဲ့

သာသနာသက္ကရာဇ် ၂၀၂၉၊ မြန်မာသက္ကရာဇ် ၈၄၈ ခုနှစ်တို့တွင် ရေစက်ချလှူဒါန်းကြောင်း ရေးထိုးထားပါသည်။

## ခိုင်လုံပါ၏

ထိုကျောက်စာရေးထိုးချက်သည် ရန်ကုန် ရွှေတိဂုံစေတီတော်ကြီးတွင် ရေးထိုးထားသော ဓမ္မစေတီမင်းကြီး၏ ရွှေတိဂုံမူရင်းကျောက်စာတို့နှင့် တိုက်ဆိုင်ကြည့်လျှင်သော်လည်းကောင်း၊ ကလျာဏီသိမ်တော်ကြီး ကျောက်စာနှင့် ဆက်စပ်လိုက်လျှင်သော်လည်းကောင်း၊ မဓဝါ ကျောက်စေတီကျောက်စာနှင့် ဆက်စပ်လိုက်လျှင်သော် လည်းကောင်း၊ အလွန့်အလွန်ခိုင်လုံသော သမိုင်းလမ်းကြောင်းကြီး တစ်ခုကို တွေ့ရှိရပါသည်။

## နှစ် (၃၀၀၀) က သမိုင်း

ဓမ္မစေတီမင်းတရားကြီးသည် အမျိုးဘာသာ၊ သာသနာ ယဉ်ကျေးမှုကို ခိုင်လုံအောင် ထပ်ဆင့်၍ ထပ်ဆင့်၍ မိမိတတ်စွမ်းသမျှ နေရာအနှံ့အပြားတွင် ကျောက်စာတော်ကြီးများကို ရေးထိုးခဲ့သည်ဖြစ်ရာ ထိုကျောက်စာကြီးများသည်ပင်လျှင် အလွန်ခိုင်လုံသော လွန်ခဲ့သော နှစ်ပေါင်း(၃၀၀၀) လောက်က ထေရဝါဒ သမိုင်းကြီးနှင့်တကွ အစဉ်အလာကောင်းသော၊ ခိုင်လုံသော၊မြန်မာ့ယဉ်ကျေးမှု မှတ်တမ်းကြီးတစ်ခုအဖြစ် ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


## ကေလာသကျောက်စာ

ကေလာသဆံတော်ရှင်ကျောက်စာမှာ ၁၅ရာစုတွင် ဓမ္မစေတီမင်း ရေးထိုးခဲ့သော ကျောက်စာဖြစ်လေသည်။

ထိုကျောက်စာမှာ ဂုဏ်ယူ လောက်သော ထေရဝါဒ သမိုင်းကြီးဖြစ်လေသည်။ ထိုသမိုင်းကြီးသည် ပို၍ ပို၍ ခိုင်မာသည်နှင့်အမျှ သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာတော်သည်လည်းကောင်း၊ သုဝဏ္ဏဘူမိရွှေမြေ၏ ခိုင်မာသော အစစ်အမှန်လမ်းကြောင်းသည်လည်းကောင်း၊ ကမ္ဘာပေါ်တွင် သုဝဏ္ဏဘူမိ ဆိုသည်မှာ ဤနေရာပါဘဲ ဟု ထင်းထင်းကြီး လက်ညှိုး ညွှန်ပြနေကြောင်း ဆိုနိုင်ပါသည်။

## ပို၍ပို၍ ထင်ရှားလာ

ထိုကျောက်စာကြီးသည် ရှေးဟောင်းသုတေသန ဌာနမှ ပုဂ္ဂိုလ်များကိုယ်တိုင် သွားရောက် စစ်ဆေးကြည့်ရှုပြီး ဖြစ်ပါသည်။ ယခင့်ယခင် ကတည်းက သုဝဏ္ဏဘူမိသည် ယခုအခါ ပို၍ပို၍ ထင်ရှားလာကြောင်း တွေ့ရပါသည်။

## ဇုတ်သုတ်က သက်သေပြ

ဇုတ်သုတ်မြို့ဟောင်း၏ အရှေ့ဘက်မြို့ရိုးကို လည်းကောင်း၊ တောင်ဘက်မြို့ရိုးကိုလည်းကောင်း၊ သိကြား ဘုရားဟုခေါ်ကြသော သက္ကထုပ ဘုရား နေရာဝန်းကျင်တို့သည်လည်းကောင်း၊ မုသင်ကျေးရွာရှိ ရှေးဟောင်း လက်ကျန်များသည်လည်းကောင်း၊ ယခုအခါ ရှေးဟောင်း သုတေသန၏ ကောင်းမှုဖြင့် ပေါ်ထွက်လာသည်ဖြစ်ရာ ဤနေရာသည်သာ သုဝဏ္ဏဘူမိနေရာဟောင်းဖြစ်ကြောင်း ကိုလည်းကောင်း၊ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော် လက်ထက်ကတည်းက ဤသုဝဏ္ဏဘူမိအရပ်ဒေသသို့ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာတော်မူကြောင်းကို လည်းကောင်း၊ သိလာနိုင်ပါသည်။

## ကျွမ်းပြုဆရာဓမ္မစေတီ

ထိုအကြောင်းတို့ကို ထင်ရှားအောင် ကေလာသ ဆံတော်ရှင်စေတီ၏ အနောက်ဖက် စောင်းတန်း မုခ်ဝအနီး တောင်ဘက်တွင်ရှိသော ဓမ္မစေတီမင်း၏ ကျောက်စာ တော်ကြီးကို ကိုးကားတင်ပြပါမည်။ အောက်တွင် ဖတ်ရှု တော်မူပါ။

www.burmeseclassic.com

www.burmeseclassic.com



## မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာ၊ ကေလာသဆံတော်ရှင် စေတီတော် ၏ အနောက်ဘက်မုခ် တောင်ဘက် ဝတ်ကျောင်းအတွင်းရှိ ဓမ္မစေတီမင်း ရေးထိုးထားသော ကျောက်စာ၏ ဘာသာပြန်

(က)မျက်နှာ

မြတ်စွာဘုရားပရိနိဗ္ဗာန်စံသည့်နှစ်မှ ရဟန္တာ ပေါင်း နှစ်သောင်းဟုဆိုအပ်သော များစွာသော ရဟန်းသဃ်ာတို့ နှင့်တကွ ဆင်ခြင်လတ်သော် သုဝဏ္ဏဘူမိ ရောင်အရပ်၌ အတိတ်ဘဝကဖြစ် သော ဆွေမျိုးတို့တွင် သွားရောက်သည် ဖြစ်သည် ကိုမြင်၍ လုမမ္မပြည် သထုံပြည့်ရှင် ဘုရင်သီရိမာ သောကမင်းသည် အတိတ်ဘဝ၌ ငါတို့အရှင်၏ ဆွေမျိုးဖြစ်သောကြောင့် တရားဓမ္မဒေသနာဖြင့် အတို့သခင်သည် မင်းအားဆုံးမတော်မူသည်။

မင်းသည် သဒ္ဒါကြည်ညို ဝမ်းမြောက်၍ မြတ် စွာဘုရားအား သိလိုမြင်လိုလှူဒါန်းလိုသော ကြောင့် ဂဝမ္ပတိ မဟာထေရ်အား တောင်းပန် တော်မူ၏။



ထိုအခါ ဂဝမ္ပတိ မဟာထေရ်သည် သီရိမာ သောကမင်းအား ဝန်ခံပြီးလျှင် မဇ္ဈိဒေသသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားပြီးလျှင် မြတ်စွာ ဘုရားအား ထိုဖြစ်စဉ်အကြောင်းကို လျှောက် ထားတော်မူ၏။ အတို့သခင်ဖုရားရှင်သည် လည်း ဂဝမ္ပမိမဟာထေရ်စကားကိုကြားလျှင် သီရိမာ သောကမင်းနှင့်တကွ သုဝဏ္ဏ တိုင်းသူတိုင်းသား အပေါင်းတို့အား သနားသည်ကို အကြောင်းပြု၍ ရဟန္တာအပေါင်း နှစ်သောင်းနှင့်တကွ ကောင်း ကင်ခရီးဖြင့် သထုံသို့ကြွ ရောက်လာ၏။

ထိုအခါ သီရိမာသောကမင်းသည် သထုံပြည် သို့ ရဟန္တာနှစ်သောင်းနှင့်တကွ မြတ်စွာဘုရား ကြွလာသည်ကို ကြားသိလျှင် ရွှင်လန်းဝမ်း မြောက်စွာ ခရီးဦးကြိုပြုတော်မူ၏။

ကြီးစွာသော မဏ္ဍပ်ကနားဆောက်လုပ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးတော်မူ၏။

အတို့သခင်ဘုရားရှင်သည်လည်း ခုနစ်ရက် ပတ်လုံး ဓမ္မဒေသနာဖြင့် လူနတ် အပေါင်းတို့အား ဆုံးမတော်မူပြီးလျှင် ပြန်ကြွသည့်အခြင်း အရာကို ပြတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကာလ၌ ကေလာသတောင် ထိပ်ဝယ် သိတင်းသုံးနေသော အရှင်ရသေ့တပါး ရဟန္တာနဂိုရ် အစွန်းအရပ်အတွင်း မုဂနိန်၌ သီတင်းသုံးနေသော ရသေ့တစ်ပါး ရဟန္တာနဂိုရ်၌လည်း တပါး၊ အတွင်းမုဂနိန်အနောက် တောင်စွန်း၌ သီတင်းသုံးနေသောရသေ့ တစ်ပါး၊ အသိကည နဂိုရ်မြို့ အရှေ့ဘက် တစ်ပါး၊ ဤအရှင်ရသေ့ခြောက်ပါးတို့သည် သတင်းကြား၍ ကောင်းကင်ခရီးဖြင့် ကြွလာပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးပူဇော်၍ နေကြ၏။

မြတ်စွာဘုရားသခင်သည်လည်း လူနတ်တို့အား ဆုံးမတော်မူပြီးလျှင် ပြန်ကြွခြင်းငှာ အားထုတ်တော်မူ၏။

မြတ်စွာ ဘုရားသခင်ပြန်ကြွမည့်အခြင်းအရာကို ရသေ့ခြောက်ပါးတို့သိလျှင် မြတ်စွာဘုရားအား လျှောက်ထားကြ၏။

ဘုန်းတော်သခင် အိုဘုရားရှင်၊ အရှင်ဘုရားသည် အရှင်ဘုရားသားတော်မူပြီး လျှင်တပည့်တော်တို့ ရှိခိုးကော်ရော်ပူဇော်ပါရစေ၊ ထိုအခါ



မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓါတ်မြောက်ဆူရတော်မူလျှင် ရသေ့ခြောက်ပါးတို့အား ပေးသနားတော်မူ၏။

ထိုအခါ ရသေ့ခြောက်ပါးတို့သည် ဆံတော်ဓါတ်ခြောက်ဆူရလျှင် မိမိနေရပ်သို့ ပင့်ဆောင်သွားကြလေ၏၊ ရှိခိုးသော်ရော် ပူဇော်ကိုးကွယ်ကြ၏၊

ထိုရသေ့ခြောက်ပါးတို့တွင် အတွင်း မုဂနိန်အနောက်ဖြစ်သော တောစွန်းအရပ်၌ သီတင်းသုံးနေသော ဘုရားသခင် ဆံတော်ဓါတ်ကို ရလာသည့် ရသေ့တစ်ပါးသည် မိမိနေရပ်သို့ ရောက်လာသောအခါ တောစွန်းအရပ်၌ အတူတကွနေသောအခြားရသေ့နှစ်ပါးတို့သည် လာရောက်၍ ရသေ့ကြီးအား လျှောက်ထားကြ၏။

အိုအရှင်ရသေ့ကြီး၊ အရှင်ဘုရားတပါးသည် ပူဇနိယဝတ္ထုဟု ဆိုအပ်သော မြတ်စွာဘုရားဆံတော်ဓါတ်ကိုရှိခိုးကော်ရော် ပူဇော်ရလေပြီး တပည့်တော်တို့နှစ်ဦးမှာကား ရှိခိုးကော်ရော်ပူဇော်အပ်သော ပူဇနိယ ဝတ္ထုကို မရပါတကား၊

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ရသေ့ကြီးသည် ရသေ့နှစ်ဦးတို့အား မိန့်တော်မူ၏။

အိုရသေ့နှစ်ဦးတို့ သင်တို့နှစ်ဦး ဤသို့ဆိုမူ ငါတို့ သုံးဦးသည် ဆုတောင်းပတ္တာ အဓိဋ္ဌာန်ပြုကြကုန်အံ့၊ မဟာဂရုဏာ ရှိတော်မူသော အိုဘုရားသခင်၊ သတ္တဝါတို့ အကျိုးစီးပွားကို ဆောင်တော်မူပါသလော။ ဘုရားသခင်သည် သတ္တဝါတို့ အကျိုးစီးပွားကို ဆောင်သည် စင်စစ်အမှန်ဖြစ်မူကား ဤဆံတော်ဓါတ်တစ်ဆူသည် သုံးဆူပွား၍ တပည့် တော်တို့သုံးဦးကိုးကွယ်ပူဇော်ရပါစေသတည်း။

ဤသို့ဆို၍ ရသေ့ဦးတို့အဓိဋ္ဌာန်ပြုသော ခဏ၌ ဆံတော်ဓါတ်တစ်ဆူသည် သုံးဆူပွားတော်မူ၏။ ထိုအခါ ရသေ့ကြီးသည် ဆံတော်ဓါတ်တစ်ဆူကို ယူ၍ မိမိနေရပ်၌ စေတီတစ်ဆူတည်၍ ကိုးကွယ်ပူဇော်တော်မူ၏။

အလတ်ဖြစ်သော အရှင်ရသေ့တစ်ပါးသည်လည်း ဆံတော်ဓါတ်ကို ယူ၍ မိမိနေရပ်၌ စေတီတစ်ဆူတည်၍ကိုးကွယ်ပူဇော်တော်မူ၏။ အငယ်ဆုံးဖြစ်သောရသေ့သည်ကား ဆံတော်ဓါတ်တစ်ဆူယူ၍ မိမိနေရပ်၌ စေတီတစ်ဆူတည်၍ ကိုးကွယ်ပူဇော်တော်မူ၏။

ထိုအခါ အရှင်ရသေ့တို့သည် အသက်အတိုင်းနေ၍ စုတေကြကုန်၏။

ကာလရှည်ကြာ လတ်သော် ထိုထိုသော အရပ်တို့၌ ဓါတ်တော်တည်ရှိကြောင်းကို လူတို့ မသိကြကုန်၊ တောအတိလျှင်ဖြစ်ကုန်၏။

ဘုရားသခင် ပရိနိဗ္ဗာန်စံသည့် နှစ်မှ နှစ်ရာ သုံးဆယ့်ခြောက်နှစ်လွန်လတ်သော် ငါတို့ အရှင် မောဂ္ဂလိပုတ္တသိဿ မဟာထေရ်သည် စေလွှတ်၊

## မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာ၊ ကေလာသဆံတော်ရှင် စေတီတော် ၏ အနောက်ဘက်မှန် တောင်ဘက် ဝတ်ကျောင်းအတွင်းရှိ ဓမ္မစေတီမင်း ရေးထိုးထားသော ကျောက်စာ၏ ဘာသာပြန်

## (ခ)မျက်နှာ

အရှင်ဘုရားတို့သည် တပည့်တော်တို့အရပ်သို့ ကြွရောက်လာခြင်းကြောင့် ဘုရားရတနာကို

www.burmeseclassic.com

ရှိခိုးကော်ရော်ပူဇော်ရလေသည်။ သံဃရတနာကိုလည်း ရှိခိုးကော်ရော်ပူဇော်ရလေပြီ။ ပူဇနီယဝတ္ထု တစ်ခုကို ရလိုသောစိတ်ထားကြောင့် ဗုဒ္ဓရတနာကို ရှိခိုးပူဇော်ရန်အလို့ငှာ အရှင်ဘုရားတို့သည် တပည့်တော်တို့အား ရှာဖွေ၍ပေးတော်မူ၏ပါလော့။

ထိုအခါ မဟာထေရ်နှစ်ပါးတို့သည်လည်း မဟာထေရ် ဂဝမ္ပတိယူဆောင်ခဲ့သော သွားတော်ဓါတ်သုံး ဆယ့်သုံးဆူကို သီရိမာသောကကြီးဖြစ်သော မင်းအား ကျောက်စေတီသုံးဆယ့်သုံးဆူ တည်ထားစေခဲ့ပြီးနောက် ပျောက်ကွယ်နေသည်ကို သီရိမာသောကမင်းငယ်အား ညွှန်ကြားပြသပေးတော်မူ၏။

အရှင်ရသေ့တို့တည်ထား၍ ပျောက်ကွယ်နေသော ဆံတော်ဓါတ်စေတီကိုလည်း အရှင်နှစ်ပါးတို့သည် သီရိမာသောကမင်းငယ်အား ညွှန်ကြားပြသ ပေးတော်မူ၏။

ထိုအခါ အလုံးစုံသော ဆံတော်ဓါတ်တို့ကို သီရိမာ သောကမင်းငယ်သည် စေတီအိမ်ဖြစ်သော စေတီပြဿာဒ်ကို ပြုပြင်မွမ်းမံစေ၏။



ထိုအခါမှစ၍ မွန်တိုင်းသခင်ဘုရင်တို့သည်လည်းကောင်း ထိုမွန်တိုင်း၌ နေထိုင်ကြကုန်သော လူအပေါင်းတို့သည်လည်းကောင်း လာရောက်ရှိခိုး ပူဇော်ကြကုန်၏။

ငါတို့အရှင်ရသော ဆံတော်ဓါတ်တစ်ဆူကို ကေလာသဘုရားကျိုက်ကေလာသပင်ဟု မှည့်ခေါ်ကြ ကုန်၏။

ကေလာသဓါတ်တော် မိမိသမက်ဖြစ်သော ဇရသုရမင်းနှင့် တလမကြီးမည်သော စေတီဖြစ်သော ပြဿာဒ်ကို ရှစ်မြောင့်၊ ရှစ်ထောင့်ရှိ၏။ တစ်ထောင့် တစ်ထောင့်လျှင် တစ်ဆယ့်ခြောက်တောင်ရှိ၏။

နောက်ကာလ၌ သူရှင်ရာမရာဇ အထပ်တိုင်အောင် လဂွန်းပြု (သိင်လဂန်ဗြု) မင်း တည်လုပ်၏။ ထို့နောက် သူရှင်ရာမရာဇဓိရာဇ်သည် မိဖုရားကြီးနှင့် တကွတည်လုပ်စေ၏။ ခေါင်းလောင်းကြီး အထိမ့် သာပြီးလေသည်။

ထို့နောက် သူရှင်ဗညားလက်ထက် ပြဘာဇ အမည်ရှိသော လူကိုပြီးစီးအောင် တည်လုပ်စေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် လက်ထက်၌ ဓမ္မရာဇာဓိရာဇဒေဝီ မည်သော ဘုရင်မရှင်စောပုနှင့် မိမိသားတော် ရာမာဓိပတိဂြိပရမ မဟာဓမ္မရာဇာဓိရာဇ် သည် သိမ်ကို ကြီးအောင် ချဲ့ထွင်လုပ်စေ၏။ ထိုသိမ် သည်လည်း ရှစ်မြှောင့်ရှစ်ထောင့်ရှိ၏။ တစ်ထောင့် တစ်ထောင့်လျှင် အတောင်လေးဆယ်ရှိ၏။ လုပ်စေ၏။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူ ပြီးနောက် သာသနာသက္ကရာဇ် ၂၀၂၉ နှစ် မြန်မာ့ သက္ကရာဇ် ၈၄၈ ခုတွင် ရာဇဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် ကေလာသဆံတော်ရှင် စေတီတော်ကို ထီးတော် တင်လှူဒါန်းပါ၏။

ရှေ့၊ နောက်၊ တောင်၊ မြောက်လေးမျက်နှာ တွင် ဆံတော်ကေလာသစေတီတော်အတွက် မြေ လှူထား၏။

ယခင့်ယခင် လယ်တီဆရာတော်ဘုရား သက်တော် ထင်ရှားရှိစဉ်ကာလက ညောင်ချောင်းဆရာတော် ဟူသော ဆရာတော်ကြီးတစ်ပါး ထင်ရှားရှိခဲ့ဖူးလေသည်။

## လယ်တီနှင့် ညောင်ချောင်း

ထိုဆရာတော်ကြီးအကြောင်းကို လယ်တီသမိုင်း ကြီးတွင် တစ်ခမ်းတစ်နား ပါခဲ့ဖူးလေသည်။ နှုတ်ခမ်းမွေး ဆရာ တော်ဟူ၍ လည်း အကျော်တစော ရှိခဲ့လေသည်။

## နှုတ်ခမ်းမွေးဆရာတော်

အဘယ့်ကြောင့် နှုတ်ခမ်းမွေး ဆရာတော်ဟု ခေါ် တွင်ကြောင်းကိုလည်းကောင်း၊ လယ်တီဆရာတော်နှင့် နှုတ်ခမ်းမွေး ဆရာတော်တို့၏ တရားရေးကိစ္စအထွေထွေ ကိုလည်းကောင်း ဤနေရာတွင် ပေရှည်နေမည်စိုး၍ ချန် လှပ်ထားလိုက်ပါသည်။

## သက်ဆိုင်သမျှကိုသာ

ကေလာသတောင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ သုဝဏ္ဏဘူမိနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကေလာသဆံ တော်ရှင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆကေသဓာတု ဝင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ သက်ဆိုင်သမျှကိုသာ ထုတ်နှုတ်၍ တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com


**တစ်ခါက**

တရံရောအခါ ဓနုဖြူမြို့နယ် ညောင်ချောင်းရွာ ဖွားရာဇာတိရှိသော သီရိဘဒ္ဒ ဥာဏဝံသဘွဲ့ရသော ညောင်ချောင်းဆရာတော်ကြီးသည် ဟင်္သာတမြို့သို့ တရားဟောရန် ကြွတော်မူလေသည်။

**စီဒန်တရာ**

ထိုအခါ “ စီဒန်တရာ ” အမည်ရှိသော ရာဇဝတ်ဝန်ကလေးကို အမှူးထား၍ ပရိသတ်အပေါင်းတို့အား ကေလာသ တောင်တော်နှင့် ကေလာသဆံတော်ရှင်နှင့် စပ်လျဉ်း၍ သုဝဏ္ဏဘူမိ ဆံတော်ရှင် စေတီတော်များနှင့် စပ်လျဉ်း၍ အထူးသဖြင့် ဆကေသဓာတုဝင် ဆံတော်ရှင်စေတီတော်များနှင့်စပ်လျဉ်း၍ တရားထူး တရားမြတ်များကို ဟောကြားခဲ့လေသည်။

**မကြားစဖူး**

ထိုအခါ တရားနာပရိသတ်တို့က သုဝဏ္ဏဘူမိ ဆံတော်ရှင်များနှင့် စပ်လျဉ်း၍ မကြားစဖူး အဦးအဖျား အထူးအခြား ကြားနာရသဖြင့် ‘ယခုဟောအပ်သော ဗျာဒိတ်တော်စကားကို နောင်လာနောင်သား မျိုးလေးပါး တို့ သိရှိစေရန် ကေလာသတောင်ထိပ်ဖျား၌ ကျောက်စာတိုင် တစ်တိုင်ကို ခိုင်ခိုင်ခန့်ခန့် စိုက်ထူတော် မူစေလိုကြောင်း’ လျှောက်ထားရာ ညောင်ချောင်းဆရာတော် ဘုရားကြီးကလည်း ‘ကေလာသတောင်ထိပ်ဖျား၌ အစ္ဆရိယာဝတ ကျောက်စာတိုင်ကို ခိုင်ခိုင်ခန့်ခန့် ကြံ့ကြံ့မားမား စိုက်ထူတော်မူမည်’ ဟု မိန့်ကြားတော်မူပါသည်။

**ပုသိမ်က မမိ**

ထိုအခါ တရားနာပရိသတ်အတွင်းတွင် ပါဝင်သော ပုသိမ်မြို့၊ မင်းကြီးကတော် ‘မမိ’ က ‘အရှင်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း ဆောင်ရွက်တော်မူပါ။ အရပ်ရပ်ကုန်ကျစရိတ်တို့ကို တပည့်တော်မက သာလျှင်အလှူပါဝင်ပါမည်’ ဟု လျှောက်ထားခဲ့လေသည်။

**စိုက်ထူခဲ့**

ထို့ကြောင့်ပင်လျှင် ညောင်ချောင်းဆရာတော် ဘုရားကြီးသည် ထိုဆံတော်ရှင်များသမိုင်း ဆကေသဓာတုဝင်ကို မြန်မာနှစ် ၁၂၈၈ - ခုနှစ်၊ တန်ခူးလပြည့် စနေနေ့ ( ၁၉၂၇-ခု၊ ဧပြီလ ၁၆ ရက် ) နေ့တွင် ကေလာသတောင်ထွဋ်ထိပ်ဖျား၌ ကျောက်စာတိုင်ကြီးကို စိုက်ထားတော်မူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မှတ်တမ်းပြု

ထိုကျောက်စာတော်ထဲတွင် ဆံတော်ရှင်သမိုင်းနှင့် တကွ သုဝဏ္ဏဘူမိသမိုင်းကိုလည်းကောင်း၊ ထေရဝါဒ သမိုင်းအစ ကိုလည်းကောင်း၊ မှတ်တမ်းတင်ခဲ့လေသည်။

## သက်တော် (၆၀)

ဤသို့ဖြင့် ထိုကျောက်စာတိုင်ကြီးကို ကေလာသ တောင်ထိပ်ဖျားတွင် စိုက်ထူပြီးသည့်နောက် မိမိသက်တမ်း အတိုင်း နေလာခဲ့ရာ ညောင်ချောင်းဆရာတော်ဘုရားကြီး သည် သက်တော် (၆၀) သို့ ရောက်ခဲ့လေသည်။

## စိုးရိမ်ပူပန်မိ

ထိုအခါ ဆရာတော်က စိုးရိမ်ပူပန်မိသည်မှာ " ယခု လည်း သာသနာ(၂၅၀၀)မကျော်သေး။ ထို့ကြောင့် ဆံတော် ရှင်များ သာသနာလည်း မပွင့်ဖြိုးသေး။ ဘုရားရှင် ဗျာဒိတ် တော် မိန့်ထားခဲ့သည့်အတိုင်း သာသနာ ၂၅၀၀ ကျော်မှသာ လျှင် သုဝဏ္ဏဘူမိ ဆံတော်ရှင်သာသနာတော်ကြီး ဖြစ်ထွန်း လိမ့်မည် " ဟူ၍ တွေးတောမိလေသည်။

## နှစ် (၃၀) လိုသေး

ယခုလည်း အသက် (၆၀) ရှိပြီဖြစ်သဖြင့် သာသနာ ၂၅၀၀ ကျော်ရန် နှစ်ပေါင်း (၃၀) လောက် လိုပေသေး သည်။



## ခဲယဉ်း၏

ထို့ကြောင့် ငါ၏အသက် (၉၀) လောက် ရောက်မှ သာလျှင် သာသနာတော် (၂၅၀၀) ကျော်လိမ့်မည်။ ငါလည်း ယခု (၆၀) ကျော်ပြီ။ ထို့ကြောင့် နောက်ထပ် နှစ် (၃၀) တိတိ လူ့ပြည်မှ နေဖို့ဆိုသည်မှာ အတော်လေး ခဲယဉ်း လေသည်။

## မမှီနိုင်တော့

ထို့ကြောင့် ဆံတော်ရှင်သာသနာကြီး ပျံ့နှံ့လေ သောအခါ သက်တော်ထင်ရှား ရှိတော်မူစဉ် အလားကဲ့သို့ ဖြစ်လိမ့်မည်။ ထိုသို့သော ကာလကို ငါသည် မှီလိမ့်မည် မဟုတ်။ အလွန်ဝမ်းနည်းတော်မူခဲ့လေသည်။

## အကယ်၍

ထို့ကြောင့် အကယ်၍များ ဤကေလာသတောင် ထိပ်ဝယ် သာသနာ (၂၅၀၀) ကျော်သောကာလ၌ ဘုရား ဗျာဒိတ်တော်အတိုင်း (သောဏ္ဏာယ)စေတီတော်ကြီးသည် ပေါ်ပေါက်လာလိမ့်မည်။ ထိုအခါ ငါသည် ဖူးရတော့မည် မဟုတ်ချေ။

## မှာကြားခဲ့

ထို့ကြောင့် အကယ်၍များ ငါသည် လူ့ပြည်မှာ မနေ။ သေလွန်၍ သွားသည်ရှိသော် ယခု ငါစိုက်ထူခဲ့သော

www.burmeseclassic.com


ဤကျောက်စာတော်ကြီးကို သာသနာပြုပုဂ္ဂိုလ်တို့သည် ယခု ငါးစိုက်ထူခဲ့သည့် နေရာတွင် မဟုတ်သည့်တိုင်အောင် သင့်တော်သော တစ်နေရာရာသို့ ရွှေ့ပြောင်း၍ စိုက်ထူကြပါ ဟု မှာကြားခဲ့လေသည်။

**အကယ်၍**

အကယ်၍များ ယခု အသက် (၆၀)ရှိသော ငါသည် မသေမပျောက်ဘဲ အသက် (၉၀)အထိ ရှည်ခဲ့သည် ဖြစ်ငြားအံ့။ မုချကေန် ငါသည် အသက်အရွယ် အိုမင်းသဖြင့် သူငယ်ပြန် ဟု ခေါ်ကြသော အချိန်ကာလသို့ ရောက်၍နေပေလိမ့်မည်။

**လွှမ်းစဖွယ်စာစီခဲ့**

သို့သော်လည်း ဤသောဏ္ဍာယစေတီတော်ကြီးကို ငါသည် ဖူးလိုပါသဖြင့် အကယ်၍များ ငါမသေခဲ့လျှင် ငါ့အား ခွန်အားရှိသော လူငယ်လူရွယ်များက တည်မ၍ ယခု ငါစိုက်ထူထားသော ဤကျောက်စာ၏ အနီးအနားသို့ ငါ့အား သယ်ယူ၍ သွားကြပါလေဟု လွှမ်းစဖွယ် စာစီခဲ့သော ကျောက်စာတစ်ချပ်ကို အမှတ်မထင်ဘဲ ကေလာသစေတီတော်ခြေရင်းတွင် တွေ့မြင်ရသဖြင့် ကူးယူဖတ်ရှုခဲ့ပါသည်။

**မှာတမ်းတော်**

ထိုသြောင်ချောင်းဆရာတော်ကြီး၏ မှာတမ်းစာကိုလည်း အထင်အရှား တွေ့ရှိရပါသဖြင့် အောက်တွင် ကိုးကားဖော်ပြလိုက်ပါသည်။

ဤသို့ ဖော်ပြလိုက်သဖြင့် ထေရဝါဒ သာသနာတော်ကြီး၏ ခိုင်မြဲမှုကို ခေတ်အဆက်ဆက်က မက်မက်မောမော တမ်းတမ်းတတ ယုံယုံကြည်ကြည် လေးလေးစားစား ကြည်ကြည်ညိုညို ခိုင်ခိုင်မာမာ မှတ်တမ်းတင်ခဲ့ကြောင်း တွေးဆနိုင်ပါသည်။ မူရင်းမှာတမ်းစာသားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ယခု (၁၂၈၈ ခုနှစ်) ၌ ငါ၏ အသက်သည် ၆၀ တိတိပြည့်ရှိနေသည်ဖြစ်ပါ၍ သာသနာတော်ထက်ဝက်လဲမည်မှာ အနှစ် (၃၀) လိုလေသေးရကား၊ ငါ၏ အသက်ကို ဆင်ခြင်လျှင် သောဏ္ဍာယ စေတီတော်၏ အံ့ဘွယ် အထူးကို ဖူးနိုင်ခွင့်မမြင် ကွယ်လွန်မည် ထင်ပါသည်။ သာသနာတော်ထက်ဝက်ကျော်လျှင် မြေမှ စွင့်စွင့် ဘွားကနဲပေါ်မြင့်၍ ထွန်းတင့်တော် မူလတ္တံ့သော (သောဏ္ဍာယ)စေတီတော်သည် စေတီယင်္ဂဏ်သောမာ**

www.burmeseclassic.com

ပေတ္တာ တဿ သမန္တတောပါကာရံ ပရိယက္ခိ ပိတ္ဘာ၊ ဟု စေတီတော်ရင်ပြင်ကို သန့်ရှင်းစွာ သုတ်သင်၍ ထက်ဝန်းကျင်အရပ်၊ တံတိုင်းတော် ခတ်ကြောင်းကို ပြဆိုတော်မူသောကြောင့် ငါ သည် အကယ်၍ စုတိမနေကွယ်လွန်လေလျှင် ကေလာသ တောင်မြင့်ဖျား၌ စိုက်ထားခဲ့သော ဤကျောက်စာကို သဒ္ဓါတိုးပွား အမျိုးသားတို့က သောဏ္ဏာယ စေတီတော်၏ တံတိုင်းတော် အတွင်း၊ သင့်လျော်သော မြေအခင်းသို့ ဆောင် ကြဉ်း စိုက်ထူကြစေကုန်သတည်း။

အကယ်၍ အသက်နှင့် ကမ်၊ ဤနှစ်တန်သည် စိမ် ထောက်မ၍ ရာပြည့်အောင် နေရငြားသော် လည်း၊ (ဇရာဇဇ္ဇရိတာ ဟောန္တိ) ယင်းပါဠိအရ၊ ဇရာ၏ လက်တွင်းသို့ သက်ဆင်းနေရသည့်အပြင် မောမူဟဒသယ အစွယ်သို့ ကျသဖြင့် သူငယ်ပြန် ခေါ်ဝေါ်ကြသော ဒုက္ခနှင့်မရှင်း သတိဉာဏ် လွတ်ကင်းသဖြင့် အရဟံအစဂုဏ်ကိုးဝကို စိတ် ကကြည်နူး သောဏ္ဏာယ စေတီတော်၏ အံ့ဖွယ် အထူးကို ဖူးနိုင်ခွင့် ဧကန်ရလိမ့်မည်မှန်ပါလျှင် တဖန် ဘုရားပွင့် သောလားသို့ အားရဝမ်းသာဖူးရ ပါအောင် သဒ္ဓါတိုးပွား အမျိုးသားတို့က သောဏ္ဏာယစေတီတော်၏ ဘိနပ်တော် အပါး စိုက်ထူသော ကျောက်စာနားသို့ ငါ့အား ပို့နိုင်ကြ ပါစေကုန်သတည်း။

## ဖတ်လမ်းအသစ်တွေ

၃၀-၈-၂၀၀၁ နေ့တွင်လည်းကောင်း၊ ၃၁-၈-၂၀၀၁ နေ့တွင်လည်းကောင်း၊ ၁-၉-၂၀၀၁ နေ့တွင် လည်းကောင်း၊ ရှေးဟောင်းသုတေသနဌာနမှ ဦးမင်းဝေနှင့် အဖွဲ့တို့သည် ကွင်းဆင်းလေ့လာခဲ့ကြပါသည်။

## တကယ်ရှိခဲ့

ထိုသို့လေ့လာရာတွင် ဇုတ်သုတ်ရွာရှိ သောဏ္ဏာရ ကလျာဏီ သိမ်တော်ဟောင်းမှ တူးဖော်ရရှိသော ရှေး ဟောင်းဆင်းတုတော်များ အထောက်အထားအရလည်း ကောင်း၊ ဘီးလင်းမြို့နယ် ဝင်းကကျေးရွာအနီးရှိ အထောက် အထားများအရလည်းကောင်း၊ ရှေးသရောအခါက ဤ နေရာတစ်ဝိုက်သည် သုဝဏ္ဏဘူမိမြို့ဟောင်းကြီးရှိခဲ့ကြောင်း ကို ခိုင်မာသော အထောက်အထားများဖြင့် ရရှိခဲ့ကြောင်း သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## တကယ်တွေ့ပြီ

ဇုတ်သုတ်ကျေးရွာနှင့် မသင်ရွာအတွင်း လှည့်လည်ကြည့်ရှုကြရာ၌ ဇုတ်သုတ်ရွာရှိ ကျိုက်ထီးဆောင်းဘုရား၏ အရှေ့ဘက်မြို့ရိုးများနှင့် တောင်ဘက်မြို့ရိုးများကို တွေ့ခဲ့ရပါသည်။

## မြို့ရိုးသုံးထပ်

မြို့ရိုးများမှာ မြို့ရိုး (၃) ထပ်၊ ကျုံး(၂)ထပ် စသည်ဖြင့် ကြွင်းကျန်နေခဲ့ကြောင်းထင်ထင်ရှားရှားတွေ့ရပါသည်။ အမြင့်မှာ လူတစ်ရပ်ပတ်ဝန်းကျင် ၄ပေမှ ၈ ပေ လောက်အထိ မြင့်မားပါသည်။ ကျုံး၏ အကျယ်အဝန်းမှာလည်း ပျမ်းမျှအားဖြင့် ပေ ၅၀ လောက်ရှိပါသည်။

## ရွာဟောင်းဖြစ်နေ

ခြံနွယ် ပိတ်ပေါင်းတို့သည် မြို့ရိုးများပေါ်တွင် ထူထပ်စွာ ပေါက်ရောက်လျှက်ရှိကြောင်းတွေ့ရပါသည်။ ရွာဟောင်းမြေဟောင်းဖြစ်သဖြင့် ရွာသူရွာသားတို့၏ သီးနှံစိုက်ခင်းများအဖြစ် တွေ့မြင်နေရပါသည်။

## သိကြားဘုရား သက်သေ

၄င်းအပြင် ဇုတ်သုတ်ရွာ နယ်နိမိတ်အတွင်းမှာပင် လျှင် သဏ္ဍာထူပ ဟုခေါ်သော သိကြားဘုရားကိုလည်း သွားရောက်သုတေသနပြုခဲ့ရာ ရှေးဟောင်းဂဝံလက်ရာမြောက်များစွာတွေ့ရပါသည်။ ပစ္စယံ (၃)ဆင့်တွင် ဂဝံကျောက်ထွင်းရုပ်များ တွေ့ရရာ ဆင်ရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်၊ ကျားရုပ် စသည်ဖြင့် အမျိုးစုံတွေ့ရပါသည်။

## ဥတုဒဏ်

ရုပ်တုများမှာ ရာသီဥတုဒဏ်ကြောင့် အတော်ကလေး ပါးနေပြီ ဖြစ်ပါသည်။ ပတ်ပတ်လည်တွင် ကြည့်ရှုသောအခါ အဆောက်အဦများ မတွေ့ရသဖြင့် ခံတပ်ဟောင်းများဖြစ်ဟန်ရှိကြောင်း ဆရာဦးမင်းဝေက ပြောကြားခဲ့ပါသည်။

## အကြွင်းအကျန်

ရှေးရှေးအခါက ဤနေရာသည် သုဝဏ္ဏဘူမိနေရာဟောင်း မြို့ဟောင်း ဖြစ်ကြောင်း အထောက်အထားအကြွင်းအကျန်များစွာရှိပါသည်။ ဆင်တပ်၊ မြင်းတပ်များနှင့်တကွ ဂဝံ တံတိုင်းကြီးများသည် လွှန်ခဲ့သော နှစ်ပေါင်းများစွာက သုဝဏ္ဏဘူမိကို သက်သေခံလျှက်ရှိပါသည်။

## ယခုထိရှိ

မြို့ရိုးဟောင်းများ ယခုအထိ ရှိနေပါသေးသည်။ နောင်တော်ကြီး စေတီဘက်လောက်က သွယ်တန်း၍လာသော မြို့ရိုးဟောင်းကြီးတစ်ခုရှိပါသည်။ ထိုမြို့ရိုးဟောင်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် အရှေ့မြောက်ထောင့် အရောက်တွင် တောင်ဘက်သို့ကွေ့သွားကြောင်း တွေ့ရပါသည်။

ထိုအကွေ့ကလေးကို မှန်းဆကြည့်သောအခါ (၈၀) ဒီဂရီလောက် တံတောင်ဆစ်ချိုးကလေးဖြစ်နေကြောင်း တွေ့ရပါသည်။

မြို့ရိုးဟောင်း

တဖန် အရှေ့တောင်ထောင့်တွင်ရောက်သောအခါ ကျိုက်ထီးဆောင်း စေတီတော်ကြီးသည် တောင်ဘက်ခြမ်းလောက်က ကွေ့သွားသော မြို့ရိုးဟောင်းကို တွေ့ရပြန်ပါသည်။

ဒီဂရီ ၁၀၀ လောက်

ထိုအကွေ့ ကလေးမှာလည်း တံတောင်ဆစ်ချိုးထောင့်ချိုးကလေးဖြစ်ရာ သာမန်အားဖြင့် ၁၀၀ ဒီဂရီလောက် ရှိမည်ထင်ပါသည်။

အုံ့ဖွယ်

ဤသို့ တံတောင်ဆစ်ချိုးကလေး ကွေ့သောနေရာသို့ လိုက်သွားသောအခါ အံ့ဖွယ်ကောင်းသော ဆင်တပ်၊ မြင်းတပ်များကို တွေ့ရပြန်ပါသည်။



ဂဝံလိပ်ကျောက်ကုန်း

အမှန်မှာ ဤနေရာသည် ဂဝံ လိပ်ကျောက်ကုန်းကြီးကို အလယ်ခေါင်မှာ ဗဟိုထားပြီးလျှင် မြို့ရိုးကြီးတွေက ဝိုင်းဝန်းနေကြသည့် သဘောမျိုးပင်ဖြစ်ကြောင်း ထင်မြင်မိပါသည်။

တစ်မိုင်လောက်ရှည်

မြို့ရိုးဟောင်းမှာ တစ်မိုင်လောက်ရှည်မည်ထင်ပါသည်။ မြို့ရိုးဟောင်းကြီးသည် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်ကိုလည်းကောင်း၊ နောင်တော်ကြီးစေတီတော်ကိုလည်းကောင်း ဝိုင်း၍ ဝိုင်း၍ ပတ်၍ ပတ်၍ တည်နေသလောဟု တွေးတောမိပါသည်။

တစ်မိုင်လောက်ရှိ

အရှေ့မြောက်နှင့် အနောက်တောင်သို့ တန်း၍နေသော သဘောဖြစ်ပါသည်။ ထိုနေရာသည် တစ်မိုင်လောက်ရှည်မည် မသိရပါ။

မိုင်ဝက်လောက်ရှိ

၄င်းအပြင် အရှေ့တောင် အနောက်မြောက်တန်း၍နေသော နေရာကား မှန်းခြေအားဖြင့် မိုင်ဝက်လောက်ရှိမည် မသိရပါ။

www.burmeseclassic.com

www.burmeseclassic.com



**မျောက်လှုပ်ပင်ကြီး**

ယခု ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်ကြီးတွင်ရှိသော မျောက်လှုပ်ပင်ကြီး ရှိသည့်နေရာသည် မူလမြို့ရိုးဟောင်း ဖြစ်မည်လားမသိ။ မူလ အုတ်ရိုးများကို ယခုတိုင် တွေ့နိုင်သောကြောင့်ဖြစ်ပါသည်။

**လူတစ်ရပ်ကျော်မြင့်**

မြို့ရိုးမှာ လူတစ်ရပ်ကျော်ကျော် မြင့်မည်ထင်ရသည်။ အတွင်းဘက်မှာ မြေဖို့ထားသည့် သဘောဖြစ်သည်။ အပြင်ဘက်မှာ ဂဝံအုတ်စီထားသည့် သဘောဖြစ်သည်။ ထိုသို့ ဂဝံအုတ်ရိုးကိုလည်းကောင်း၊ မီးဖုတ်ထားသည့် မြေအုတ်ရိုးကိုလည်းကောင်း၊ သုံးထားသည်မှာ ရှေးကျလှသည်ဟု ဆိုကြပါသည်။

**အစင်းအစင်း**

အုတ်မှာလည်း အစင်းအစင်းကလေးတွေ ပါနေကြောင်း တွေ့ရပါသည်။ မြို့ရိုးနှင့် ကျုံးများမှာ (၆)ထပ်ခန့် ရှိနေကြောင်း တွေ့ရပါသည်။

**ရွာညီနောင်**

ဇုတ်သုတ်ရွာမှာ ရွာကလေးနှစ်ရွာ ရှိပါသည်။ ဇုတ်သုတ်ကလေး ဟူ၍လည်း ရှိသည်။ ဇုတ်သုတ်ကြီး ဟူ၍လည်း ရှိ၏။ ဇုတ်သုတ်သည် ရွာညီနောင်ဖြစ်လေသည်ဟု သိရပါသည်။

**စေတီညီနောင်**

နောင်တော်ကြီးစေတီနှင့် ပေ ၁၅၀၀ လောက်အကွာတွင် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်ကြီးကလည်း ရှိနေပြန်သဖြင့် စေတီကလည်း ညီနောင်ဖြစ်နေသည်ဟု တွေးမိပြန်ပါသည်။

**ကျောင်းညီနောင်**

၄င်းအပြင် ထူးထူးဆန်းဆန်းပင်၊ ကျောင်းကြီး ကျောင်းကလေး ဟူ၍ ရှိကြပြန်သတဲ့။ ဤသို့ဆိုလျှင် ကျောင်းကလည်း ကျောင်းညီနောင်ဖြစ်နေပြန်၏။

**ဘီလူးညီနောင်**

ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် တွေးမိသည်မှာ ကျိုက်ထီးဆောင်းဆံတော်ရှင် ဘုရားဒါယကာများကလည်း ဘီလူးညီနောင်ဖြစ်နေပြန်လေသည်။ ထို့ကြောင့် ဤနေရာသည်ကား ဘီလူးညီနောင်၊ ရွာညီနောင်၊ ကျောင်းလည်း ညီနောင်၊ တွင်းညီနောင် ဟူ၍ ဆိုရပါတော့သည်။ (ဤနေရာတွင် တွင်းညီနောင်အကြောင်းကို မပြောသေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ထီးဆောင်း ဆံတော်ရှင်နှင့်စပ်လျဉ်း၍ ပြောသောအခါတွင်းညီနောင်အကြောင်းကို တင်ပြပါမည်။)

၁၉၅၁ ခုနှစ်၊ အောက်တိုဘာ (၁၅) တနင်္လာနေ့ (၁၃၁၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့)တွင် ထုတ်ဝေခဲ့သော "သာသနာ့မုခ" ဟူသော ကျမ်းတစ်ကျမ်းကို တွေ့ရပါသည်။

## ထွင့်ခေါင်ဆရာတော့်မြေး

ထိုကျမ်းကို ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ မြေး ပိဋကတ္တယပါရဂူ ဝိပဿနာ ဓမ္မပါမောက္ခ ကျေးဇူးရှင် ဆရာကြီး ရေးသားခဲ့ပါသည်။

## ဆကေသဓာတုဝင်

ဆရာကြီးက ထိုကျမ်းတွင် ဆကေသဓာတုဝင် ကျမ်းမှ မြတ်စွာဘုရား၏ ဗျာဒိတ်တော် (၄)ချက်နှင့် ရဟန္တာကြီး (၆)ပါးနှင့် ဗျာဒိတ်တော်တို့ကို ထုတ်ဖော်ပြခဲ့ပါသည်။

## ညောင်ချောင်းဆရာတော်

ထို့ပြင် ဆကေသ ဓာတုဝင်ကို ကိုးကား၍ ညောင်ချောင်း ဆရာတော်ဘုရားကြီး ဦးဉာဏဝံသ စိုက်ထူ ခဲ့သော သောဏ္ဏာယစေတီကျောက်စာကို ကိုးကားဖော်ပြခဲ့ပါသည်။

## သိလိုကြ

ထိုအခါ အပြည့်အစုံ သိလိုသူများက အခါခါ တောင်းပန်ကြသောကြောင့် ဆကေသဓာတုဝင် မူဟောင်းနှင့်တကွ သောဏ္ဏာယ စေတီတော်ကြီးကျောက်စာမူကိုပါ စုပေါင်းပြီး စာအုပ်တစ်အုပ် ထုတ်ဝေခဲ့ပါသည်။

## ထုတ်ဝေခဲ့

ထုတ်ဝေသူမှာ ( ဆန်းလိုက် ) ဦးမောင်ကြီး (သာသနမုခ စာအုပ်တိုက်၊ ဆူးလေဘုရားဝင်း၊ ရန်ကုန် )။ ၁၃၁၄-ခု၊ တပို့တွဲလပြည့် ( ၁၉၅၃ ၊ ဇန်နဝါရီလ - ၂၉ ၊ ကြာသပတေးနေ့ )နေ့စွဲဖြင့် ထုတ်ဝေသည်ကို ဆရာ ဦးမောင်ကြီး က အမှာစာရေးထားကြောင်း တွေ့ရပါသည်။

## ကြားခဲ့ရသမျှ

ထိုစာအရ ညောင်ချောင်းဆရာတော်ဘုရားကြီးမှာ ငယ်စဉ်အခါမှ ဤကေလာသဆံတော်ရှင်နှင့်စပ်လျဉ်း၍လည်းကောင်း၊ သုဝဏ္ဏဘူမိ နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆကေသဓာတုဝင်နှင့် စပ်လျဉ်း၍လည်းကောင်း သိရှိရရှာ "ငါသည် ရဟန်းငယ်ကာလ ငါးဝါလောက်ရစဉ်က ကြေးဟ သ ဆံတော်ရှင် စသော ဆံတော်ရှင် (၆)ဆူနှင့် စပ်လျဉ်း၍ ဇလွန်မြို့၊ နာဂဝံတိုက်ကြီး၌ သီတင်းသုံးသော ပရိယတ္တိ

www.burmeseclassic.com

www.burmeseclassic.com



ဝိသာရဒ တိပိဋကဓရဖြစ်တော်မူသော သီရိမဏ္ဍာ လင်္ကာရ ဆရာတော်ဘုရားကြီးအား လျှောက်ထားဖူးရာ-

" ဟဲ့ရဟန်း ကလေး ငါကိုယ်တိုင်သွားရောက်ဖူးပြီး တောထဲချုံထဲမှာ ဂူပျက် ကန်ပျက်မှစ၍ အဆောက်အဦ အများအစား ငါတွေ့ခဲ့သည်။ ဤနေရာကား ဟုတ်ထိုက်သော ဌာနပေတည်း " ဟု အမိန့်ရှိတော်မူဖူးသည်ဟု သိရပါသည်။

## ယုံကြည်မှု

ငှင်းပြင် ဟင်္သာတမြို့၌ သီတင်းသုံး နေတော်မူသော ရေတာ့ခွန်ဆရာတော်၊ လယ်တီဆရာတော်ဘုရားကြီး စသော ဆရာတော်တို့ကလည်း ထိုနယ်ဌာနသို့ ကြွတော်မူစဉ်အခါက ကျိုက္ကသာ မှစ၍ ကေလာသတောင်ခြေ တစ်လျှောက်၌ သမုဒ္ဒရာကမ်းပါးပျက်စီးနေသည်ကို တွေ့တော်မူကြ၍-

" ကေလာသတောင်သည် ရွက်လက်ဖျားခတ်လတ္တံ့၊ မြို့ကြီးပြကြီးဖြစ်လတ္တံ့ " စသော ရှေးသူဟောင်းတို့၏ အစဉ်အလာတစ်ပါးကို တွေးခေါ်မိသည့်အတိုင်း ဝိသေသ အံ့ဖွယ်များကိုလည်း ယုံကြည်တော်မူကြောင်း အမိန့်ရှိတော်မူပါသည်။



## သထုံက တရားပွဲ

ငှင်းအပြင် မြန်မာနှစ် ၁၂၈၇ ခုနှစ်တွင် သထုံမြို့၌ တရားဟောသောအခါမှာလည်း သထုံမြို့ မြသပိတ်တောင်ခြေ စန္ဒာရုမ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသောအခါ အရှင်သဒ္ဓမ္မာစိဏ္ဏ ဆရာတော်ဟောကြားတော်မူသော တရားအဆုံး၌ -

'ညောင်ချောင်းဆရာတော်၊ ယခုဆရာတော် ညွှန်ပြအပ်သော ဤနေရာဌာနသည် ရှေးရှေးသောကာလကပင် မကြာခဏ အံ့ဖွယ် တနန်း အလွန်ထူးဆန်းသော စေတီတော်ကြီးများကို တောထဲ ချုံထဲမှာ တွေ့ဖူးသူများ ရှိခဲ့ပါသည်။'

'လွန်ခဲ့သော ၂နှစ်လောက်က ကိုပေါက်ကျိုင်း ခေါ် ဒါယကာတစ်ယောက်သည် ထိုတောသို့ ရောက်ရှိရာ အလွန်ထူးဆန်းသော စေတီတော်ကြီးတစ်ဆူကို တွေ့ရှိပြန်၍ သစ်ပင်ကို ဓါးဖြင့် ထစ်ပြီး အမှတ်အသားပြုလုပ်ထားပြီးလျှင် မြို့အုပ်မင်း ဦးသာညိုအား ပြောကြားသောကာလ မြို့အုပ်မင်းဦးသာညိုလည်း လူကြီးလူကောင်းတို့ကို နှိုးဆော်၍ အဖူးအမြော် သွားရောက်ရာ အမှတ်အသား ဓါးထစ်၍ ထားခဲ့သော်လည်း ကွယ်ပျောက်၍ သွားပြန်သည်။'

www.burmeseclassic.com

www.burmeseclassic.com


"ဤသို့ မကြာခဏ အံ့ဖွယ်တစ်နန်း အလွန်ထူးဆန်းသော စေတီတော်ကြီးများကို ဖူးတွေ့ကြရသဖြင့် သာသနာတော်ထက်ဝက်နီးသောကြောင့် နတ်တို့ သတိပေးသည်နှင့် အလားတူပါသည်။ ရည်သန်တော်မူသည့် အတိုင်း နောင်လာနောင်သားတို့အကျိုးငှာ သိလက္ခရာ ကျောက်စာကမ္ပည်း သိပ်သည်းစွာ ရေးသား၍ ကေလာသ တောင်မြင့်ဖျား၌ ဆက်ဆက်စိုက်ထားပါ"ဟု တိုက်တွန်းတော်မူလေသည်။'

ထိုအချက်တို့ပေါ်မူတည်၍ ဘီးလင်းခေါ် မြို့နယ်ဌာန၌ဖြစ်စေ၊ အကယ်၍ နေရာဌာန ကွဲလွဲခဲ့ပါသော် ဘီးလင်းခေါ် မြို့ဌာနမှ ဂါဝုတ်ယူဇနာအနည်းငယ် ဝေးကွာသော မြို့နယ်ဌာန၌ဖြစ်စေ၊ သောဏ္ဏာယ စေတီတော်ကြီးသည် ဆံတော်ဓာတ်မှန်ပါသည်ဟု သက်သေခံသည့် အလား ပေါ်လာပါလိမ့်မည် ဟု ညောင်ချောင်းဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့ပါသည်။

သုဝဏ္ဏဘူမိ၏ အစကို ရှာဖွေခြင်းသည် မြန်မာတို့၏ ဂုဏ်ကို ရှာဖွေခြင်းဖြစ်သည်။ သုဝဏ္ဏဘူမိ၏ ဂုဏ်သည် မြန်မာလူမျိုးတို့၏ ဇာတိမာန်ဂုဏ်ကို ဆိုလိုသည်။ ထို့ကြောင့် သုဝဏ္ဏဘူမိကို ရှာဖွေတွေ့ရှိခြင်းသည် သာသနာ၏ အစကို ရှာဖွေတွေ့ရှိခြင်းပင်ဖြစ်ပါသည်။

**သာသနာအစ**

သာသနာ၏ အစကို ရှာဖွေတွေ့ရှိခြင်းသည်ပင်လျှင် ထေရဝါဒ၏ အစကို ရှာဖွေ စုံစမ်းခြင်းသည်ဖြစ်တော့သည်။

**စာတမ်းဂုဏ်ရည်**

ဤသို့ဖြင့် အဆင့်ဆင့်အားဖြင့် အမျိုးဂုဏ်၊ ဘာသာဂုဏ်၊ သာသနာဂုဏ်တို့ကို ရှာဖွေခြင်းဖြစ်သည်။ ထို့ကြောင့် ဤစာတမ်း၏ ဂုဏ်သည် နိုင်ငံ၏ ယဉ်ကျေးမှုဂုဏ်လည်းဖြစ်၏။ နိုင်ငံ၏ ဇာတိမာန်ဂုဏ်လည်းဖြစ်၏။

**ဂုဏ်မြောက်လို၍**

တစ်ပြိုင် တည်းမှာပင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှု ဂုဏ်လည်းဖြစ်၏။ ဤဂုဏ်တို့ကို ဂုဏ်မြောက်ချင်သောကြောင့် သုဝဏ္ဏဘူမိ၏အစကို ရှာဖွေခြင်းဖြစ်၏။

**ပူဇော်ခြင်း**

တစ်ပြိုင်တည်း မှာပင် ဆံတော်ရှင်များ၏ အစကိုလည်း ရှာဖွေခြင်းဖြစ်၏။ ဤသို့ရှာဖွေခြင်းအားဖြင့် အမျိုး ဘာသာ သာသနာဂုဏ်တို့ကို စာအားဖြင့်လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com


စိတ်အား ဖြင့်လည်းကောင်း၊ ပူဇော်ပြီးသား ဖြစ်ပေတော့သည်။ ထို့ကြောင့် ဤစာတမ်းကြီးသည် သုဝဏ္ဏဘူမိ၏ အစလည်းဖြစ်၏။ ဆံတော်ရှင်များ သာသနာ၏ အစလည်း ဖြစ်၏။ ထေရဝါဒ သာသနာအစလည်းဖြစ်၏။

**ဆံတော်ရှင်သာသနာအစ**

ယခုစာတမ်းတွင် ဆံတော်ရှင်များ၏ အစကို ရှာဖွေခြင်းနှင့်အတူ သုဝဏ္ဏဘူမိကိုလည်း ရှာဖွေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တစ်ပြိုင်တည်းမှာပင် သုဝဏ္ဏဘူမိ၏ အစကိုလည်း တွေ့ရှိမည်။ ၎င်းပြင် ဆံတော်ရှင် သာသနာများ၏ အစကိုလည်း တွေ့ရှိမည်ဖြစ်ပါသည်။

**လူသားအစ ပုံတောင်ပုံညာက**

ထို့ကြောင့် ဆံတော်ရှင်များ၏ အစကိုရှာဖွေရာ ကမ္ဘာအစ ပုံတောင်ပုံညာကဟု ဆိုနိုင်သကဲ့သို့လည်းကောင်း၊ ကမ္ဘာ့လူသားအစ ပုံတောင်ပုံညာကဟူ၍ ဆိုနိုင်သကဲ့သို့လည်းကောင်း၊ ကမ္ဘာ့လူသားအစ မြန်မာက ဟူ၍ လည်းကောင်း၊ ဆိုနိုင်ကြောင်းကို နှစ်ပေါင်း သန်း ၄၀က အထောက်အထားများကို ပုံတောင်ပုံညာက ရှာဖွေတွေ့ရှိခြင်းဖြင့် သက်သေပြလျှက် ရှိပါသည်။

**သန်း (၄၀) က**

ဤအချက်သည် ခိုင်မာသည်နှင့်အမျှ မဟုတ်ကြောင်းကို မည်သူကမျှ မငြင်း ဆိုနိုင်ရုံမျှမက၊ ကမ္ဘာကပင် မြန်မာကို စောင့်ကြည့်နေရပေတော့သည်။ ဤသည်မှာ ပုံတောင်ပုံညာ၏ တန်ခိုး၊ အာနိသင်ပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**သာသနာအစ ရှာတော်ပုံ**

ယခုတဖန် သုဝဏ္ဏဘူမိ၏ အစနှင့်တကွ ဆံတော်ရှင်များ သာသနာ၏ အစကို ထပ်မံ တင်ပြမည်ဖြစ်ပါသဖြင့် မြန်မာတို့၏ ဂုဏ်သည် ပလ္လင်ဆောက်၍ ဂုဏ်မြောက်ပြီးသားဖြစ်နေပေတော့မည်။

**စေတနာ**

ထို့ကြောင့်ပင်လျှင် ကြိုးကြိုး စားစား တင်ပြရခြင်းဖြစ်သည်။ ဤတွင် စာစေတနာကို ကျွန်တော်ကပင် စိုက်ထုတ်၍ ငွေအသပြာ စေတနာကို သာသနာအတွက် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတရေ ဒေါက်တာခင်ရွှေ ကပင် စိုက်ထုတ်ပါသည်။

**ကျေးဇူးဆပ်**

ဤသည်တို့မှာလည်း နိုင်ငံကို မိမိတတ်စွမ်းသည့် နေရာမှ ကျေးဇူးဆပ်လိုက်ခြင်းပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခြေရာကောက်

အောက်ပါစာတမ်းတွင် ကေလာသတောင်တော်နှင့်တကွ ကေလာသ ဆံတော်ရှင်ကို တင်ပြလိုရင်းဖြစ်သော်လည်း ကေလာသကို ပေါ်လွင်အောင် ဆံတော်ရှင်များကို ခြေရာကောက်ရပါသည်။ ဆံတော်ရှင်များကို ပေါ်လွင်အောင် သုဝဏ္ဏဘူမိကို ခြေရာကောက်ရပါသည်။

## မှန်လုံးစက္ကူကပ်

ဤသို့ဖြင့် သာသနာအစ သုဝဏ္ဏဘူမိက ဟူ၍လည်းကောင်း၊ ပုဂံအစ သုဝဏ္ဏဘူမိက ဟူ၍လည်းကောင်း၊ ထေရဝါဒ သာသနာအစ သုဝဏ္ဏဘူမိ ဟူ၍လည်းကောင်း၊ မှန်လုံးစက္ကူကပ်လျှက်ရှိပါတော့သည်။

## အထောက်အထားများ

အောက်တွင် ဆံတော်ရှင်များနှင့် စပ်လျဉ်း၍ သုဝဏ္ဏဘူမိအစနှင့်စပ်လျဉ်း၍ တစ်ပြိုင်တည်းမှာပင် ထေရဝါဒ သာသနာနှင့်စပ်လျဉ်း၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်အတွက် အထောက်အထား(၃)ခု တင်ပြပါမည်။

## ပထမအထောက်အထား

(က) ပထမအချက်မှာ ရွှေတိဂုံ ဆံတော်ရှင်၏ ခိုင်မာပုံ သက်သေအထောက်အထားဖြစ်ပါသည်။ ဤခိုင်မာခြင်းနှင့် အတူ သာသနာအစသည်လည်း မြန်မာက ဟူ၍ ခိုင်မာလာသည်။ တစ်ပြိုင်တည်းမှာပင် သုဝဏ္ဏဘူမိ ဆံတော်ရှင်များသည်လည်း ခိုင်မာလာမည်။

## ဒုတိယအထောက်အထား

(ခ) ဒုတိယတစ်ချက်မှာ ဗိုလ်တထောင် ဆံတော်ရှင်များ၏ ခိုင်မာပုံ သက်သေအထောက်အထားဖြစ်သည်။ ဤခိုင်မာခြင်းနှင့် အတူ သာသနာအစသည်လည်း မြန်မာက ဟူ၍ ခိုင်မာလာသည်။ တစ်ပြိုင်တည်းမှာပင် သုဝဏ္ဏဘူမိ ဆံတော်ရှင်များသည်လည်း ခိုင်မာလာမည်။

## တတိယအထောက်အထား

(ဂ) တတိယတစ်ချက်မှာ စူဠသီရိမာသောကမင်းကြီး တကယ်ရှိခဲ့ကြောင်း အထောက်အထားသက်သေကိုလည်းကောင်း၊ တစ်ပြိုင်တည်းမှာပင် ထိုမင်းကြီးလက်ထက်မှာ ကြွရောက်လာသော အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့၏ ခိုင်မာခြင်းသက်သေကိုလည်းကောင်း၊ ခိုင်မာလာစေမည်ဖြစ်ပါသည်။

## ခိုင်မာပါ၏

ထိုခိုင်မာခြင်းနှင့်အတူ သာသနာအစသည် လည်း မြန်မာက ဟူ၍ ခိုင်မာလာသည်။ တစ်ပြိုင်တည်း မှာပင်

www.burmeseclassic.com

www.burmeseclassic.com

သုဝဏ္ဏဘူမိ ဆံတော် ရှင်များသည်လည်း ခိုင်မာလာမည်။

(က) ရွှေတိဂုံစေတီတော်အောက်မှ ဆံတော်တွင်းအကြောင်းကို ယခင်က စာတွေ့ဖတ်ရှုခဲ့ရပါသည်။ ထိုစာတွေ့တို့သည် မှန်ကန်ကြောင်းကို မျက်မြင်ပုဂ္ဂိုလ်များက ထောက်ခံလျှက်ရှိကြောင်း တင်ပြပါမည်။

၁၉၆၈ခု မတ်လ ၁၃၊ (၁၃၂၉-ခု၊ တပေါင်းလဆန်း (၁၅) ရက် ဗုဒ္ဓဟူးနေ့) ကြေးမုံသတင်းစာ စာမျက်နှာ-၁၊၇၊ ၁၅ တို့ကို ကြည့်ရှုနိုင်ပါသည်။ မှုရင်းသတင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ရွှေတိဂုံစေတီတော်ကြီးအောက်မှ အုံ့မခန်း ဆံတော်တွင်း ဗိသုကာ လက်ရာများ ရင်သပ်ရှုမောဖွယ် ဆန်းကြယ်လှ၊ လွန်ခဲ့သည့်နှစ် ၆၀ ကျော်က ဝင်ရောက်ခဲ့ ဘူးသူက ဂေါပကအဖွဲ့သို့ တင်ပြခြင်း

'လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အောက် ပေ ၆၀ ခန့်တွင် ဆံတော်တွင်း ဌာပနာတိုက်ကြီး ရှိသည်။ ဗုဒ္ဓမြတ်စွာ၏ ဆံတော်မြတ်များသည် ကရဝိက်ရွှေလှေပေါ်တွင် ကိန်းဝပ်လျှက်ရှိသည်။ ဆံတော်တို့ ကိန်းဝပ်ရာ ဌာပနာတိုက်သည် ဗိသုကာ လက်ရာအားဖြင့် အုံ့မခန်း ဆန်းကြယ်လှသည်ဟု ဆံတော်ဌာပနာတိုက်သို့ ဝင်ရောက်ခဲ့ဘူးသည်ဆိုသူ အာမေးနီးယားလူမျိုး မစ္စတာ ဒီအက်စ် အပရမေ ( ၇၃-နှစ် ) က ယနေ့ကြေးမုံနှင့် တွေ့ဆုံရာတွင် ပြောပြလိုက်သည်။'

**နှစ် (၆၀)ကျော်**

မစ္စတာ အပရမေသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော် (၁၉၀၄ ခုနှစ်) က ဆံတော်ကိန်းဝပ်ရာ ဌာပနာတိုက် အတွင်းသို့ ဆင်းသက် ကြည့်ရှုခဲ့ဖူးခြင်း ဖြစ်သည်ဆို၏။

**ဂေါပက**

မစ္စတာအပရမေက ရွှေတိဂုံစေတီဌာပနာတိုက် တည်ဆောက်ထားပုံကို ပုံစံဆွဲကာ ရွှေတိဂုံ ဂေါပကအဖွဲ့သို့ တင်ပြထားရာဂေါပကအဖွဲ့ဝင်များကလည်း မစ္စတာအပရမေကို တွေ့ဆုံမေးမြန်းပြီး ထိုနေရာကို လိုက်လံပြသစေသည်။

ဌာပနာတိုက် လိုဏ်ဂူမှာ ရွှေတိဂုံ ရင်ပြင်တော် တနင်္ဂနွေထောင့်ရှိ ဆုတောင်းပြည့်ဘုရားနှင့် ဆုတောင်းပြည့် တန်ဆောင်းနေရာတွင် ရှိသည်ဆိုသော်လည်း တန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com


နှင့် ဘုရားအား ထပ်မံမွမ်းမံ ပြင်ဆင်ထားသောကြောင့် အတိအကျပြနိုင်ခြင်းမရှိဘဲ ဆုတောင်းပြည့်စေတီ၏ လိုဏ်ဂူအောက်တွင်ရှိမည်ဟုသာ ခန့်မှန်း ညွှန်ပြသွားနိုင်သည်ဆို၏။

သော့ခတ်

အထူးအဆန်း မြင်တွေ့လိုသူများ မသမာသူများ နှောက်ယှက်ခြင်းမရှိစေရန် ထိုဆုတောင်းပြည့်စေတီ လိုဏ်ဂူကို ဂေါပကအဖွဲ့က သံတံခါးပိတ် သော့ခတ်ထားလိုက်ပြီး မစ္စတာ အပရမေ၏ တင်ပြချက်များအား လေ့လာစူးစမ်းလျက်ရှိသည်ဟု သိရသည်။

ငယ်ငယ်ရွယ်ရွယ်

မစ္စတာအပရမေကို ယနေ့ ကြေးမုံက တွေ့ဆုံမေးမြန်းရာတွင် ၁၉၀၄ ခုနှစ်၊ မိမိအသက် ( ၉ ) နှစ်သားအရွယ်တွင် သူငယ်ချင်းဖြစ်သူ ဘမွှေး၊ ဘနှစ်၊ ဘအေး၊ မောင်ချစ်ဆိုသူတို့နှင့်အတူ ရွှေတိဂုံဘုရားသို့ သွားရောက်ခဲ့ကြပါသည်။

ရသေ့ကြီး

ရွှေတိဂုံ ရင်ပြင်တော်၏ အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်)ရှိ ဥာပနာတိုက်အဝသို့ ရောက်သောအခါ ရသေ့ကြီး တစ်ပါးကိုတွေ့၍ ချဉ်းကပ်တောင်းပန်ပြီး ဥာပနာတိုက်ထဲသို့ ဆင်းခဲ့ကြပါသည်။

ယောဂီတွေ

ရသေ့ကြီး၏ ခွင့်ပြုချက်အရ ဥာပနာတိုက်ထဲသို့ ဆင်းသွားရာတွင် လမ်းတစ်လျှောက်လုံး ယောဂီဝတ်နှင့် နီဝါရောင်ဝတ် ပုဂ္ဂိုလ် ၇-ဦးကို ၈-ပေ၊ ၉-ပေခြား တစ်ယောက်ကျစီ တွေ့ရပါသည်။

၃၆-ခန်း

ဥာပနာတိုက်အောက်ပိုင်းတွင် လှေကားထစ်များ ထပ်မံတွေ့ရပါသည်။ ပတ်ပတ်လည်၌ အခန်း ၃၆-ခန်း ဖွဲ့လျက် အုတ်များဖြင့် တည်ဆောက်ထားပါသည်။အလယ်တိုင်မရှိဘဲ ခန့်ညားစွာ အခိုင်အမာ တည်ဆောက်ထားသည်။

ရေတွင်း

အခန်း ၃၆ခန်း၏ အလယ်ဗဟိုတွင် ၁၀ပေ ပတ်လည်ခန့်ရှိ ရေတွင်းတစ်တွင်းရှိပါသည်။ ထိုရေတွင်းသည် ပင်လယ်ရေအတက်အကျအလိုက် ရေအနိမ့်အမြင့်ဖြစ်ပေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ကရဝိက်လှေ

ထိုရေတွင်းထဲ၌ အလျား ၆ပေခွဲခန့်ရှိ ကျောက်မျက်ရတနာများဖြင့် ခြယ်စီထားသော ကရဝိက်လှေတစ်စင်းကို တွေ့ရပါသည်။ ထိုလှေသည် ဒီရေအတက်အကျအလိုက် ရေတွင်းထဲ၌ အနိမ့်အမြင့် လှုပ်ရှားနေပါသည်။ ထိုလှေသည် ထိုခေတ်ကာလ၌ တန်ဘိုးအရပင် လေးသိန်းထက် မနည်းတန်မည်ဟု ခန့်မှန်းရကြောင်း လူကြီးသူမများ ပြောကြားခဲ့သည်ကို ကြားခဲ့ရပါသည်။ ထိုကရဝိက်ရွှေလှေပေါ်တွင် ဆံတော်များဟု ယူဆရသော ဥာပနာများ ကိန်းဝပ်လျက်ရှိသည်ကို တွေ့ရပါသည်။ သို့သော် ပုဝါလွှမ်းထား၍ ဆံတော်ဟု အတိအကျ မပြောနိုင်ပါ။

လင်းထိန်

ထိုဌာပနာတိုက်၏ ထူးခြားချက်မှာ တစ်ခန်းလုံး လင်းနေခြင်းပင်ဖြစ်ပါသည်။ တစ်ခုသော အလင်းရောင်သည် ချိန်ခါမရွေး ရွှေလှေပေါ်သို့ ထိုးစိုက်ကျရောက်နေခြင်းကြောင့်ဖြစ်ပါသည်။

၎င်းမှ ထုထယ်ကြီးမားသော စေတီ အဆောက်အဦးကြီးကို ပင်မ အလယ်တိုင် မပါ၊ သံယက်မ မရှိဘဲ ကျောက်တုံး ကျောက်ခဲများဖြင့်သာတည်ဆောက်ပြီး ပင်လယ်ရေဝင်ပေါက်၊ ထွက်ပေါက်နှင့် အလင်းရောင် ယူထားပုံမှာ ရှေးပိသုကာများ၏ ပြောင်မြောက်သော အံ့မခန်းလက်ရာဖြစ်ပါသည်။

သုတေသန

ထိုမှ ခမ်းနားဆန်းကြယ်သော ဌာပနာတိုက်ကို မိမိကိုယ်တွေ့ မြင်ခဲ့ရခြင်းကြောင့် နှောင်းလူများ သုတေသနပြုနိုင်စေရန် မသေမီ ဖော်ထုတ်ပြောကြားလိုက်သော ဆန္ဒပေါ်ခဲ့သည်။ ထို့ကြောင့် ဂေါပကအဖွဲ့သို့ တင်ပြခဲ့ခြင်းဖြစ်ပါသည်ဟု ပြောပြလိုက်သည်။

ဇာတိ

မစ္စတာ ဒီအက်စ်အပရေမေသည် ဆိပ်ကမ်းသာလမ်း အမှတ် ၂၅ တွင် ၁၈၉၅ ခုနှစ်က ဖွားမြင်ခဲ့သည်။ မိဘများမှာ မစ္စတာ အက်စ်တီ အပရာမေနှင့် မစ္စက်ရိုစ်လူကပ်စ်တို့ ဖြစ်သည်။

မိသားစု

မက်သဒစ် ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၁၃ ခုနှစ်တွင် ဘာလ်သာဇာ ကုမ္ပဏီသို့ ဝင်ရောက် အလုပ်လုပ်ခဲ့သည်။ မြန်မာအမျိုးသမီး ဒေါ်သိန်းရွှေ ဆိုသူနှင့် အိမ်ထောင်ကျပြီး သားသမီး ၅ ယောက် ထွန်းကားသည်။

www.burmeseclassic.com

www.burmeseclassic.com


**ပန်းချီဆွဲ**

ယခုအခါ သားသမီး မြေးများနှင့်အတူ နတ်စင်ဘောက်ထော် ဇ-ရပ်ကွက်အမှတ်-၁၆၈ (ဃ)တွင် နေထိုင်လျက်ရှိသည်။ အားလပ်ချိန်တွင် ရွှေတိဂုံဘုရားပနာ တိုက်အနေအထားပုံကို ပန်းချီရေးဆွဲလျက်ရှိသည်ဟု သိရ၏။

◘ ◘ ◘

အထက်ပါ အချက်အလက်များမှာ ယခင်က ဝိုးတိုးဝါးတားဖြစ်နေခဲ့သော ဆံတော်ရှင်များ သာသနာအစကို အခိုင်အမာပြုလိုက်ခြင်းပင်ဖြစ်ပါသည်။

**ယခင့်ယခင်က မှတ်တမ်း**

အမှန်မှာက ထို့ထက် ထို့ထက် စောစောသောကာလများကပင်လျှင် မြန်မာမင်းများ၊ မွန်မင်းများတို့သည် ဆံတော်ရှင်များ အကြောင်းကိုလည်းကောင်း၊ သုဝဏ္ဏဘူမိအကြောင်းကို လည်းကောင်း အသေအချာ သိပြီးဖြစ်သဖြင့် မှတ်တမ်းများ ပြုစုခဲ့ကြပြီးဖြစ်လေသည်။

**စစ်ကဲမင်းဦးရွှေနော်**

စစ်ကဲမင်း ဦးရွှေနော်သည် ၁၈၉၉ ခုနှစ်တွင် ဆံတော်ရှင်များ သာသနာကို စေ့စေ့စပ်စပ် မှတ်တမ်းတင်ခဲ့ဖူးလေသည်။ ထို့ထက် စော၍လည်း ဓမ္မစေတီမင်းကမှတ်တမ်းတင်ခဲ့လေသည်။

**ဓမ္မဒီပ ဥဆောင်းကျမ်း**

သက္ကရာဇ် ၉၉၉ သို့မဟုတ် ထို့အထက်အလျှင်ကျသော စာတမ်းများကို စုဆောင်းထားသည့် ဓမ္မဒီပဥဆောင်းကျမ်းတွင်လည်း ဒဂုံဆံတော်ရှင်သမိုင်း ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရရာ သဘောခြင်း အတူတူပင်ဖြစ်လေသည်။

စစ်ကဲမင်း ဦးရွှေနော်၏ မှတ်တမ်းမှာလည်း လွန် စွာ စေ့စပ်သေချာလှပါသည်။

**မဒ္ဒစေတီမင်း၏ ပညာ**

ထိုမှတ်တမ်းပါ သဘောထားသည့် မဒ္ဒစေတီမင်း မှတ်တမ်းတင်ခဲ့သော ရွှေတိဂုံကျောက်စာတို့နှင့် အတူတူ ပင်ဖြစ်လေသည်။

ထိုကျောက်စာထဲတွင် မဒ္ဒစေတီမင်း ရေးထိုးခဲ့သည် မှာ အလွန် စေ့စပ် သေချာလှပါသည်။ အောက်တွင် ဖတ်ရှု စေချင်ပါသည်။

(၇)၂၅။ ရာမညအရပ်၌ ပေါက္ခရာဝတီဟူသော အသီ တဥ္စနမည်သော ပြည်၌နေထသော တပုဿ ဘလ္လိကမည်။

(၈)၂၆။ သောညီအစ်ကိုဖြစ်ထသော ကုန်သည်နှစ် ယောက်သည်။ ငါးရာသော ကုန်သည်တို့နှင့် တကွ သင်ဖေါစီး၍ သမုဒ္ဒရာကိုကူး၍ . . . မည် သော။ . . . မည်သော ချောင်း၏ အနားနှစ်(ဖ)က်ကို မှီသော

(၉)၂၇။ ဥက္ကလရစ်သို့ရောက်လေကုန်၏။ ထိုဥက္ကလ ရစ်သည် တဖန် မဇ္ဈိမဒေသလ္လဖြစ်သော မဂဓရစ် သို့သွားလို၍။ ငါးရာသော လှည်းကိုကဥ္စ် မဇ္ဈိမဒေသသို့ ရှေ့ရှု၍သွားလေကုန်၏။ ထိုသို့ သွားလေ

(၁၀)၂၈။ သာခါ။ နေရဥ္စရာချောင်းသို့ရောက်လေ၍ နေရဥ္စချောင်းကို ကူးလေ၍ မဇ္ဈိမတိုင်းမြောက် စူးစူးရှေ့မူ၍ သွား၍။ မုစလိန္ဒာသစ်ပင်ကသည် အရှေ့မြောက်ထောင့်ဖြစ်ထသော ရာဇာယ တနသ

(၁၁)၂၉။ စ်ပင်ကမူကား အရှေ့တူရူဖြစ်ထသော။ အရပ် သို့ ထိုဖုရာသိခင်တံပူစားတော်ခေါ်၍ မျက်နှာ သစ်တော်မူ၍ ထိုရာဇာယတနာသစ်ပင်၌ နေတော်မူသော (ခဏ) ၌လျှင်။ ရောက်လေ ကုန်သတည်း။

**ရွှေတိဂုံကျောက်စာ (ခ) မျက်နှာ**

(၁) ၁၂။ ဤတပုဿ ဘလ္လိကမည်သော ကုန်သည်နှစ် ယောက် လျှသော အာဟာရဆွမ်းကို

www.burmeseclassic.com

www.burmeseclassic.com


(၂) ၁၃။ တခုခု၌ ငါခံရအံ့မည်နည်းဟူ၍ ဖုရာသိခင် အား
နှလုံးတော်အကြံဖြစ်လတ်တည်း။ ထိုရှော
ခါစတုမဟာရာဇ်နတ်မင်းလေးယောက်သည်၊
ဖုရာသိခင်နှလုံး-

(၃) ၁၄။ ဤကျောက်သပိတ်လေးလုံးကို ယူခဲ့၍ လှူပေ
၏။ ဖုရားသိခင်တုံလည်း ထိုစတုမဟာရာဇ်
နတ်မင်းလေးယောက်တို့အား ကြီးစွာသော
အကျိုးဖြစ်စိမ့်သော (ငှာ)

(၄) ၁၅။ ယ်စတုမဟာရာဇ်နတ်မင်းလေးယောက်လှူ
သော သပိတ်လေးလုံးစုံကိုလျှင် ခံတော်မူလျှင်
အောက်အထက်ထပ်၍ သပိတ်တလုမ်တော
ဖြစ်စေသော ဟူ၍ အဓိဌာန်မူ

(၅)၁၆။ . . . ၏။ ထိုင်နေ့နိုက်တပုဿဘလ္လိက ကုန်
သည်နှစ်ယောက်သည်၊ ဖုရာသိခင်၏ သပိတ်
တော်နိုက်၊ မန္ထမဓုပိဏ္ဍိကကိုဝ်၊ ထည်ပေ၏၊
ရေလည်ဆောင်ခဲ့၍ ဖုရာသိခင်အား

(၆) ၁၇။ ရာသိခင်သည်၊ ပရိဘုက်တော်မူ၏။ ဖုရာသိခ်
ဘုတ်တော်မူ ဆုမ်၊ သင်တိုက်နှစ်ယောက်သည်၊
ဖုရာသိခင်ကိုဝ်ရှိခိုဝ်ရှယ်၊ တင်အပ်သောအရပ်

၌ နေကုန်၏။ ဖုရာသိခင်

(၇) ၁၈။ တြျာဟောတော်မူပေ၏။ ဖုရာသိခင်တြျာ
ဟောတော်မူဆုမ်ချင်တိုင်နှစ်ယောက်စုမ်၊
ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ ဟူသော
နှစ်ခွန်ဖွင်သရဏာဂိုမ်ကိုဝ်(ယူ). . . .

(၈) ၁၉။ ကာလ္လဖွစ်ကုန်ရှန်ဖုရာသိခင်ကိုဝ် ရှိခိုဝ်ရှယ်၊ သျှင်
ပင်ဖုရာ၊ အကျွန်ုပ်တိုင်ကာ၊ ရာမညဒေသနိုက်
အသိတည္စနနဂိုဏ်မည်သော ပြည်နိုက်နေ
သောသူတည်၊ အကျွန်. . .

(၉)၂၀။ လေ၏၊ ထိုဝ်အကျွန်နုပ်တိုင်းပြည်သိုဝ်ပွန်
လေသော၊ ထိုဝ်အကျွန်နုပ်တိုဝ်အရပ်နိုက်နေ
သော အကျွန်တိုဝင်သည်၊ သျှင်ပင်ဖုရာ၏
ကိုဝ်တော်စာပူဇော်အပ်သော

(၁၀)၂၁။ ကိုဝင်လျှင်ပတော်(မူပါ) စေသော ဟူရှယ်
တောင်ပန်ကုန်၏၊ ဖုရားသိခင်လည်း လက်ယာ
လက်တော်ဖွင် ခေါင်တော်ကိုဝ်သပ်ရှယ်ဆံ
တော်သျှစ်ချောင်ကိုဝ်ရှရှယ်၊ (ထိုဝ်)ကာန်သည်
. . .

(၁၁)၂၂။ သောက်အာပေတော်မူ၏။

www.burmeseclassic.com



အထက်ပါ ရွှေတိဂုံကျောက်စာ (က) မျက်နှာတို့သည် မွန်ဘုရင် ဓမ္မစေတီရေးထိုးခဲ့သော ကျောက်စာမှ ကောက်နုတ်ချက်များဖြစ်ပါသည်။

ထိုကောက်နုတ်ချက်များ ထဲတွင် ဘုရားသခင်သည် တပုဿ ဘလ္လိက ညီနောင်တို့အား ဆံတော်များ ချီးမြှင့်လိုက်ကြောင်း အထင်အရှား မြင်ရလေသည်။

❖ ❖ ❖

ရွှေတိဂုံမွန်ကျောက်စာတွင်ကား ထို့ထက်ပို၍ သေချာသောအချက်များရှိပါသေးသည်။

ရာမာဓိပတိဘွဲ့ ခံ ဓမ္မစေတီမင်းတရားကြီး၏ ရွှေတိဂုံမွန်ကျောက်စာနှင့် ရတနာစကြံ်န် မွန်ကျောက်စာကို ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် သီရိပျံချီ ဦးလူဖေဝင်းက ပြန်ဆိုတည်းဖြတ်ပြီးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ မွန်ယဉ်ကျေးမှု ဌာနစိတ်မှ ၁၉၅၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော ရွှေတိဂုံ မွန်ကျောက်စာတွင်ကား လူမသိသေးသော တပုဿ ဘလ္လိက ညီနောင်တို့၏ နောက်ဆက်တွဲ ဇာတ်လမ်းများကို အံ့စဖွယ်တွေ့မြင်နိုင်ပါသေးသည်။ အောက်တွင် ဖတ်ရှုစေချင်ပါသည်။

"ထို့နောက်မြတ်စွာ ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ်၊ တနေ့သ၌ ထိုသူနှစ်ဦးတို့သည် သွား၍ မြတ်စွာဘုရားထံချဉ်းကပ်ပြီးလျှင် ရှိခိုး၍ . . . အရပ်၌. . . (L.11) ထိုင်နေ၏။ မြတ်စွာဘုရားသည် သူတို့အား တရားဟောတော်မူသော်၊ တဖုဿသည် သောတာပတ္တိဖိုလ်၌ တည်၍ ဉပါသကာ အရေအတွက်သို့ ရောက်လေ၏။ ဘလ္လိကမူကား ရဟန်းပြု၍ ဝိပဿနာကို ပွားများအားထုတ်လေသော် . . . . ရတော်မူ. . (L.12)လျှင်၊ ဘလ္လိက မထေရ် ဟူသော အမည်ကိုရ၏။ တဖုဿသည် အသိတဥ္စန နဂိုရ်မြို့သို့ပြန်၍ မြတ်စွာဘုရား၏ ဆံတော်ဓါတ်စေတီ၌ ဌာပနာ. . . တမ္ဗဂုတ္တတောင်ထိပ်၌ . . . (L.13) ကျင့်ဝတ်နှင့် ပြည့်စုံသောကြောင့် အသက်အတိုင်းနေ၍ ထိုမှစုတေလေသော် နတ်ပြည်၌ဖြစ်လေ၏။"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစာသားတို့တွင် တပုဿ ဘလ္လိက ညီနောင်တို့သည် သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ဖူးမြော်ရန် အလို့ငှာ အနည်းဆုံး နောက်တစ်ကြိမ် သွားသေးကြောင်း ထင်ရှားပါသည်။

**သောတာပန်အဖြစ်**

ထို့ကြောင့်ပင်လျှင် တပုဿသည် သောတာပတ္တိဖိုလ်၌ တည်ကြောင်း သိရပါသည်။

**ဝိပဿနာကျင့်**

ငှင်းပြင် ဘလ္လိကမှာ ရဟန်းပြုကြောင်း ဝိပဿနာတရားကို ပွားများအားထုတ်ကြောင်း ဘလ္လိက မထေရ်ဟူ၍ အထင်အရှားဖြစ်ကြောင်း သိရပါသည်။

**တပုဿ ပြန်သွား**

တပုဿမှာမူကား မိမိနေရာအသိတဥ္စန မြို့သို့ ပြန်လည်သွားကြောင်း ဆံတော်ဓာတ် ဌာပနာထားသော နေရာတွင် တရားအား ထုတ်ကြောင်း၊ အကျင့်သိက္ခာနှင့် ပြည့်စုံ၍ စုတေသောအခါ နတ်ပြည်၌ဖြစ်ကြောင်းတို့ကို ပြည့်ပြည့်စုံစုံဖော်ပြထားကြောင်း၊ ရွှေတိဂုံ မွန်ကျောက်စာ တွင် ဖတ်ရှုရပါသည်။

**ရွှေတိဂုံကို လူမသိတော့**

နောက်ဆက်တွဲ သိရှိရသည်မှာ ကာလရှည်ကြာလာသောအခါ ဘုရားသခင်၏ ဆံတော်ဓာတ်ကို မသိသူများ များပြားလာသောကြောင့် ထိုရွှေတိဂုံစေတီတော်တည်ရှိရာ ကုန်းတော်မှာ ခြုံနွယ်များ ထူထပ်စွာ ဖုံးအုပ်လျှက်ရှိကြောင်း၊ လူသိနည်းကြောင်း စသည်တို့ပင် ဖြစ်ပါသည်။

**သိသူရှား**

ဤသို့ဖြင့် သက်တော်ထင်ရှား ဘုရားရှင်လက်ထက်က ရွှေတိဂုံစေတီတော်မှာ လူသိနည်းသော ဘဝသို့ ရောက်၍ နေရာကိုပင် သိသူ အလွန်ရှားပါးသွားလေသည်။

**တစ်ကြော့ပြန်**

သို့သော်လည်း နောက်ထပ်နှစ်ပေါင်း အတော်ကြာသောအခါ ဆံတော်အရှင်ကို တစ်ကြော့ပြန် ဖော်သူ ပုဂ္ဂိုလ်ထူး ပေါ်လာပြန်လေသည်။

**ဦးဆောင်သူ**

ထိုပုဂ္ဂိုလ်ထူးမှာစူဠ သီရိမာသောက ဘုရင်ကြီးဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ထူးကို ဦးဆောင်ဦးရွက်ပြု၍ ညွှန်ကြားပေးသူမှာ အရှင်သောဏနှင့် ဥတ္တရမထေရ် တို့ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပြန်လည်အသက်သွင်း

အရှင်သောဏနှင့် ဥတ္တရမထေရ်တို့၏ ဦးဆောင်မှုဖြင့် စူဠသီရိမာသောကမင်းကြီးက ဘောဂရာဇာ သာသနာဒါယကာပြုရာ ဆံတော်ရှင် သာသနာကြီးကို တစ်ကြော့ပြန်၍ သုဝဏ္ဏဘူမိ၌ ပြန်လည်အသက်သွင်းပြုစုပြန်လေသည်။

❑ ❑ ❑

<u>(ခ) ဒုတိယသက်သေပြလိုသော ဆံတော်ရှင်မှာ ဗိုလ်တထောင်ဆံတော်ရှင် စေတီတော်မှ တူးဖော်ရရှိသော ဆံတော်မြတ် သက်သေဖြစ်ပါသည်။ ထိုသက်သေသည်လည်း အလွန်ခိုင်လုံလှပါသည်။</u>

## ဖြစ်ရပ်မှန်

သာသနာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့တွင် ဆံတော်ကို ယာလက်ဖြင့် သုံးသပ်ပြီးလျှင် တပုဿ ဘလ္လိက ညီနောင်တို့အား ချီးမြှင့်လိုက်ကြောင်း ထင်ရှားပြီးဖြစ်ပါသည်။

## အမိဌာန်တန်ခိုး

ဥက္ကလာပမင်းကြီး၏ အမိဌာန်ကြောင့် ဆံတော်ရှစ်ဆူ ပကတိအတိုင်း ပြန်လည်ဖြစ်ပေါ် ပြီးသည့်နောက် သာသနာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲ လတွင် ဗိုလ်တထောင်စေတီတော်ကို စတင်တည်ထားကြောင်း သိရှိရပါသည်။



## ဒဂုံရောက် သထုံက သီရိမာသောက

ဒုတိယအကြိမ် ရသေ့ (၆) ဦးနှင့် ပုဂ္ဂိုလ် (၆) ဦး အပါအဝင် သုဝဏ္ဏဘူမိ သထုံမြသပိတ်တောင်မှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ပေးသနားတော်မူသော ဆံတော်များအနက် စူဠသီရိမာသောက မင်းကြီးသည် မိမိရရှိသော ဆံတော်မြတ်ကိုလည်း ဗိုလ်တထောင် စေတီတော်မှာ ဌာပနာကြောင်း သိရပြန်ပါသည်။

## အခြားဆံတော်များ

တစ်ဖန် ဒေဝါနံ ပီယတိဿမင်း ဆက်သသော ဆံတော်တို့ကို သံလျင် ဘောဂသေနမင်းကြီးသည် ရဟန္တာရှစ်ပါးနှင့် တိုင်ပင်ပြီးလျှင် စေတီတော်မြတ် တည်ထားရာ မဟာပစ္စသေနာပတိ သူရဲကောင်းအမတ်ကြီးကိုယ်တိုင် ဗိုလ်တထောင်စေတီတော်မှာ ဌာပနာကြောင်း သိရပါသည်။

## ဒုတိယကမ္ဘာစစ်ကြောင့်

ဤသို့ဖြင့် ဒဂုံ ဥက္ကလာပမင်း၊ သုဝဏ္ဏဘူမိ စူဠသီရိမာသောကမင်း၊ သန်လျင်ဘောဂသေနမင်း စသည်တို့ အစဉ်အဆက် ကိုးကွယ်လာကြသော ဗိုလ်တထောင် ဆံတော်ရှင်ဟု လူသိများသော ကျိုက်ဒေးအပ် ကျိုက်မွန်သာထော် စေတီတော်မြတ်ကြီးမှာ ဒုတိယကမ္ဘာစစ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

အတွင်းက စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရကြောင်း သိသင့်သလောက် သိပြီးဖြစ်ကြပါသည်။ အတိအကျမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**တွေ့ပြီ**

၁၉၄၇-ခု၊ မေလ ၁ ရက် (၁၃၀၉ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်နေ့ နံနက်(၆)နာရီအချိန်တွင် ဆံတော်ဓာတ် ဌာပနာထားသော ကျောက်စေတီတော်ကို ဖူးတွေ့ရကြောင်း သိရပါသည်။

**အုတ်ပုံကြားမှ ဆံတော်ရှင်**

၁၉၄၁ ခု၊ မေလ ၁ ရက်နေ့တွင် ပျက်စီးနေသော အုတ်ပုံကြီးကို ရှင်းလင်းကြသောအခါ ဆံတော်နှင့်တကွ ဓာတ်တော်နှစ်ဆူ ဌာပနာထားသော ကျောက်စေတီကို ဖူးတွေ့ရကြောင်း၊ ရှေးက ကိုးကွယ်ခဲ့ကြသော ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတုများကိုလည်း ပြန်လည်ရရှိကြောင်း သိရှိရပါသည်။

**ပေါ်တော်မူ**

ထိုသို့ ဌာပနာတိုက်ကြီးကို ကံကောင်းထောက်မစွာ တွေ့ရှိလိုက်ရခြင်းသည် ဖုံးကွယ်နေသော သမိုင်းကြီးကို ဖွင့်လှစ်ပြလိုက်သကဲ့သို့ ရှိပါတော့သည်။



**ဌာပနာတိုက်**

ဌာပနာတိုက်ကြီးထဲတွင် ကျောက်စေတီကလေးရှိပါသည်။ ထိုကျောက်စေတီ ကလေးမှာ အချင်း ၂၃လက်မ ရှိ၏။ အမြင့် ၃၉ လက်မ ရှိ၏။ ထိုကျောက်စေတီကလေးကို ဝိုင်းရံထားသော နတ်ရုပ်များကိုလည်း တွေ့ရပါသည်။

**မကိုင်ရဲ**

သို့သော်လည်း တွေ့ရှိသူများသည် မဖွင့်ရဲ၊ မကိုင်ရဲကြသဖြင့် ဩဝါဒ စရိယဆရာတော်ကြီးများကို ပင့်ဖိတ်လျှောက်ထား၍ ခွင့်ပြုချက်ရမှသာ အများပရိသတ်ရှေ့မှောက်၌ ဖွင့်ကြရပါသည်။

**ဆံတော်စစ်**

ထိုအခါ ဆံတော်ဓာတ်အစစ် နှင့်တကွ ဓာတ်တော်နှစ်ဆူကိုလည်း ဖူးတွေ့ကြရပါသည်။

**ပါးစပ်ရာဇဝင်မဟုတ်**

ပါးစပ်ပြောလိုလို ဖြစ်ခဲ့သောကိစ္စ၊ အစဉ်အဆက်ကတည်းက ရိုသေစွာ၊ ပြောခဲ့ကြသော ကိစ္စတို့သည် နှစ်ပေါင်း ရာထောင်ကြာလာသောအခါ လက်တွေ့ကျကျမှ ယုံလိုသူတို့အတွက် သံသယစိတ်တွေ ဖြစ်ကောင်းဖြစ်လာတတ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


**ကံကောင်းသော မြန်မာ**

သို့သော်လည်း အဆိုးထဲက အကောင်းဆိုသလို ဓာတ်တော်ကြုတ်ကြီးကို ဖွင့်လိုက်သောအခါ ဆံတော်ရှင် အစစ်ကို တွေ့မြင်ရခြင်းသည် မြန်မာနိုင်ငံအတွက် ကံကောင်းလှပါသည်။

**သက်သေ**

ထိုသို့ တူးဖော်စဉ်က တွေ့ရှိရသော အနေအထား အတိုင်း ရိုက်ကူးထားသော ဓာတ်ပုံများကို ယခုတင်ပြ လိုက်ပါသည်။ သုဝဏ္ဏဘူမိ ဆံတော်ရှင်သမိုင်းကို သံသယ ကင်းစွာ လက်ခံ နိုင်မည်ဖြစ်ပါသည်။

(ဂ) တတိယ အထောက်အထားမှာ ရွှေမော်ဓော ဆံတော်ရှင်စေတီတော်မှ တူးဖော်ရရှိသော အထောက် အထားများဖြစ်ပါသည်။

**အခိုင်မာဆုံး**

ထိုအထောက်အထားများထဲတွင် အခိုင်အမာဆုံး သော အထောက်အထားမှာ မူလပထမ ဘုရားဒါယကာကြီး ဖြစ်သော သုဝဏ္ဏဘူမိက စူဠသီရိမာသောကမင်းတရားကြီး ၏ ကိုယ်တိုင်လှူဒါန်းခဲ့သော မျက်နှာတော်ပုံ ရုပ်တုဖြစ်ပါ သည်။

**ဘီလူးရန်နိုင်ရုပ်တု**

၄င်းအပြင် ထိုမူလပထမ စူဠသီရိမာသောကမင်း တရားကြီးကိုယ်တိုင် လှူဒါန်းခဲ့သော ဘီလူးရန်နိုင် ရုပ်ပွား တော်ဖြစ်ပါသည်။

**ပို၍အရင်းကျ**

ထို့ထက်ပို၍ အရင်းကျကျ ထင်ရှားသော သက်သေ သက်ကာယများ မရှိနိုင်တော့ပါ။

**ငလျင် (၃၂) ကြိမ်**

ရွှေမော်ဓော စေတီတော်ကြီးမှာ ယခုလက်ရှိ အနေ အထား မရောက်မီအထိ ငလျင်ဒဏ်ကြောင့် (၃၂) ကြိမ်တိုင် တိုင် ပြိုပျက်ခဲ့ရကြောင်း အထောက်အထားများအရ သိရပါ သည်။

**ထီးသစ်**

၁၂၇၇ ခုနှစ်တွင် ပဲခူးမြို့၊ စစ်ကဲ ဦးမောင်ကလေး ဦးဆောင်သည့် ငှက်မြတ်နားအသစ် တင်လှူခဲ့ပါသည်။

**စောလဘောသခင်**

တဖန် ၁၂၄၄ခုနှစ်တွင် ဘိုးတော်ဘုရား တင်လှူ ခဲ့သော ထီးကိုချ၍၊ ကန္တာရဝတီ စော်ဘွားကြီးစောလဘော သခင်နှင့် သခင်မနှစ်ပါးတို့၏ ထီးတော်အသစ်ကို တင်လှူ ခဲ့ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**<u>လျှင်ကြောင့်</u>**

တဖန် ၁၂၇၄ ခု၊ တပို့တွဲလဆုတ် ၁၄ရက် ကြာသပတေးနေ့ ၁ နာရီ ၁၂ မိနစ်တွင် မြေငလျင်လှုပ်သော ကြောင့် ထီးတော်သံတိုင်ကျိုး၍ ငှက်မြတ်နားနှင့် စိန်ဖူးသည် ပထမကြေးပိုင်းသို့ ကျွန်သက်ခဲ့ပါသည်။

**<u>အသစ်တစ်ဖန်</u>**

တစ်ဖန် ၁၂၇၆ တန်ခူးလပြည့်ကျော် (၈) ရက်တွင် ငှက်မြတ်နား အသစ်ထပ်မံတင်လှူခဲ့ပြန်ပါသည်။ တစ်ဖန် ၁၂၇၄ ခု၊ ဝါဆိုလပြည့်ကျော် (၂) ရက် ကြာသပတေးနေ့ နံနက် (၄) နာရီ (၄၅) မိနစ်အချိန်တွင် ငလျင်ကြီးစွာလှုပ်သောကြောင့် တတိယဖောင်းရစ်မှစ၍ အထက်ပိုင်းတစ်ခုလုံးသည် အရှေ့အရပ် ရင်ပြင်တော်ပေါ်သို့ ပြိုကျခဲ့ပါသည်။

**<u>(၃၁) ကြိမ်မြောက်</u>**

ဤသို့ ပြိုကျခဲ့သည်မှာ (၃၁) ကြိမ်မြောက်ဖြစ်ပါသည်။ တစ်ဖန် ၁၂၈၅ - ခုနှစ်တွင် အသစ်တစ်ဖန် ပြုပြင်ခဲ့ပါသည်။

**<u>တစ်ဖန်</u>**

တစ်ဖန် ၁၂၉၂ ခု၊ ကဆုန်လဆန်း (၉) ရက် တနင်္လာနေ့ ည (၈) နာရီ (၁၅) မိနစ်တွင် ငလျင်ဒဏ်ကြောင့် အရှေ့ တောင်ထောင့် ရင်ပြင်တော်ပေါ်သို့ ခေါင်းလောင်းပုံ တစ်ခြမ်းထိအောင် ပြိုခဲ့ပြန်ပါသည်။

**<u>အကြိမ်ကြိမ်</u>**

<u>ဤသည်ကား ငလျင်ဒဏ်ကြောင့် ရွှေမော်ဓော စေတီတော်ကြီး ပြိုကျခဲ့ခြင်းမှာ ၃၂ ကြိမ်မြောက်ဖြစ်ပါသည်။</u>

❑ ❑ ❑

ဤသို့ဖြင့် ဦးတန်ခူး လဆန်း ၁၄ ရက် သောကြာနေ့တွင် ရွှေမော်ဓောစေတီအသစ်ကို အုတ်မြစ်တင်တော်မူပါသည်။

**<u>ဌာပနာတိုက် စတူး</u>**

၁၃၁၃ ခု တန်ဆောင်မုန်းလပြည့်ကျော် (၉) ရက်၊ (၂၂-၁၁-၁၉၅၁၊ ကြာသပတေးနေ့) မှစ၍ ရင်ပြင်တော်အောက် ၁၃ပေခွဲထိနက်အောင် ကျင်းကြီးကျင်းငယ် ပေါင်း ၃၂ခုကို ရင်ပြင်တော် ရှစ်မျက်နှာပတ်လည် တူးဖော်ခဲ့ပါသည်။

**<u>ပထမတွေ့ရှိချက်</u>**

ဤသို့ တူးရာတွင် ဘုရင့်နောင်၏ ရင်ပြင်တော်ကိုလည်း တူးဖော်ရရှိခဲ့ပါသည်။

**<u>ဒုတိယတွေ့ရှိချက်</u>**

ထို့ထက်ပို၍ မမ္မစေတီမင်း၏ ရင်ပြင်တော်ကိုလည်း တူးဖော်ရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## တတိယတွေ့ရှိချက်

ထို့ထက် ပို၍ စူဠသီရိမာသောကမင်း၏ ရင်ပြင်တော်ကိုလည်း တူးဖော်ရရှိခဲ့ပါသည်။

## ကထိက ဦးသက်တင်

ဤသို့ဖြင့် ကျင်း ၃၂ ကျင်း၊ ကျားကန်မြောင်း ၃၂ ခုနှင့် ဌာပနာတိုက်များကို ကထိကဆရာ ဦးသက်တင်က ကြီးကြပ်၍ တူးဖော်ခဲ့ပါသည်။

## မျက်မြင်သက်သေပြတိုက်

ထိုသို့ တူးဖော်ရာတွင် ရရှိသော ဗုဒ္ဓရှေးပစ္စည်းများကိုလည်းကောင်း၊ ရုပ်ပွားတော်များကိုလည်းကောင်း၊ ဘုရင်ရုပ်တုတော်များကိုလည်းကောင်း၊ ရွှေမော်ဓောယာယီပြတိုက်ကို ၁၃၁၃ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့ (၁၂-၃-၁၉၅၂) တွင် ထူထောင်ခဲ့ပါသည်။

## စရံတူး

ဤသို့ဖြင့် ယခုသွားလာနေကြသော ရွှေမော်ဓောရင်ပြင် ရှစ်မျက်နှာ ပထမ ပန်းတင်ခုံအရင်းတွင် ရင်ပြင်တော်အောက် ၁၃ ပေ ၆ လက်မ အထိ ကျင်းပေါင်း ၃၂ ကျင်း တူးဖော်ကြရာ ကထိက ဆရာဦးသက်တင်က ကြီးကြပ်ခဲ့ပါသည်။



## ဘုရင့်နောင်ရင်ပြင်တော်

ဘိုးတော်မင်းတရားကြီး၏ ရင်ပြင်အောက် ၂ ပေ ၄လက်မအကွာတွင် ဘုရင့်နောင်၏ ရင်ပြင်ကို တွေ့ရှိရပါသည်။ ထိုရင်ပြင်သည် သဲကျောက်ညိုပြား ရင်ပြင်ဖြစ်၏။ ခုနှစ်သည် မြန်မာသက္ကရာဇ် ၉၂၉ ခု၊ သာသနာနှစ် ၂၁၁၁ ခု လက်ထက်က လက်ရာဖြစ်ကြောင်းသိရပါသည်။

## ဓမ္မစေတီရင်ပြင်တော်

ထိုဘုရင့်နောင် ရင်ပြင်တော်အောက် ဆက်လက်၍ တူးဖော်ပြန်သော်အခါ ၁ပေ ၂လက်မ အရောက်တွင် ဓမ္မစေတီမင်း၏ ရင်ပြင်တော်ကို ထပ်မံတွေ့ရှိရပါသည်။ ထိုရင်ပြင်သည် ထုံးကျောက်ဖြူပြား ဖြစ်၏။ သက္ကရာဇ် ၈၃၂ ခု၊ သာသနာနှစ် ၂၀၁၄ ခုနှစ်က ခင်းခဲ့ကြောင်း သိရပါသည်။

## ဗညားဦးရင်ပြင်တော်

ထိုရင်ပြင်တော်အောက် ဆက်၍တူးပြန်သောအခါ ကပ်လျက် နေရာတွင် အုတ်ရင်ပြင်ကို တွေ့ရပါသည်။ ထိုအုတ်ရင်ပြင်မှာ ဗညားဦးလက်ထက်ကဖြစ်ပါသည်။ သက္ကရာဇ် ၇၁၄ ခု၊ သာသနာနှစ်၊ ၁၈၉၆ ခုက လက်ရာဖြစ်ကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆက်၍တူးခဲ့

ဤသို့ဖြင့် ထိုရင်ပြင်တော်အောက်သို့ ဆက်၍ ဆက်၍ တူးခဲ့ပါသည်။ အရှေ့မြောက်ယွန်း ကျင်းထဲတွင် ခုံတုံးတစ်ခု တွေ့ခဲ့ရပါသည်။ အရှေ့နှင့် အရှေ့တောင် ဆုံရာတွင်လည်း နောက်ခုံတုံးတစ်ခု ထပ်မံတွေ့ရပြန်ပါသည်။ အရှေ့တောင်နှင့် တောင်မျက်နှာဆုံရာတွင်လည်း ထုပါရုံ ဂဝံကျောက်မြေသည် အောက်ပိုင်းကို တွေ့ရပါသည်။ တောင်မျက်နှာနှင့် အနောက်မျက်နှာဆုံရာ အရပ်ဖြစ်သော ဒေါင့်ကျင်းတွင် အုတ်ပလ္လင်ကို တွေ့ရပါသည်။

## အုတ်တိုင်ကြီး

ထိုကျင်းတွင်ပင် အုတ်တိုင်ကြီးတစ်ခုကို တွေ့ရရာ တိုင်းတာသောအခါ အမြင့် ၁၃ ပေ ၁၁ လက်မ ရှိကြောင်း အဝန်း ၁၆ပေပတ်လည် ရှိကြောင်း သိရပါသည်။

## နောင်လာနောင်သားများအတွက်

ထိုဖြတ်ပိုင်းအစကို နောင်လာနောင်သားများ တွေ့မြင်နိုင်အောင် ရည်သန်၍ ပျော်ဘွယ်ကြီးတန်ဆောင်း အနီး၌ စိုက်ထူထားခဲ့ကြောင်း အသေအချာ သိရပါသည်။

## ထူးခြားချက်

ထူးခြားသည်မှာ အနောက်တောင်နှင့် အနောက်မျက်နှာဆုံရာအရပ်တွင်ရှိသော ကျင်းကြီးဖြစ်လေသည်။ ထိုကျင်းကြီးထဲတွင် သုဝဏ္ဏဘူမိက စွဲသီရိမာသောက ဘုရင်မင်းမြတ် ရှေးဦးစွာ တည်တော်မူခဲ့သော ရွှေမော်ဓော တိုက်စေတီ၏ အုတ်ခုံတုံးကို တွေ့ရခြင်းဖြစ်ပါသည်။



## အုတ်လှေကားများ

ထိုနည်းတူ အနောက်မျက်နှာ အလယ်ကျင်းတွင်လည်း အုတ်လှေကားထစ်များ တွေ့ရသည်။

ထိုနည်းတူ အနောက်မြောက်မျက်နှာ ဆုံရာတွင်လည်း အုတ်ခုံတုံးတစ်ခု တွေ့ရပြန်သည်။

ထိုနည်းတူစွာ အနောက်မြောက်နှင့် မြောက်အရပ် ဆုံရာ အရပ်တွင်လည်း ခုံတုံးတစ်ခု တွေ့ရပြန်ပါသည်။

## တပင်ရွှေထီး မိဖုရားရုပ်တု

မြောက်မျက်နှာ အလယ်ကျင်းမှာ တပင်ရွှေထီး မင်း၏ မိဖုရားအရုပ်ထုထားသော ဂဝံကျောက်တိုင်ကို တွေ့ရှိရခြင်းမှာ အလွန်ထူးခြားပါသည်။

## ဥာပနာတိုက် ပွင့်ပြီ

ဘိုးတော်မင်းတရားကြီး၏ ပန်းတင်ခုံများ အုတ်ရိုးကိုဖြတ်၍တူးရာ ဥာပနာတိုက်ခန်းငယ် (၁၆)ခု ပွင့်လာကြောင်းတွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပထမဒါယကာ စူဠသီရိမာသောကကို တွေ့ပြီ

ပထမပန်းတင်ခုံ၏ မြောက်မျက်နှာအလည်တည့်တည့်တွင်ရှိသော ဥာပနာတိုက်ခန်းမ အလွန်ထူးခြားသော ရှေးဟောင်းပစ္စည်းများ အထင်အရှား တူးဖော်ရရှိပါသည်။ ထိုပစ္စည်းများမှာ အခြားမဟုတ်၊ ရွှေမော်ဓော၏ ပထမဒါယကာဖြစ်သော သုဝဏ္ဏဘူမိမှ စူဠသီရိမာသောကမင်းကြီး လှူဒါန်းခဲ့သော ဘီလူးရန်နိုင် ရုပ်ပွားတော်ကြီးနှင့် အခြားသော ရုပ်ပွားတော်များဖြစ်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်ပေါင်း (၂၁၆)ဆူ တူးဖော်ရရှိပါသည်။

## ရာဇဓာတုကလျာ၏ ကျောက်ဖျဉ်

ယင်းပန်းတင်ခုံ အရှေ့မျက်နှာ အလယ်တည့် တည့် ဥာပနာတိုက်ခန်းမှလည်း ရွှေချကျောက်ဖျဉ်တစ်ခုကို တူးဖော်ရရှိခဲ့ပါသည်။ ဘုရင့်နောင်၏ သမီးတော် ရာဇဓာတုကလျာ လှူခဲ့သော ကျောက်ဖျဉ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## မျက်ဝါးထင်ထင်

ဤသို့ဖြင့် စူဠသီရိမာသောကမင်းလက်ထက်မှ စ၍ ယနေ့ ယခု ကာလအထိ နှစ်ပေါင်း (၂၅၀၀) ပတ်ဝန်းကျင်က ရှေးဟောင်းပစ္စည်းများကို မျက်ဝါးထင်ထင် တူးဖော်ရရှိခဲ့

BURMESE CLASSIC .com



သည်ဖြစ်ရာ သာသနာသက္ကရာဇ် ၂၃၅-ခုနှစ်က သုဝဏ္ဏဘူမိတွင် စံစားခဲ့သော စူဠသီရိမာသောကမင်းကြီး၏ အထောက်အထားများပင်ဖြစ်ပါသည်။

## သက်သေအတိအကျ

ထိုအထောက်အထားများနှင့်အတူ စူဠသီရိမာသောကမင်းကြီး လက်ထက်က အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့၏ ညွှန်ကြားမှုကြောင့် ဘောဂရာဇာ ဘုရားဒါယကာ စူဠသီရိမာသောကမင်းကြီးသည် သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာကို တစ်ကြော့ပြန် ပြုစုခဲ့ကြောင်း သက်သေ အထောက်အထားများ ဖြစ်ပါတော့သည်။ ထို့ထက် ခိုင်လုံသော သက်သေ အထောက်အထားများကို မည်သို့ ရှာနိုင်ပါတော့မည်နည်း။

ဤသို့ဖြင့် (က) ရွှေတိဂုံဆံတော်ရှင် ကိစ္စကြီးသည်လည်းကောင်း၊ (ခ) ဗိုလ်တထောင်ဆံတော်ရှင် ကိစ္စကြီးသည်လည်းကောင်း၊ (ဂ) စူဠသီရိမာသောကမင်း ကိစ္စကြီးသည်လည်းကောင်း၊ သက်သေအထောက်အထားများဖြင့် အထင်အရှား ဖြစ်လာပြီဖြစ်ပါသည်။

## ကိစ္စတွေရှင်း

ဤသို့ဖြင့် စူဠသီရိမာသောကမင်းကြီး၏ ဆရာအရှင်များဖြစ်သော အရှင်သောဏနှင့် ဥတ္တရမထေရ်တို့၏

www.burmeseclassic.com

www.burmeseclassic.com


ကိစ္စကြီးသည်လည်းကောင်း၊ ထိုမင်းတရားကြီး စံတော်မူသော ကေလာသတောင်ခြေက သုဝဏ္ဏဘူမိ မြို့တော်ကြီးကိစ္စကိုလည်းကောင်း၊ ရေတစ်ဝက် ကုန်းတစ်ဝက် တည်ရှိနေသော ဆံတော်ရှင်များမှအစ သုဝဏ္ဏဘူမိတစ်ခွင် ဆံတော်ရှင်များကိစ္စကြီးသည်လည်းကောင်း ခိုင်ခိုင်မာမာ ဖြစ်လာပါတော့သည်။

သက်တော်ထင်ရှား မြတ်ဘုရား ဝါတော်(၈)ဝါ ရရှိတော်မူသော ကာလတွင် သုဝဏ္ဏဘူမိသို့ ကြွလာခြင်းမှာ အရှင်ဂဝံပတိမထေရ်၏ ကောင်းမှုကြောင့် ဖြစ်ကြောင်း သိရပါသည်။

**ရေပြင်ကြီးအောက်မှာရှိ**

ဤတွင် သိရမည့်အချက်တစ်ချက်မှာ ထိုကာလ မြတ်စွာဘုရား ကြွတော်မူစဉ်တွင် ဟံသာဝတီမြို့ပြ တည်ရာ အရပ်သည် ပင်လယ်ရေပြင်ကြီး ဖြစ်နေကြောင်းပင်ဖြစ်ပါသည်။

**ယခုနှင့် လုံးဝမတူ**

အမှန်စင်စစ်အားဖြင့်ကား ဟံသာဝတီ ပဲခူးသာလျှင် မဟုတ်သေး။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက် ပတ်လျှက်ရှိသော ပင်လယ်ကမ်းရိုးတန်းသည်လည်း ယခုခေတ် မြေပုံထဲတွင်ပါသော ပင်လယ်ကမ်းရိုးတန်းနှင့် လုံးဝ တူလိမ့်မည်မဟုတ်ကြောင်း ရိပ်မိနိုင်ပါသည်။

**ပင်လယ်အောက်က**

အမှန်မှာ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည်လည်း ပင်လယ်ရေအောက် ကြမ်းပြင်ဘဝ ရှိသေးသည်။

**စစ်တောင်း**

စစ်တောင်းမြစ်ဝ ကျွန်းပေါ်ဒေသသည်လည်း ပင်လယ်ရေအောက်ကြမ်းပြင်ဘဝ ရှိသေးသည်။

**ရခိုင်**

ရခိုင်ကမ်းမြောင်ဒေသနှင့်တကွ တနင်္သာရီ ကမ်းမြောင်ဒေသတို့သည်လည်း ပင်လယ်ရေအောက်ကြမ်းပြင်ဘဝ ရှိကြသေးသည်။

ထိုကာလက ပင်လယ်ပြင်ကြီးသည် ယခုလက်ရှိ ပြည်မြို့ အောက်နားအထိ ရောက်ခဲ့ကြောင်းကို ပညာမျက်စိ၊ ဉာဏ်မျက်စိဖြင့် ရှုမြင်သုံးသပ်စေချင်ပါသည်။

**ဆိပ်ကမ်းမြို့တွေဖြစ်**

ထိုခေတ် ထိုကာလ အချိန်များကဆိုလျှင် ပင်လယ်ဆိပ်ကမ်းမြို့များမှာ ယခုလက်ရှိ ပြည်၊ သရေခေတ္တရာ၊ သထုံ

www.burmeseclassic.com

www.burmeseclassic.com

သုဝဏ္ဏဘူမိ စသော ဒေသများဖြစ်ပေလိမ့်မည်ဟု ပညာမျက်စိ၊ ဉာဏ်မျက်စိဖြင့် ရှုမြင်သုံးသပ်စေချင်ပါသည်။

**ဆန္ဒန်ဂူက ပင်လယ်ဝ**

ဤသို့ဖြင့် ဆဒ္ဒန်ဂူပတ်ဝန်းကျင်ဒေသ တစ်ဝိုက်သည်လည်း(ရှေးရှေးအခါက ဆဒ္ဒန်ဆင်မင်းဘဝ အလောင်းတော် ခိုအောင်းခဲ့သည်ဆိုသော ဒေသများသည်လည်း) ပင်လယ်ကြမ်းပြင်ဘဝသာရှိပေလိမ့်မည်ဟု စိတ်မျက်စိဖြင့် ပညာမျက်စိ၊ ဉာဏ်မျက်စိဖြင့် ရှုမြင်သုံးသပ်နိုင်ပါသည်။

**ဇွဲကပင်သဘော်ဆိပ်**

ထို့ကြောင့်ပင်လျှင် ဇွဲကပင်တောင်ပတ်ဝန်းကျင်သည် သင်္ဘောများ စိုက်ကပ်ရာ ဌာနဖြစ်နိုင်ကြောင်း ပညာမျက်စိ၊ ဉာဏ်မျက်စိဖြင့် ရှုမြင်သုံးသပ်နိုင်ပါသည်။

**ပဲခူးသည် ပင်လယ်စပ်မှာ**

ဤသို့ဖြင့် မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်ကာလ (၈)ဝါ မြောက်သော ကာလတွင် သုဝဏ္ဏဘူမိသို့ ကြွလာခဲ့သောအခါကာလ သမယ၏ ရေပြင် အနေအထား၊ မြေပြင်အနေအထားတို့ကို မှန်းဆကြည့်နိုင်ပါသည်။

**၁၅-ရာစု မှတ်စု**

ထို့ကြောင့်ပင်လျှင် ၁၅ ရာစုကာလတွင် မှတ်တမ်းတင်ခဲ့သော အနောက်နိုင်ငံသား ခရီးသွား ကုန်သည်များတို့၏ မှတ်တမ်းများထဲတွင် ပဲခူးမြို့သည် မုတ္တမပင်လယ်ကွေ့ပေါ်တွင် တည်ရှိနေသော ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်ဟု စိတ်မျက်စိဖြင့် ရှုမြင်ခံစားနိုင်ပါသည်။



❀ ❀ ❀

သာသနာနှစ် ၂၃၅-ခုနှစ်တွင် အိန္ဒိယပြည်၌ အသောက မင်းတရားကြီးသည် တတိယ သင်္ဂါယနာတင်ပြီးသည့်နောက် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် တို့ကို သုဝဏ္ဏဘူမိသို့ စေလွှတ်လိုက်သော အချိန်တွင် <u>သုဝဏ္ဏဘူမိ တစ်ခွင်တစ်ပြင် ပဲခူးအပါအဝင်အထိ သာသနာတော်ကြီး ကွယ်ပလျက် ရှိကြောင်း သိရပါသည်။</u>

**တစ်ကြော့ပြန်**

ထို့ကြောင့် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့က သုဝဏ္ဏဘူမိ ဆံတော်ရှင်သာသနာကို တစ်ကြော့ပြန် ပြုစုရခြင်းဖြစ်သည်။

**လူရိုင်းတွေ ရှိ**

ထိုခေတ် ထိုအခါက လူသားစား လူရိုင်းများပင် ကမ်းရိုးတန်းတစ်လျှောက်တွင်ရှိနေကြောင်း အဆိုရှိပါသည်။

www.burmeseclassic.com


## ဝေဟင်မှကြွခဲ့

ထိုအရှင်နှစ်ပါး သာသနာပြုရန် ရေပြင်၊ ဝေဟင်ပေါ်မှ ကြွလာသောအချိန်တွင် သုဝဏ္ဏဘူမိ သထုံပြည်တွင် စူဠသီရိမာသောကမင်း အုပ်စိုးနေသော အချိန်ကာလဖြစ်ပါသည်။

## ဟောမပြီးသေး

ထိုသို့ သာသနာပြုရန် ကြွရောက်လာသည့် အချိန်အခါအထိ ပိဋကတ်စာပေများကိုလည်း ဘုရားသခင်သည် အပြည့်အစုံ များစွာ ဟောကြား၍ မပြီးသေးကြောင်း တွေးဆ၍ သိနိုင်ပါသည်။ ထိုကာလက သက်တော်ထင်ရှား ဗုဒ္ဓမြတ်ဘုရားသည် ဝါတော် (၈) ဝါမျှသာ ရှိပါသည်။

## ဝေသာလီမှာ

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောကာလတွင် ဝေသာလီမှာ ဒုတိယသင်္ဂါယနာ တင်သောကာလသည် သာသနာသက္ကရာဇ် (၁၀၀) ဖြစ်ပါသည်။

## နန်းသက်ရှည်ကြာ

ထိုကာလတွင် ဒွတ္တပေါင် မင်းကြီးသည် သရေခေတ္တရာ၌ ဘုရင်အဖြစ် စံစားလျှက်ရှိသည်။ သူ့ခေတ်သည် သာသနာနှစ် ( ၁၀၁ မှ ၁၇၀ ) အထိဖြစ်ပါသည်။

## စောစောစီးစီး သာသနာ

အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ ကြွလာသောကာလမှာ သာသနာသက္ကရာဇ် (၂၃၅) ဖြစ်ရကား ထိုကာလတွင် သရေခေတ္တရာ၌ ထေရဝါဒ သာသနာ ထွန်းကား လျှက်ပင်ရှိပါသေးသည်ဟု သိရပါသည်။

## လူမသိ သူမသိ

သို့သော် သာသနာ (၂၃၅) တွင်ကား သုဝဏ္ဏဘူမိ တစ်ခွင်သည် သာသနာကွယ်ပျောက်သော ဒေသဖြစ်နေသဖြင့် ဆံတော်ရှင်များနေရာကိုပင် လူမသိ သူမသိ ဖြစ်နေပါသည်။

## ရှာပုံတော် ဖွင့်

ထို့ကြောင့် အရှင်သောဏနှင့် ဥတ္တရ မထေရ် တို့၏ ညွှန်ကြားမှုဖြင့် စူဠသီရိမာသောက မင်းတရားကြီးသည် ဆံတော်ရှင်များတည်ရာကို လှံ့လဖြင့် ရှာဖွေလျှက် သာသနာပြုရပါသည်။

## ဆရာကောင်းရှိ၏

ဘုရားဒါယကာ စူဠသီရိမာသောကမင်းသည် ဆံတော်ရှင်စေတီများကို ပြန်လည်ဖော်ထုတ်သည်မှာ ဆရာကောင်းများ၏ ညွှန်ကြားမှုကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**ချုံနွယ်ကြားမှာ စံစား**

သုဝဏ္ဏဘူမိ မြို့တော်အနီးတစ်ဝိုက်ရှိ ကျိုက်တဲဆံတော်ရှင်စေတီတော်ကြီးကိုလည်းကောင်း၊ ကေလာသတောင်ထိပ်ရှိ ကေလာသ ဆံတော်ရှင် စေတီတော်ကြီးကိုလည်းကောင်း၊ ချုံနွယ်ပိတ်ပေါင်းများကြားမှာ ပြန်လည်ဖော်ထုတ်ခဲ့ရကြောင်း သိရှိရပါသည်။

**ကျိုက်တလန်း**

ထို့နောက် ကျိုက်တလန်း စေတီတော်ကိုလည်း ထပ်မံ မွမ်းမံတည်ဆောက်ကြောင်း သိရပါသည်။

**တောချုံ လွှမ်းခြုံ ရွှေတိဂုံ**

ထိုမျှသာမကသေး။ တောချုံများ ဖုံးလွှမ်းနေသဖြင့် လူမသိတော့သော ဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း သွားရောက်ရှာဖွေကာ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းလျှက် ပြန်လည် ဖော်ထုတ်ခဲ့ရကြောင်း သိရပါသည်။

**ကျိုက်ခေါက်၊ မနုတ်**

၎င်းအပြင် ကျိုက်ခေါက်စေတီ၊ မနုတ်စေတီတော်တို့ကိုလည်း တည်ထားခဲ့ကြောင်း သိရပြန်ပါသည်။ စူဠသီရိမာသောက၏ သာသနာပြုခြေလှမ်းသည် သံလျင်၊ ကျိုက်ခေါက်အထိ ရောက်ရှိခဲ့ပါသည်။



**ရွှေမော်ဓောသို့**

ဒဂုံဆံတော်ရှင်မှ အပြန်တွင် တဖန် ဟံသာဝတီသို့ ဝင်ရောက်၍ ရွှေမော်ဓော ဆံတော်ရှင်စေတီတော်ကြီးကိုလည်း ပြန်လည်ပြုပြင်မွမ်းမံခဲ့ပါသည်။

**မိမိပုံတူဌာပနာ**

ထို ဆံတော် ဌာပနာတိုက်တွင်လည်း မိမိ၏ ပုံတူဦးခေါင်းတော်ကိုလည်း ဌာပနာခဲ့ပါသည်။

**ဘီလူးရန်နိုင် ဌာပနာ**

၎င်းအပြင် ဘီလူးရန်နိုင် ရုပ်ပွားတော်ကိုလည်း ဌာပနာတော်မူခဲ့ပါသည်။ (ထိုဌာပနာတိုက်ထဲတွင် ထိုရှေးဟောင်းပစ္စည်းများကို အခိုင်အမာ ပြန်လည်တွေ့ရှိရကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။)

**ကျိုက္ကသာ**

သုဝဏ္ဏဘူမိသို့ အပြန် ကျိုက္ကသာ၊ ကျိုက်ထို စေတီတော်တို့ကိုလည်း ပြန်လည်မွမ်းမံခဲ့ကြောင်း သိရပါသည်။

**ကျိုက်ထီးရိုး**

၎င်းအပြင် ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားကိုလည်း သွားရောက်ရှိခိုးပြီး ဇရပ်၊ တန်ဆောင်းများ၊ လမ်းများ ဖန်တီးခဲ့ကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**အောင်မြင်**

အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘူမိ ပတ်ဝန်းကျင်သာသနာများကို ပြုစုရာတွင် အလွန် အောင်မြင်ခဲ့ကြောင်း သိလာပါသည်။

**ဒဂုံသို့ လွှတ်ခဲ့**

ထိုအရှင်နှစ်ပါးတို့သည် အရှင်သောမာယ မည်သော ရဟန်းတော်တစ်ပါးကိုလည်း တပည့်လက်ထောက် သာသနာပြုအဖြစ် ဒဂုံသို့ စေလွှတ်လိုက်ကြောင်း သိရပါသည်။

**သီဟကျွန်း**

ထိုအရှင်သောမာယသည် ပေါက္ခရဝတီ၌ အစဉ်အမြဲ သီတင်းသုံးကြောင်း လက္ခိယကျွန်း၊ သီဟကျွန်းများ၌ သာသနာတော်ပြုစုကြောင်း သိရပါသည်။

**ခေါလကရသေ့**

ထိုအရှင်လက်ထက်တွင် ခေါလက ရသေ့သည် သာသနာတော်ကို ယုံ ကြည်သဖြင့် ရဟန်းဝတ်ကြောင်း သိရပါသည်။

**အာသောကမင်းထံသွား**

ထိုအရှင်ခေါလကသည် ဆရာဖြစ်သူ အရှင်သောမာယနှင့်အတူ အိန္ဒိယနိုင်ငံ ပါဋလိပုတ် နေပြည်တော် အာသောကမင်းတရားထံ သွားရောက်ခဲ့ကြောင်း၊ ဘုရားသခင်၏ မွေတော် ဓာတ်တော်များကို ပူဇော်ရန်အလို့ငှာ တောင်းခံခဲ့ကြောင်း၊ ထိုအခါ ဆံတော် ၂၄ ဆူ ရခဲ့ကြောင်း ထိုအခါ သီဟကျွန်းသို့ ပြန်ခဲ့ကြောင်း၊ ထိုအခါ ထိုသီဟကျွန်းရှိ ပါဒ အမည်ရှိသော သင်္ဘောဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း၊ ထိုအခါ ထိုပါဒမြို့၌ ဆံတော်နှစ်ဆူကိုးကွယ်ရန် ပေးခဲ့ကြောင်း၊ နောင်အခါ ထိုဆံတော်များကို ကျိုက်ဒေးရစေတီတွင် ဌာပနာကြောင်း စသည်တို့ကို သိရှိရပါသည်။

**ဆံတော် ၂၄ ဆူ ရခဲ့**

ဤသို့ဖြင့် ဆံတော်ရှင်ဘုရားကို တမော့ရွာမှာ ၁ဆူ၊ ကလွန်ပွန်ရွာမှာ ၁ ဆူ၊ ကနိမ်ရွာမှာ ၁ ဆူ၊ ကနော့ရွာမှာ ၁ ဆူ၊ မွန်နော်ရွာမှာ ၁ ဆူ၊ သလိုင်ရွာမှာ ၁ ဆူ၊ မော်ဝန်းရွာမှ ၁ ဆူ၊ ကန်တီရွာမှာ ၁ ဆူ၊ ခပိရွာမှာ ၁ ဆူ၊ သနော်တိုက်ရွာမှာ ၁ ဆူ၊ အလွဲအိပ်ရွာမှာ ၁ ဆူ၊ ပဝံဂေးရွာမှာ ၁ ဆူ၊ ယခင်းရွာမှာ ၁ ဆူ၊ ဝိသုံရွာမှာ ၁ ဆူ၊ ပရိရွာမှာ ၁ ဆူ၊ သံလျှင်ရွာ(စကားရွာ) မှာ ၁ ဆူ စသည် စသည်ဖြင့် ဆံတော်ရှင်စေတီတော်များ တည်ခဲ့ကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းပုတ်ကုန်း

သုဝဏ္ဏဘူမိသထုံမင်း စူဠသီရိမာသောကသည် လှိုင်းပုတ်ကုန်း၌ ဆံတော် ၆ ဆူ ကိန်းဝပ်တော်မူရန် တိုက်စေတီ ၁ လုံးကို သာသနာနှစ် ၂၄၁ တွင် တည်ထားခဲ့ကြောင်း သိရပါသည်။

ရှင်စောပုသက်သေ

ထို့ကြောင့်ပင်လျှင် ကျိုက်ခေါက်စေတီကို သထုံမင်းများနှင့် သရေခေတ္တရာမင်းတို့သည် အစဉ်အဆက်မပြတ် ပြုစုခဲ့ကြောင်း ရှင်စောပု၏ ကျောက်စာသမိုင်းထဲတွင် အဆိုရှိပေသည်။

တိမ်မြုပ်နေခဲ့

စူဠသီရိမာသောကမင်းလက်ထက်က ကျိုက်ခေါက်စေတီသည် တိမ်မြုပ်၍နေခဲ့ရာ သာသနာနှစ် ၉၃၆ ခု သို့ ရောက်သောအခါမှ ပြန်လည်ပေါ်ထွန်းလာပြန်လေသည်။

ဓမ္မပါလ

အဘယ့်ကြောင့်ဆိုသော် သထုံမင်း ဓမ္မပါလသည် ကျိုက် ခေါက်တွင် ဂဝံကျောက်အုတ် တန်ဆောင်းအသစ်ကို လှူဒါန်းသောကြောင့်ဖြစ်ပါသည်။



သုဝဏ္ဏဘူမိတစ်ခွင်တွင် ဆံတော်ရှင် စေတီတော်များမှာ နေရာအနှံ့အပြား ကိန်းဝပ်လျှက်ရှိကြောင်း သိရပါသည်။

ရှေးအကျဆုံး ကျိုက်ထီးဆောင်း

ထိုဆံတော်ရှင်များအနက် ရှေးအကျဆုံး တည်ထားခဲ့သော ဆံတော်ရှင်မှာ သုဝဏ္ဏဘူမိတွင် ဆံတော်ရှင် ၆ ဆူအနက် ပထမဆုံးသော ဆံတော်ရှင်မှာ ကျိုက်ထီးဆောင်း ဆံတော်ရှင်ဖြစ်ကြောင်း သိရပါသည်။

တွေ့ရသမျှ

တွေ့ရှိရသမျှသော ဆံတော်ရှင်များနှင့် စပ်လျဉ်း၍ များစွာ စိတ်ဝင်စားဖွယ်ရာကောင်းပါသည်။

(၁) ပေပေါင်း ၃၆၁၈ ပေ မြင့်သော ပေါင်းလောင်းတောင်တန်းပေါ်ရှိ ကျိုက်ထီးရိုးတောင်ပေါ်က ကျိုက်ထီးရိုး ဆံတော်ရှင်

(၂) ပေပေါင်း တစ်ထောင်ကျော် မြင့်သော ကေလာသ တောင်တည်းဟူသောဆံတော်ရှင်များ ဝေငှရာ တောင်တော်ပေါ်တွင် ရှိသော ကေလာသ ဆံတော်ရှင်

(၃) ဒိုးယွန်းတောင်ပေါ်တွင်ရှိသော ကျိုက်ဒေးယဲ့ ဆံတော်ရှင်

www.burmeseclassic.com

www.burmeseclassic.com


(၄) ပေပေါင်း ၃၀၂၂ပေမြင့်သော ဂစ္ဆဂီရိတောင်ပေါ်ရှိ ဇင်းကျိုက်ဆံတော်ရှင်

(၅) ပေပေါင်း ၂၇၇၂ ပေ မြင့်သော ဗန္ဓဝဂီရိတောင်ပေါ်တွင်ရှိသော ဖွဲ့ကပင်ဆံတော်ရှင်

(၆) ကုသိနာရုံတောင်ပေါ်တွင်ရှိသော ကုသိနာရုံဆံတော်ရှင်

(၇) ကျိုက်ထီးဆောင်းဆံတော်ရှင် စသည်တို့အပြင် လူသိနည်းသဖြင့် တိမ်မြုပ်နေသေးသော

(၈) မွတ်လအဒိတောင်ပေါ်မှ ဆံတော်ရှင်

(၉) မွတ်လအပ်တောင်ပေါ်မှ ဆံတော်ရှင်

(၁၀) ကျိုက္ကာမီတောင်ပေါ်မှ ဆံတော်ရှင်

(၁၁) မဲလံတောင်မှ ဆံတော်ရှင်

(၁၂) ဒိုကမော့ ခတွန်ဂလိုင်တောင်မှ ဆံတော်ရှင်

(၁၃) ဆောင်ခဲတောင်ပေါ်မှ ဆံတော်ရှင် စသော ဆံတော်ရှင်များလည်း ရှိပါသေးသည်။ သို့သော်လည်း ထိုဆံတော်ရှင်များက လူသိနည်းသော်လည်း သိသူ များ များစွာရှိပါသေးသည်။ ထို့ထက် ထို့ထက် ပို၍ ပို၍ အရောက်အပေါက်နည်းသဖြင့် ပို၍ ပို၍ လူသိနည်းသော ဆံတော်ရှင်များလည်းရှိပါသေးသည်။ ထိုဆံတော်ရှင်များမှာ

(၁၄) တြိကြိုးဆံတော်ရှင်

(၁၅) (၄၀၀၄)ပေရှိသော တောင်ပေါ်ရှိ ဇွဲဖားစီးဆံတော်ရှင်

(၁၆) မယ်တော်ကြိုး ဆံတော်ရှင်

(၁၇) ပေပေါင်း (၄၆၀၀) ကျော်မြင့်သော တာဟိုးလော်ကြိုးဆံတော်ရှင်

(၁၈) မီးဆိုင်းဆံတော်ရှင်

(၁၉) ဖာပွန်ဆံတော်ရှင်

(၂၀) သုခနှမင်း မွေးဖွားဇာတိတွင်ရှိသော ဆံတော်ရှင်

(၂၁) ဇင်းမယ်နယ်စပ်တွင်ရှိသော ဆံတော်ရှင်

(၂၂) ကယားပြည်နယ်အတွင်းရှိ ဆံတော်ရှင်များ ဖြစ်ပါသည်။ ထိုထို ဤဤ အလီလီသော ဆံတော်ရှင်များထဲတွင် ရှေးအကျဆုံး တည်ခဲ့သော ဆံတော်ရှင်မှာ ကျိုက်ထီးဆောင်းဆံတော်ရှင်ဖြစ်ပါသည်။

❀ ❀ ❀

သုဝဏ္ဏဘူမိမြို့ဟောင်းတည်ရှိရာ နေရာမှာ ကေလာသတောင် ဝန်းကျင်တစ်ခိုဖြစ်ကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ကုန်းတစ်ဝက် ရေတစ်ဝက်

ထိုနေရာတွင် မြို့ဟောင်းသည် တောင်ပေါ် တစ်ဝက် မြေပြန့်တစ်ဝက် ရှိကြောင်းလည်း သိရပါသည်။

## ယနေ့ကျိုက်ထီးဆောင်း

ထိုတောင်ပေါ်ရှိ ယခုလက်ရှိ ကေလာသဆံတော်ရှင်၏ ထီးတော်၊ ငှက်မြက်နားတော်နှင့် စိန်ဖူးတော်တို့ကို ၁၉၈၄ ခု၊ ဧပြီလ ၁၆၊ (၁၃၄၆ - ခု၊ နှစ်ဆန်းတစ်ရက်) နေ့တွင် ကျိုက်ထီးဆောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ ၏ ဦးစီးဦးဆောင်မှုဖြင့် တည်ထားခဲ့ကြောင်း သိရပါသည်။

## တောင်ပေါ်အထိ လမ်းဖောက်

တောင်ပေါ်ကားလမ်းသည် တောင်ခြေမှ မရမ်းတစ်ပင်စခန်းအထိ တစ်မိုင်ဝေး၏။ မရမ်းတစ်ပင်လမ်းမှ မြသပိတ်ဘုရားအထိ တစ်မိုင်ဝေး၏။ ၄င်းလမ်းဆုံမှ ကေလာသ ဆံတော်ရှင်အထိ တစ်မိုင်ဝေး၏။ လမ်းအကျယ်မှာ (၃၅)ပေကျော် ရှိ၏။ ကျောက်ခင်းမြေသားလမ်းဖြစ်၏။

## သေချာတဲ့ ဇေကမ္ဘာ

ထိုလမ်းကို ပထမတန်းစားလမ်းအဖြစ် ဇေကမ္ဘာကုမ္ပဏီမှ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ ခင်ရွှေ မိသားစုမှ ဒကာပြု၍ ပြုပြင်ထားကြောင်းတွေ့ရ သည်။

## လျှိုမြောင်တွေ

ယခင်က ထိုကေလာသဆံတော်ရှင် တောင် တစ်ကြောသည် လျှိုမြောင် ထူထပ်သော ဒေသဖြစ်ကြောင်း သိရပါသည်။

## အံ့ဖွယ် ကျောက်ကိုးလုံး

ထိုတောင်တော်၏ အရှေ့ဘက်တွင် အံ့ဖွယ်ကောင်းသော ကျောက်ကြီး ၉ လုံးရှိကြောင်း သိရသည်။

## အံ့ဖွယ်ရွှေစေတီ

ထိုနေရာနှင့်စပ်လျဉ်း၍ ကေလာသ ရွှေစေတီအစ တောလိုက်မုဆိုးက ဟူသော စကားအရ ဇာတ်လမ်းအဟောင်းများရှိကြောင်း တွေ့ရပါသည်။

## စတွေ့သူ မုဆိုး

ကေလာသတောင်ခြေရင်းတွင် ဝင်းကရွာဟူ၍ ရှိပါသည်။ ထိုရွာနေ မုဆိုးတစ်ဦးရှိပါသည်။ ထိုမုဆိုးကြီးသည် လျှိုမြောင်ထဲတွင် အမောဖြေနေစဉ် ကျောက်ဖြာထက်မှ ရောင်ခြည်တော်များ ကွန့်မြူးသော ရွှေစေတီကို ဖူးမြော်ရကြောင်း အဆိုရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဖြူတစ်ကောင်က လမ်းပြ

တောလိုက်မုဆိုးနှင့် အတူပါလာသော တောလိုက်ခွေးသည် တွင်းထဲသို့ဝင်သွားသော ဖြူတစ်ကောင်ကို လိုက်သည်ဟု ဆိုပါသည်။ ထိုဖြူဝင်သွားသော တွင်းပေါက်ဝကို ခွေးက ယက်သောအခါ ရွှေစေတီနှင့် ရွှေဆင်းတုတော်များကို တွေ့ရသည်ဟုဆိုပါသည်။

## ဒေါင်းဒင်္ဂါးများတွေ့

မလှမ်းမကမ်းတွင်ရှိသော ကျောက်ဖြာအလယ်မှလည်း ဒေါင်းဒင်္ဂါးများစွာ တွေ့ရကြောင်း သိရပါသည်။

## တောင်ပိုင်ဆရာတော်နှင့် မုဆိုး

ထိုအခါ မုဆိုးနှင့်တကွ ရွာသူရွာသားတို့က ပေါ်တော်မူဘုရားများကို အုန်းအုန်းကျွက်ကျွက် ပင့်ဆောင်ကိုးကွယ်သည်ဟု သိရပါသည်။ ထိုအခါ တောင်ပိုင်ဆရာတော်ဘုရားနှင့် ထိုမုဆိုးတို့ စကားအခြေတင် ဖြစ်သည်ဟု ဆိုပါသည်။ ထိုအမှုသည် အဆင့်ဆင့် မြင့်သထက် မြင့်လာရာ နောက်ဆုံးဘုရင်ခံအဆင့်ထိ ရောက်သွားသည်ဟု ဆိုပါသည်။

## ဝိတိုရိယဘုရင်မ

ဤသို့ဖြင့် ထိုကိစ္စကို ဝိတိုရိယဘုရင်မက စိတ်ဝင်စားသဖြင့် တရားခွင်တွင် အမိန့်ချသည်မှာ ကေလာသ



ဆံတော်ရှင် စေတီတော်ခြေရင်းမှ တိုင်းတာလျှင် အလံတစ်ရာအတွင်း ရှိသည်ဖြစ်အံ့။ ကေလာသဆရာတော် ပိုင်ရမည်။ အကယ်၍ အလံတစ်ရာထက် ပိုလျှက် အပြင်ဘက်သို့ ရောက်နေသော် မုဆိုးအပိုင်ဖြစ်ရမည် ဟု အမိန့်ချသည်ဟု ဆိုပါသည်။

## အလံတစ်ရာ တိုင်းစေ

သို့သော်လည်း မည်သို့ပင် တိုင်းစေကာမူ အလံ ၁၀၀ တိတိသာ ဖြစ်နေကြောင်း တွေ့ရသည်ဟု ဆိုပါသည်။ ထို့ကြောင့် သူပိုင် ငါပိုင် မခွဲခြားနိုင်ဟု ဆိုပါသည်။

ဤသို့ဖြင့် ဝိတိုရိယဘုရင်မသည် ကေလာသ တောင်တော်ပတ်ဝန်းကျင်ကို စိတ်ဝင်စားမှုရှိကြောင်း၊ ကေလာသ ဆံတော်ရှင် ကေလာသ တောင်တော်ကိုလည်း သီးခြား အဆင့်မြင့် ဘေးမဲ့တောကြီးအဖြစ် ဘုရင်မကြီးကိုယ်တိုင် အသိအမှတ်ပြုကြောင်း ခရစ်နှစ် ၁၉၄၁ ခု၊ အောက်တိုဘာ ၁၇ ရက် နေ့စွဲဖြင့် ဘုရင်ခံ ဆာအာခီဘောလ်ကော့ကရိမ်းက ကြေညာကြောင်း ဘုရင်ခံမင်းကြီး ဆာရယ်ဂျီနယ် ဒေါမယ်စနစ်က အတည်ပြုကြောင်း သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေစေတီ ၂ ဆူ

ယခုလက်ရှိ ကျိုက်ထီးဆောင်းဆရာတော် မိန့်ကြားချက်အရ ရွှေဘုရား၊ ငွေဘုရားနှင့် ဒေါင်းဒဂေါ်များ တွေ့ရှိရာအရပ်သည် ကျောက်ထပ် ကျောက်ကြားများဖြစ်ကြောင်း ထိုနေရာတွင် ဆရာတော်ဘုရားက ရွှေစေတီ ၂ ဆူ တည်ထားကြောင်း ထိုစေတီတို့ကို ကိုးနဝင်း ကျောက်ထပ် ရွှေစေတီဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။

## နာဂဝိဇ္ဇာ ဘိုးသစ္စာ

ထိုကေလာသနေရာသည် ကျိုက်ထီးဆောင်းဆရာတော်သည် နာဂဝိဇ္ဇာ ဘိုးသစ္စာခေါ် ရသေ့ကြီးဘဝက တောကျင့် တောင်ကျင့် ကျင့်နေတုန်းမှာ ရောက်ရှိလာကြောင်း သိရပါသည်။

## မွန်ပြည်နယ် ဘီးလင်းမြို့နယ်
## ဇုတ်သုတ်စံပြကျေးရွာ
## ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီး
## ကျောင်းတိုက်
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ၊
## ကျိုက်ထီးဆောင်းဆရာတော် ၏
## ထေရုပ္ပတ္တိအကျဉ်း

**ဘွဲ့တော်**

ဘဒ္ဒန္တပညာဒီပ

**ကျောင်းတိုက်**

ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်။

**အသက်၊ သိက္ခာ၊ ဂိုဏ်း**

၇၄-နှစ်၊ ၃၁-ဝါ၊ သုဓမ္မာဂိုဏ်း

**မွေးသက္ကရာဇ်**

၁၂၉၀၊ ကဆုန်လဆန်း (၁)ရက်၊ကြာသပတေးနေ့

**ဇာတိရပ်ရွာနှင့်ခမည်းတော် မယ်တော်တို့၏ အမည်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်စံပြကျေးရွာ၊ (အဘ) ဦးစံဖေ၊ (အမိ) ဒေါ်စောကျင်။

www.burmeseclassic.com

www.burmeseclassic.com

## ရှင်သာမဏေပြုခြင်း

၁၃၀၂ ခုနှစ်တွင်၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝကို ဥပဇ္ဈာယ်ပြု၍ (အဘ) ဦးစံဖေ၊ (အမိ) ဒေါ်စောကျင်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ် သို့ ရောက်ရှိပါသည်။

## ရဟန်းဖြစ်ရက်ချုပ် အပြည့်အစုံ

ကောဇာသက္ကရာဇ် ၁၃၃၃ ခုနှစ်၊ နွေဦးတု ကဆုန်လဆန်း (၁) ရက်၊ ကြာသပတေးနေ့ နံနက် (၇)နာရီ (၄၅) မိနစ်အချိန်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်စံပြကျေးရွာ၊ နောင်တော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ တ္တန္ဒသဇကိုဥပဇ္ဈာယ်ပြု၍ (အဘ) ဦးစံဖေ၊ (အမိ) ဒေါ်စောကျင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာကျိုက်ထီးဆောင်း ဆံတော်ရှင် ဘုရားကြီးကျောင်းတိုက်၏ ခဏ္ဍသိမ်တော်ကြီး၌ ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

## စာပေသင်ယူခြင်း

သာသနာ့ဝန်ထမ်း မြတ်ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက်၊ တောင်စွန်းတိုက်နယ်၊ တောင်ကုန်းကျောင်းတိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဝဏ္ဏနှင့် ဒီဃ



ဘာဏကဘဒ္ဒန္တသောဘဏထံတွင် ပိဋကတ် အခြေခံကျမ်းစာများကို သင်ကြားတတ်မြောက်တော်မူပြီး ပဋိပတ်အကျင့်ဖြင့် အဓိကထားကျင့်ကြံနေထိုင်နိုင်ရန် ဘုရားရှင်၏ တရားတော်နှင့်အညီ၊ ထုတ်နုတ်ရေးသားထားသော ကျမ်းအစောင်စောင်တို့ကို လေ့လာသင်ယူခဲ့ပါသည်။

## သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ တောထွက်ခဲ့

ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဆရာတော်လောင်းလျာသည် ၁၉၆၅ ခုနှစ်တွင် ရသေ့အသွင်ဖြင့် တောထွက်ခဲ့၍ မြန်မာနိုင်ငံအတွင်းရှိ သာသနာနှင့် ဆက်နွယ်ရာ အဓိကရ ဘုရားစေတီပုထိုးများသို့ (၆) နှစ်တိုင်တိုင် နယ်လှည့်ကျင့်ကြံအားထုတ်ပြီးနောက် မိခင်မွေးရပ်ဇာတိဖြစ်သော ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ထီးရိပ်သို့ ရောက်ရှိခိုလှုံ၍ သာသနာပြုလုပ်ငန်းများကို ပင်ပန်းဆင်းရဲခံပြီး စတင်ဆောင်ရွက်တော်မူပါ သည်။

## ထီးစောင်းမှ ထီးဆောင်းသို့

သစ္စာအမိဋ္ဌာန်ကိုင်စွဲ၍ သာသနာပြုခြင်းကြောင့် ရသေ့ကြီးဘိုးသစ္စာဟု ဘွဲ့အမည်တွင်ခဲ့ပါသည်။ ရှင်ရသေ့

www.burmeseclassic.com

www.burmeseclassic.com


အသွင်မှ ရဟန်းဘောင်သို့ ကူးပြောင်းသည့်နေ့တွင် မည်သည့် အရပ်က ကြည့်ကြည့် စောင်းနေသော ထီးတော်ကြီး၏ ထီးခရိုင်မဏ္ဍိုင်ဖွင့်၍ မိဋ္ဌာန်ပန္နက်ဖြင့် ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်ကြီးကို ရက်ပေါင်း (၃၆) ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ပြီး ထီးတော်ကို တည့်မတ်နိုင်ခြင်းကြောင့် ထီးစောင်းဘုရားမှ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားဘွဲ့အမည်သို့ ပြောင်းလဲ သတ်မှတ်ပေးတော်မူခဲ့ပါသည်။

## ချုံနွယ်အတိ

မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ ဘုရားရှင်၏ ဆံတော်ဓါတ်တို့သည် သာသနာ (၂၅၀၀) မတိုင်မီ ဟိုမှာဘက်၌ ခေတ်ပျက်ခေတ်ဆိုး၊ အမျိုးမျိုးတို့နှင့်တွေ့ဆုံကာ ကိုးကွယ်ပူဇော်မှုမရှိဘဲ ချုံနွယ်အတိဖြစ်နေပါသည်။

## လမ်းဖောက်

ထို့ကြောင့်တောင်ထိပ်ပေါ်ရှိ လူသွားလမ်းများ၊ ကားလမ်းများကို ခဲရာခဲဆစ်လမ်းပေါက်အောင် ဖေါက်လုပ်သည့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြောင့် ယခင် ညှိုးနွမ်း ခမ်းခြောက်ကာ ချုံနွယ်အတိ ဖုံးလွှမ်းလျှက်ရှိသော ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီမှ အစပြု၍ ဗျာဒိတ်ခံ ဆံတော်ရှင်ကျိုက်ထီးရိုး၊ မြသပိတ်၊ ကေလာသ၊ ကျိုက်ဒေးယျုံတို့အပြင် ဆံတော်ရှင်စေတီတော်များသို့ လွယ်ကူချော မောစွာ သွားရောက်ဖူးမြော်နိုင်ခဲ့ပါသည်။

## သာသနာ ၅၀၀၀ ရောင်တော်ဖွင့်

ယခုအခါ ကေလာသဆံတော်ရှင်တောင်တော်တွင် ကျေးဇူးရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒလမ်းညွှန်မှုဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးထားပြီး၊ အများပြည်သူများ၏ကောင်းမှုဖြင့် ဆံတော်ရှင် စေတီများကို တစ်ကြော့ပြန် သာသနာတော်ကြီး ပွင့်လင်းလာအောင် ဖော်ထုတ်နိုင်ခဲ့ပါသည်။

## နိုင်ငံတော်အတွက်

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် ဆံတော်ရှင်စေတီတော်များသို့ ဘုရားဖူးရဟန်းရှင်လူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် ကတ္တရာလမ်းခင်းခြင်း၊ သံကူကွန်ကရစ်တံတားများအဖြစ် အခိုင်အမာ ဆောက်လုပ်ပေးခြင်း၊ ကျေးရွာအတွင်းမှ ကျောင်းသားလူငယ်များ ပညာသင်ကြားနိုင်ရန်အတွက် မူလတန်း အလယ်တန်း၊ အထက်တန်း စာသင်ကျောင်းများကို

www.burmeseclassic.com

www.burmeseclassic.com


ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ရှေးဟောင်းသမိုင်းဝင်ဖြစ်သော မြို့ရိုးကျုံးဟောင်းဖြစ်သည့် ဆင်တပ်၊ မြင်းတပ်များကို စောင့်ရှောက်ထိန်းသိမ်းခြင်း၊ ကျေးရွာသားများပိုင်ဆိုင်သည့် လယ်မြေများကိုလည်း သီးထပ်၊ သီးညှပ်ဘက်စုံ အောင်မြင်ဖြစ်ထွန်းလာစေရန်အတွက် လိုအပ်သော ရေဝေရေလဲ ရေနက်ချောင်းမြောင်း တာတမံရေလွှဲတံခါးစသည်တို့ကို ယနေ့တိုင်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

**ကရင်ပြည်နယ်အတွင်း**

ထို့ပြင် နိုင်ငံတော်ဗဟိုသံဃာ့နာယကအဖွဲ့၏ တာဝန်ပေးချက်အရ ကရင်ပြည်နယ်အတွင်းရှိ မဟာ ဆဒ္ဒန်လိုဏ်ဂူတော်ကြီးကိုလည်း ပြန်လည်ဖွင့်ဖော်ကာ လျှပ်စစ်မီး အလင်းရောင်သွယ်တန်းပူဇော်ခြင်း၊ ကားလမ်းဖောက်လုပ်ပေးခြင်း၊ ဒေသခံကျေးရွာလူများ ယဉ်ကျေး သိမ်မွေ့လာအောင် ပြောဆိုဆုံးမပြုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ သာသနာပြုရာ ပင်မ ဗဟိုဌာနဖြစ်သော ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ခါတ်သက်ဟိတ်ကို ယူ၍ ရှေးအခေါ် သုဝဏ္ဏဘူမိတိုင်းအတွင်းရှိ ဆံတော်ရှင် စေတီတော်များကို သာသနာပြုရန်အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နှစ်ပေါင်း (၃၀) အတွင်းပါ ဆံတော်ရှင်စေတီများ၏ သာသနာ့စခန်းများကို ယနေ့တိုင် စဉ်ဆက်မပြတ် တွေ့ရှိနိုင်ပါသည်။

**စခန်းပေါင်း (၄၁) ခုရှိ**

သာသနာ့စခန်းစဉ် (၄၁) ခုရှိ ရဟန်းသံဃာ၊ သာမဏေ၊ သီလရှင်၊ ယောဂီ၊ ရသေ့၊ လူပုဂ္ဂိုလ်အားလုံးကိုလည်း ဘုရားရှင်၏ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရန်အတွက် ပဋိပတ်အကျင့်ကို နေ့စဉ်မပြတ် သွန်သင်ဆုံးမပေးခဲ့သည့်အပြင် ဘာသာရေး စာပေယဉ်ကျေးမှုများကို သိရှိနားလည်နိုင်စေရန် စဉ်ဆက်မပြတ် သင်ကြား ပေးခဲ့ပါသည်။

**ငါးသုံးလီစည်းကမ်း**

ဆရာတော် ဘုရားကြီး၏ အဓိကကျသော ငါးသုံးလီသာသနာပြု စည်းကမ်းများကိုလည်း ဘုရားဖူးလာရောက်ကြသည့် ဒါယကာ ဒါယိကာ ပရိသတ်များအား ပြောဆိုဆုံးမသည့်အပြင် စခန်းတိုင်းတွင် အသံမစဲ မဟာပဋ္ဌာန်း ကျမ်းတော်မြတ်ကြီးအား နှစ်စဉ်နှစ်တိုင်း ပူဇော်နိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုရပိုဒ်အလှူ

ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ရှိ မွန်ပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်တွင် ရှေးဟောင်း ကြေးဆင်းတုတစ်ဆူ၊ ရဟန္တာမြတ်ကြီးနှစ်ပါးနှင့် ရှေးဟောင်းပေ၊ ပုရပိုဒ်များကိုလည်း လှူဒါန်းခဲ့ပါသည်။

ဥယျာဉ်မြို့တော်

မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင်လည်း စေတီဆင်းတုရုပ်ပွား ( ၆ ) ဆူနှင့် အောင်မင်္ဂလာ သိမ်တော်ကြီးကို သမုတ်ပေးခဲ့ပါသည်။

ရွှေတိဂုံသို့ ပူဇော်ခြင်း

ရွှေတိဂုံစေတီရင်ပြင်တော် အရှေ့မြောက်ထောင့် ရှိ ခေါင်းလောင်းတော်ကြီးအနီး တန်ဆောင်းအတွင်းတွင် လည်း အများပြည်သူများ ကြည်ညိုသဒ္ဓါပွား ဖူးမြော်နိုင် ရန်အတွက် တစ်ကြိမ်တစ်ခါဘူးမျှ မရှိသေးသည့် ရှေးဂဝံ ယဉ်ကျေးမှု လက်ရာဖြစ်သော ဂဝံရုပ်ပွားဆင်းတုတော် တစ်ဆူ၊ ရဟန္တာမြတ် ရုပ်ပွားတော်မြတ်ကြီး ( ၉ ) ပါးတို့ကို လည်း လှူဒါန်းခဲ့ပါသည်။

ပင်ပန်းဆင်းရဲခံကာ

ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးမှ တောစဉ် တောင်စဉ် ဆံတော်ရှင်အသီးသီးသို့ လည်း တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ပင်ပန်းဆင်းရဲခံကာ လျှပ်စစ်မီးကို သွယ်တန်းပူဇော်ခဲ့ပါသည်။

ဉက္ကဋ္ဌ ဆရာတော် မွေးနေ့

ဆရာတော် ဘုရားကြီးသည် နိုင်ငံတော်သံဃာ့ မဟာနာယက ဉက္ကဋ္ဌ မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် ဘုရားကြီး ဘဒ္ဒန္တသောဘိတ၏ သက်တော် (၉၀)ပြည့် မွေးနေ့အလှူပွဲ၌လည်း သက်သတ်လွတ် ဆွမ်းကို လှူဒါန်းခဲ့ ပါသည်။

ဓမ္မပလ္လင် ညစဉ်

ဘာသာခြား၊ ဘာသာမဲ့ လူပုဂ္ဂိုလ်များနှင့် နိုင်ငံခြား သားများကို မွန်မြတ်သော စေတနာတို့ဖြင့် ညစဉ် ဓမ္မ ပလ္လင် အဆုံးအဖြတ်၌ သိလိုသည့် အမေးပုစ္ဆာများကို ကျေနပ် သဘောပေါက်သည်အထိ ဟောပြော၍ ဗုဒ္ဓဘာသာဝင် အဖြစ်သို့ သွတ်သွင်းနိုင်ခဲ့ပါသည်။

စကာပူဆရာတော် လာကန်တော့

သက္ကရာဇ် ၂၀၀၀၊ မေလ အတွင်းတွင်လည်း စင်ကာပူနိုင်ငံ ရွှေဘုရားကျောင်း၊ ဆရာတော် ဘုန်းတော် ကြီး ရှိဘာဆော ဦးဆောင်သော မဟာယာနဂိုဏ်းဝင်ရဟန်း အပါးတစ်ရာကျော် လာရောက် ဖူးမြော်ရာတွင် မဟာပြော

www.burmeseclassic.com

www.burmeseclassic.com

သွန်သင်ဆုံးမပြီး၊ ကျိုက်ထီးဆောင်း ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ခဏ္ဍာသိမ်တော်အတွင်း၌ ထေရဝါဒ ဗုဒ္ဓသာသနာရဟန်းတော်များ အဖြစ်သို့ သွတ်သွင်းချီးမြှင့်နိုင်ခဲ့ပါသည်။

## ပြည်တွင်းပြည်ပ

ဆရာတော် ဘုရားကြီးသည် ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီး ကျောင်းတိုက်ကြီး၏ ဦးစီးပဓါန ဩဝါဒါစရိယ နာယက အဖြစ် ယခုတိုင်ဆောင်ရွက်လျှက်ရှိပြီး ပြည်တွင်းပြည်ပ နှစ်ဌာနကို ခွဲခြားမှုမရှိဘဲ၊ ဗုဒ္ဓဘာသာသာသနာတစ်ကမ္ဘာလုံးတွင် ထွန်းလင်းပြန့်နှံ့လာစေရန် အားသွန်ခွန်စိုက် သာသနာပြုလျှက်ရှိပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် လုပ်ငန်းစဉ်များအတိုင်း ဆရာတော်ဘုရားကြီး၏ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များကြောင့် ပြည်တွင်းပြည်ပမှ ရဟန်း သံဃာများ၊ နိုင်ငံတော်အကြီးအကဲများ၊ သုတေသနပညာရှင်များ၊ ဘုရားဖူးပရိသတ်များ စဉ်ဆက်မပြတ် လာရောက်လေ့လာ ကြည်ညိုဖူးမြော်လျှက်ရှိပါသည်။



## ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှု

ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်နားလည် သိရှိရန် ဦးတည်ပြုရသော သာသနာ ၂၅၀၀ မှ ၅၀၀၀ အထိ၊ တည်မည်ဟု ဆိုသော ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တရားတော်အတိုင်း မဟာဓာတုဝင်ဆံတော်မှစ၍ ဝင်ကိုးဝင်အကြောင်းဆက်ရာများကို ကျိုက်ထီးဆောင်းဆံတော်ရှင် ဘုရားမှ အစပြုပြီး ဖွင့်ဖော်လင်းလျှက်ရှိသည်ကို နိုင်ငံတော် သံဃာ့မဟာနာယကဆရာတော်ကြီးများ၊ ပြည်ပရဟန်း ပုဂ္ဂိုလ်များ၊ ရေမြေ အစိုးရမင်းရာဇာများပင်လျှင် မျက်မြင် ဒိဋ္ဌတွေ့ကြုံကြရပြီး ဘုရားရှင်၏ ဂုဏ်တော်နှင့် ဆုံးမ တရားတော် သမုတိပရမတ်နှစ်ရပ်သော သံဃာ့ဂုဏ်ကို သိခွင့်ရသည့် အပေါ်၌ အနန္တအတိုင်းမရှိ ဝမ်းမြောက်ကျေ နပ်စိတ်ချမ်းသာကြပေသည်။

## ဘက်စုံ

ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဦးစီးပဓါန နာယက ဆရာတော်ကြီးသည် ဆံတော်ရှင် သာသနာတော်များပွင့်လင်းမှုရှိစေရန် ဘက်စုံတွန်းအားပေး၍ မိမိကိုယ်တိုင် ခန္ဓာဝန်ကို မငဲ့ကွက်ဘဲ ပင်ပန်းဆင်းရဲခံကာ ဦးစီးဦးဆောင် ဆောင်ရွက်ပေးခြင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## လမ်းဖောက် တံတားဆောက်

လမ်းပန်း ဆက်သွယ်မှု ခက်ခဲသော ဒေသများတွင် ကားလမ်းများ၊ တံတားများ၊ စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ လျှပ်စစ်မီးများသွယ်တန်းပေးခြင်း၊ ဘာသာခြားများကို စည်းရုံးသိမ်းသွင်းနိုင်ခြင်း၊ သာသနာ့စခန်းစဉ် (၄၁) ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ အလှူအတန်းရက်ရောခြင်း၊ ပြည်တွင်း ပြည်ပနှစ်ဌာနတို့မှ ရဟန်းရှင် လူပုဂ္ဂိုလ်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ သာသနာပြုစိတ်ဓာတ်အမြဲမပြတ် ရှင်သန်ထက်မြက်ခြင်း၊ ဝိနည်းကျမ်းဂန်များကို လေးစားလိုက်နာခြင်း၊ တပည့်သားသံဃာများအပေါ်၌ သည်းခံခွင့်လွှတ်မေတ္တာထားခြင်း၊ ဗုဒ္ဓသာသနဟိတာဓရဂုဏ်၊ ဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သီလသမာဓိပညာဂုဏ်တို့ နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ရဟန်းရှင်လူပရိသတ်များစွာတို့၏ ကြည်ညိုလေးစားမှုကို စဉ်ဆက်မပြတ် ခံယူရရှိတော်မူခဲ့ပါသည်။

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရခြင်း နှင့် ခုနှစ်

၁၉၉၂ ခုနှစ်၊ မတ်လ ၉ ရက် တနင်္လာနေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဇုတ်သုတ်ရွာဟူသော ရွာကိုရောက်သောအခါ (ဇုတ်သုတ်)ဟူသောစကား စကားလုံးကလေးကို စဉ်းစား၍ နေမိပါသည်။ မြန်မာစကား စစ်စစ်မဟုတ်ကြောင်းကား တွေးမိပြီးဖြစ်ပါသည်။ သို့သော် တစ်ခြားအဓိပ္ပါယ်ကိုကား သေသေချာချာ မသိပါ။ မွန်တို့ဌာနေ ရာမညဟူသော ဆရာမာမက (သုတေသီ)၏ စာကို ဖတ်မှ ရိပ်မိပါသည်။

## ဆံပင်ကြိုးခွေရွာ

မွန်ဘာသာအရေးအသား (ဇုတ်သော်)၊ မွန်ဘာသာအသံထွက် (ဇုတ်ဆွတ်)ဖြစ်သည်။ အဓိပ္ပါယ်မှာ (ဆံပင်ကြိုးခွေ) ဖြစ်သည်။ ယင်းအရပ်ရှိ ဆံတော်နှစ်ဆူတွင် နတ်ဘီလူး (၂)ဦး၏ သမီးတော်များက စေတီဌာပနာတိုက်သို့ မိမိတို့ဆံပင်များကို ဖြတ်၍ ကြိုးကဲ့သို့ ကျစ်ခွေပြီး လှူခဲ့သည်ကို အစွဲပြု၍ ကျာ်ဇုတ်သော် (ကျိုက်ဇုတ်ဆွတ်)=(ဆံပင်ကြိုးခွေဘုရား) ဟု ခေါ်သကဲ့သို့ ရွာကိုလည်း ဇုတ်သော် (ဇုတ်ဆွတ်)=(ဆံပင်ကြိုးခွေရွာ) ဟု ခေါ်ခဲ့ခြင်းဖြစ်သည်။ ဘုရားမှာ ယခု ကျိုက်ထီးဆောင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### ဇုတ်သုတ်

မြန်မာဘာသာ (ဇုတ်သုတ်) အမည်သည် မွန်ဘာသာ အသံထွက် (ဇုတ်ဆွတ်) ကိုပင် တိုက်ရိုက်ယူငင် ခေါ်ဝေါ်ထားသောအမည်ဖြစ်ပါသည်။

### တိုက်ကုလား

"တိုက်ကုလား"ဟူသော အမည်မှာလည်း နားလည်သလိုလို၊ နားမလည်သလိုလို ရှိနေ၏။ မြန်မာဘာသာဖြင့်ကား ကျေနပ်လောက်သော အဓိပ္ပါယ်မရှိပေ။ သို့သော်လည်း မွန်ဘာသာဖြင့်ကား အဓိပ္ပါယ်အလွန်ရှိပေသည်။

မွန်ဘာသာအရေးအသား (ချင်တိုက်ခဍုန်)၊ မွန်ဘာသာအသံထွက် (ဒုံတိုက် ခလွန်း) ဖြစ်သည်။

အဓိပ္ပါယ်မှာ ချင်(ဒုံ)= (မြို့)၊ တိုက်(တိုက်)=(တိုက်နယ်)၊ ခဍုန်(ခလွန်း)= (ကျဉ်းသည်) ဖြစ်သည်။

### ချောင်း (၃) ချောင်းနှင့် တောင်

ထို့ကြောင့် ချင်တိုက်ခဍုန် (ဒုံတိုက်ခလွန်း) သည် (တိုက်နယ်ကျဉ်းမြို့) ဟု အဓိပ္ပါယ်ရရှိကြောင်း၊ ကေလာသတောင်သည် ရှေးက တောင်ဘက် မနုန်းချောင်း၊ မြောက်ဘက်ကျည်းပင်ချောင်း၊ အနောက်ဘက် ဝင်းကချောင်း (၃) ခု ရှိပြီး အလယ်၌ ကျဉ်းမြောင်းသော တည်ရှိသော တောင်ဖြစ်သောကြောင့် ဒုခဍုန်(ဒေးခလွန်း)=(ကျဉ်းမြောင်းသော ချောင်းတောင်) ဟု ခေါ်ကြောင်း၊ ယင်း (တိုက်ခလွန်း)မှ (တိုက်ကုလား)ဖြစ်လာကြောင်းဖြင့် စစ်ကဲတော်မင်း မောင်နော်၏ မွန်ရာဇဝင်နှင့် ဘုရားသမိုင်းပေါင်းချုပ်တွင် ဖော်ပြထား၏။

### ကျောက်ကမ်းပါးမြို့ရိုး

ကေလာသတောင်ခြေတွင် တည်ခဲ့သောမြို့မှာ သုဝဏ္ဏဘူမိပင်ဖြစ်လေသည်။ ထိုမြို့သည် တောင်ဘက်၌ တောင်ကမ်းပါးယံရှိ၏။ ထိုတောင်ကမ်းပါးယံကျောက်ကမ်းပါးကို မြို့ရိုးပြုထားခြင်းဖြစ်၏ ဟု သိရပါသည်။

### ကျောက်ခဲတစ်ဝက်

အရှေ့ဘက်တွင်လည်းကောင်း၊ အနောက်ဘက်တွင်လည်းကောင်း၊ ထိုကျောက်ကမ်းပါးယံများ အပေါ်က မြို့ရိုးလုပ်ထားခြင်းဖြစ်သည်ဟု သိရပါသည်။

### တံခါးသုံးပေါက်ရှိ

တံခါးမှာ အရှေ့ဘက်မှာလည်းရှိ၏။ အနောက်ဘက်မှာလည်းရှိ၏။ မြောက်ဘက်မှာလည်းရှိ၏။ ဤသို့ သုံးဘက်ရှိ၏ဟု သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


**တောင်ခြေကမြို့**

ထိုသို့သောအကြောင်းများကြောင့် မြို့ထက်ဝက်ကား တောင်ခြေ၌ ရှိ၏ဟု ဓမ္မစေတီမင်းကြီးက ဆိုခဲ့ခြင်းဖြစ်ပါသည်။

**သုံးမျက်နှာ**

ထိုမြို့ကို တိုက်နံရံတစ်ခုနှင့် အလားတူစွာ သုံးဘက်သုံးမျက်နှာတွင် ကျောက်ကမ်းပါးယံကာလျက်ရှိသည်။ ဒေးခလွန်းတောင်ခြေ၌ တည်ရှိသည်။ ဤသို့ဖြစ်သောကြောင့် (ချင်တိုက်ခရုန်) (ဒုံတိုက်ခလွန်း) ဟု ခေါ်ဆိုကြောင်း သိရပါသည်။

**ရှေးရှေးကဆိပ်ကမ်း**

ရှေးရှေးအခါက ကမ်းရိုးတန်းဒေသ သင်္ဘောဆိပ်မြို့များမှာ ပုသိမ်လည်းဟုတ်၏။ သထုံလည်းဟုတ်၏။ မုတ္တမမှာ စူမတ္တရား၊ ဂျာဗားအထိ ကမ်းရိုးတန်းဒေသတို့သည် သင်္ဘောဆိပ်ကမ်းမြို့များဖြစ်ကြောင်း သိရပါသည်။ ဤအချက်ကို မွန်တို့ဌာနေ ရာမညတွင် ထင်ရှားစွာ ရေးသား ဖော်ပြထားပါသည်။

**အယက်သည်မ**

'အယက်သည်မ' ဟူသော စကားမှာလည်း အလွန်ဆန်းကြယ်လှပါသည်။

မွန်ဘာသာအရေးအသား (အာယသွာ)၊ မွန်ဘာသာ အသံထွက် (အာယဆမာ)ဖြစ်သည် ဟု သိရပါသည်။

အဓိပ္ပါယ်မှာ 'အရှင်ကောင်း အရှင်မြတ်'ဟု အဓိပ္ပါယ်ရပါသည်။

**အရှင်ကောင်း အရှင်မြတ်**

အရှင်ကောင်း အရှင်မြတ် ဆိုသည်မှာလည်း အရှင်သောဇာထေရ်နှင့် အရှင်ဥတ္တရထေရ်တို့အပါအဝင် သာသနာပြု အရှင်မြတ်တို့ကိုပင် သုဝဏ္ဏဘူမိနေ လူများတဂုဏ်ပြုခေါ်ဝေါ်ခြင်းဖြစ်နိုင်ပါသည်။

မြန်မာဘာသဖြင့် တစ်ချို့က (အယက်သည်မ) ဟူ၍ ခေါ်ကြပါသည်။

**ထို့ကြောင့် အယက်သည်မ**

ထိုအချက်မှာလည်း ရှင်းပါသည်။ မွန်ဘာသာအရေးအသား၊ အခေါ်အဝေါ် (အာယသွာ)ကိုပင် တိုက်ရိုက်ခေါ်ဆိုလိုက်ခြင်းဖြစ်နိုင်ပါသည်။ (အာယသမ) ဟူ၍ ခေါ်ရာမှာ (အယက်သည်မ) ဟူ၍ အမည်တွင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ဤသည်တို့မှာ မွန်ပညာရှင်များ၏ ကြံဆချက်များဖြစ်ပါသည်။ ဆရာမာမက၏ ရာမည မွန်ဌာနေကို ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**မွတ်လအိ**

ထိုနည်းတူစွာပင်လျှင် ကရင်ပြည်နယ်ရှိ မွတ်လအိ ဘုရားမှာလည်း သူ့အဓိပ္ပါယ်နှင့်တူ ရှိပါသည်။ (ကျော်ကြား ထင်ရှားသော ဘုရား) ဟု အဓိပ္ပါယ်ရကြောင်း သိရပါသည်။

**မွတ်လအပ်**

ထိုနည်းတူစွာပင် ကရင်ပြည်နယ်ရှိ မွတ်လအပ် ဘုရားမှာလည်း သူ့အဓိပ္ပါယ်နှင့်တူ ရှိပါသည်။ (အလွန်ထင်ရှားသော ဘုရား) ဟု ပင် အဓိပ္ပါယ်ရကြောင်း သိရပါသည်။

**ဇင်းကျိုက်**

ထိုနည်းတူစွာပင် မွန်ပြည်နယ်ရှိ ဇင်းကျိုက်ဘုရားမှာလည်း သူ့အဓိပ္ပါယ်နှင့်သူရှိပါသည်။ (ဘုရားခြေရင်းရွာ) သို့မဟုတ် (ဘုရားအနီးအနားရွာ) ဟု ဆိုလိုကြောင်း သိရပါသည်။

**ဇွဲကပင်**

ထိုနည်းတူစွာပင် ကရင်ပြည်နယ်ရှိ ဇွဲကပင် ဘုရားမှာလည်း သူ့အဓိပ္ပါယ်နှင့်တူရှိပါသည်။ (သင်္ဘောချိပ်) ဟု ဆိုလိုကြောင်း သိရပါသည်။ (ရှေးရှေးသောအခါက ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတမ်းတစ်လျှောက်မှာ သွားလာနေကြသော သင်္ဘောများတို့ကို ကမ်းသို့ ကပ်သောအခါ သင်္ဘောချိပ်ဆွဲသော သဘောဟု ဆိုလိုကြောင်း သိရပါသည်။)

**သူ့အဓိပ္ပါယ်နှင့်သူ**

ဤသို့ဖြင့် ဆံတော်ရှင်များတည်ရှိရာ ဒေသများသည်လည်းကောင်း၊ ဆံတော်ရှင်များသည်လည်းကောင်း အားလုံးသော စကားလုံးများသည် သူ့အဓိပ္ပါယ်နှင့်သူ သိပ်သည်းစွာ ရှိပြီးဖြစ်ကြောင်း သိရပါသည်။

**မှန်စကား**

ထိုစကားတို့သည် မြန်မာစကားလုံးများမဟုတ်ကြောင်းကား သိသာလှပါသည်။

ထိုစဉ်အခါက ပင်လယ်ကမ်းစပ်ကရေသည် ယခုအရက်သည်မ ( တိုက်ကုလားရွာ )ဖြစ်သော ကေလာသတောင်ခြေအထိ ရောက်ခဲ့ကြောင်း သိရပါသည်။

**သင်္ဘောပျက်တွေ့တွေ့ရ**

ထို့ကြောင့် ယခုလက်ရှိ အရက်သည်မ ရွာနှင့် ဝင်းကျင်တို့မှာ နိုင်ငံခြားသင်္ဘော အပိုင်းအစများ၊ ကျောက်ကြိုးများ၊ လေး မြားများ စသည်တို့ကို တူးဖော်ရရှိခဲ့ကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ယုံစရာ သက်သေ**

ထို့ကြောင့်ပင်လျှင် ရှေးနှစ်ပေါင်းများစွာ ကတည်းက ထိုနေရာသည် ပင်လယ်ဆိပ်ကမ်း တစ်ခုဖြစ်ခဲ့ကြောင်း သိသာပါသည်။ (အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း။စာ-၁၈၆၊ Thaton District Gazetter, Vol: A, Rangon: Govt:, Printing; 1931, Page 8,)

**ဘီစီ ၁၇ ရာစုက**

သုဝဏ္ဏဘူမိတည်ထောင်ခဲ့သော ခုနှစ် သက္ကရာဇ် ကို တိတိကျကျ မပြောနိုင်သေးသော်လည်း ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၁၇၀၀၊ ဘီစီ ၁၇ ရာစု လောက်ကတည်း က သုဝဏ္ဏဘူမိ ရှိနေသည်ဟု သိရပါသည်။ (Some remarks on Kalayani Inscriptions; Burmese Sketches: Page -2, Brithish Burma Gazetteer; Vol: II, Page 714 ကိုကြည့်ပါ)

◘ ◘ ◘

သုဝဏ္ဏဘူမိ၏ အရေးပါပုံ အထောက်အထားများ သည် မြန်မာနိုင်ငံတော်ကြီး၏ ခိုင်မာသော ယဉ်ကျေးမှု အထောက်အထားများပင်ဖြစ်ပါသည်။

**ပုဂံခေတ်က ပေမူ**

ပုဂံမှ အစပြုခဲ့သော ပိဋကတ်တော် ( ပေမူ ) တို့ကို ဦးထိပ်ထား၍ ခေတ်အဆက်ဆက် ပခုံးပြောင်းကာ ထေရဝါဒ သာသနာ ဆင့်ပွားတိုးတက်လာခဲ့ကြောင်း သိရပါ သည်။

**ပေမူဘဝ**

ပုဂံခေတ်မှ အစပြု၍ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ဟံသာဝတီခေတ်၊ ကုန်း ဘောင်ခေတ်၊ ရတနာပုံခေတ် စသော ခေတ်အဆက်ဆက် တိုင်အောင် ပိဋကတ်စာပေ (ပေမူ) တို့ကို လက်ဆင့်ကမ်း ခဲ့ကြောင်း သိရပါသည်။

**စံနစ်တကျ**

ထိုခေတ်များမတိုင်မီက သီဟိုဠ် သထုံ ပိဋကတ် (ပေမူ) တို့ကို ပုဂံ-ပိဋကတိုက်ကြီးများတွင် စနစ်တကျ ထိန်း သိမ်းထားခဲ့ကြောင်း သိရပါသည်။ စနစ်တကျ ညှိနှိုင်း၍ စနစ်တကျ ထိန်းသိမ်းခဲ့သည်။ စနစ်တကျ သင်ယူစေခဲ့ သည်။ စနစ်တကျ ပို့ချစေခဲ့သည်။ စနစ်တကျ ကူးယူစေ ခဲ့သည်။ စနစ်တကျ ပြန့်ပွားစေခဲ့သည်။ ဤသို့ဖြင့် ပုဂံ ဂန္ထဝင်ကျမ်းများ ဖြစ်ထွန်းခဲ့ကြောင်း သိရပါသည်။

**ရဟန္တာ ရှင်အရဟံ**

ထိုခေတ် ထိုခေတ် မတိုင်မီကပင်လျှင် အရှင် အရဟံ (ရဟန္တာ) မထေရ်သည် သီဟိုဠ်မှ ပိဋကတ်တော် (ပေမူ)တို့ကို ပင့်ဆောင်စေကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရဟန္တာ တစ်ထောင်နှင့် ညှိနှိုင်း

အရှင်အရဟံသည် ရဟန္တာ တစ်ထောင်တို့နှင့် သီဟိုဠ် ပိဋကတ် ပေမူနှင့် သထုံပိဋကတ်ပေမူတို့ကို ညှိနှိုင်း အတည်ပြုကြောင်းလည်း အထောက်အထားများအရ သိရ ပါသည်။

## ခရစ် ၁၀၅၇ မှာ

ထိုခေတ် ထိုခေတ် ကာလကပင်လျှင် အနော်ရထာ မင်းသည် သထုံမှ ပိဋကတ်တော် အစုံ (၃၀) (ပေမူ)တို့ကို ပုဂံသို့ ပင့်ဆောင်လာခဲ့ကြောင်း ထင်ရှားပြီးဖြစ်ပါသည်။ ထိုခေတ်သည် သာသနာနှစ် (၁၆၀၁) ခရစ်နှစ် (၁၀၅၇) မြန်မာနှစ် (၄၁၉) ဖြစ်ပါသည်။

## သထုံသားရဟန်းများ

ထိုခေတ် ထိုခေတ်ကပင်လျှင် သုဝဏ္ဏဘူမိ (သထုံ) သို့ ရောက်လာသော ပိဋကတ်တော် (ပေမူ)တို့ကို သထုံသား (မွန်) ရဟန်းသံဃာတော်များသည် ဆင့်ပွား၍ ဆင့်ပွား၍ သင်ကြားပို့ချခဲ့ကြောင်းလည်း သိရပါသည်။

## ဘာသာပြန်လက်ရာ

ဤသို့ဖြင့် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ သထုံသို့ ပိဋကတ်တော် (ပေမူ)များ ရောက်ရှိလာရသည်မှာလည်း အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ဘာသာပြန်ဆိုပြီးသော



မဂဓဘာသာ ပိဋကတ်တော် (ပေမူ)များဖြစ်ကြောင်း သိရ ပါသည်။

## အရှင်မဟာဗုဒ္ဓဃောသ

အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် သာသနာနှစ် ၉၅၆ ခုနှစ် နောက်ပိုင်းလောက်က ဘာသာပြန်ဆိုခဲ့ခြင်းဖြစ် ကြောင်း သိရပါသည်။

## မဂဓဘာသာမှ ဘာသာပြန်

သာသနာတော်နှစ် ၉၅၆ ခု ရောက်သောအခါ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သီဟိုဠ်ဘာသာ ပိဋကတ်တော် တို့ကို မဂဓဘာသာသို့ ပြန်ဆိုကြောင်း သိရ ပါသည်။ စနစ်တကျ သန့်စင်တည်းဖြတ်၍ ပေထက် အက္ခရာ တင်ခဲ့သည်ဟု သိရပါသည်။

## ပေထက်သင်္ဂါယနာ

ထို့ထက်စော၍ကား သာသနာသက္ကရာဇ် ၄၅၀ ခုနှစ်တွင် အရှင်မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သော ရဟန္တာအရှင်မြတ် ၅၀၀ တို့သည် သီဟိုဠ်ကျွန်း မလယ ဇနပုဒ်အနီးရှိ အာလောကလိုဏ်၌ ပေါတ္ထကာရုဠှသံဂါယနာ (ပေထက်သံဂါယနာ) တင်တော်မူကြောင်း သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာ အရှင်မဟိန္ဒ

ထို့ထက်စော၍က သာသနာနှစ် ၂၃၆ခုတွင် ရဟန္တာအရှင် မဟိန္ဒမထေရ်သည် အဋ္ဌကထာနှင့် တကွသော ပိဋကတ်သုံးပုံကို သီဟိုဠ်ဘာသာသို့ ပြန်ဆို၍ ပေထက်အက္ခရာတင်ခဲ့ကြောင်း သိရပါသည်။

မြန်မာကပိုစော

ထိုသီဟိုဠ်က ရဟန္တာအရှင် မဟိန္ဒမထေရ်ထက် စော၍ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘူမိသို့ ရောက်ခဲ့ကြောင်း သိရပါသည်။

သီဟိုဠ်သို့ နောက်ကျ

တတိယသင်္ဂါယနာတင်ပြီးသောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ ညွှန်ကြားချက်ဖြင့် ရဟန္တာအရှင်သောဏနှင့် ရဟန္တာအရှင်ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘူမိသို့ စောစွာ ကြွခဲ့ကြသော်လည်း သီဟိုဠ်သို့ ကြွရမည့် ရဟန္တာ အရှင်မဟိန္ဒမထေရ် တို့သည် ထို့ထက် နောက်ကျပြီးမှသာ သီဟိုဠ်သို့ ကြွတော်မူကြောင်း သိရပါသည်။

❑ ❑ ❑

အဋ္ဌကထာဆရာ

အရှင်မဟာဗုဒ္ဓဃောသကိုကား (အဋ္ဌကထာအကျဉ်းပြုဆရာတော်)ဟု မော်ကွန်းထိုးတော်မူကြကြောင်း သိရပါသည်။

လှံ့လ

အရှင်မဟာဗုဒ္ဓဃောသ တစ်ပါးတည်း လှံ့လပြု၍ ပေထက်အက္ခရာတင်၍ ပြန်လည်စီစဉ်ပေးခဲ့သော အဋ္ဌကထာကျမ်းများသည် အလွန်များလှပါသည်။

စာမျက်နှာ ၁၃၀၀၀

ဆဋ္ဌသံဂါယနာမူဖြင့် စာအုပ်ရေ ၃၅ အုပ်ရှိပြီး စာမျက်နှာပေါင်း ၁၃၀၀၀ ကျော်ကျော် ရှိပါသည်ဟု သိရပါသည်။

မဂဓဘာသာပြန်

သာသနာနှစ် ၉၅၆ တွင် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သီဟိုဠ်ကျွန်း၌ သီဟိုဠ်ဘာသာ ပိဋကတ်တော်များကို မဂဓဘာသာသို့ ပြန်ဆို၍ သင်္ဂဟ အဋ္ဌအထာ(အဋ္ဌကထာအကျဉ်း)များကို မဂဓဘာသာဖြင့် ပြုစုတော်မူကြောင်းသိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သထုံသို့ သယ်လာခဲ့

အရှင်မဟာဗုဒ္ဓဃောသ ပြန်ဆိုပြုစုတော်မူသည့် မဂဓဘာသာ ပိဋကတ်တော်အစုံ (ပါဠိတော်၊ အဋ္ဌကထာ စုံတို့သည် သီဟိုဠ်မှ သုဝဏ္ဏဘူမိ(သထုံ)သို့ ရောက်ခဲ့ကြောင်း သိရပါသည်။

## ကိုးကွယ်ခဲ့

ထိုပိဋကတ်တော်အစုံတို့ကို သုဝဏ္ဏဘူမိ သထုံမင်း အဆက်ဆက်တို့ နန်းတော်ဦးတွင် ကိုးကွယ်ခဲ့ကြောင်း သိရပါသည်။

## စစ်ခင်း၍

ပုဂံအနော်ရထာမင်းက သထုံမနူဟာမင်းထံမှ ပိဋကတ်အစုံ ၃၀(ပေမူ)တို့ကို စစ်ခင်း၍ ပုဂံသို့ ပင်ဆောင် ခဲ့ကြောင်းကိုလည်း သိရပါသည်။

## ပုဂံသို့ရောက်

ထို့ကြောင့် ပိဋကတ်အစုံ (ပေမူ)တို့သည် သီဟိုဠ်မှ သုဝဏ္ဏဘူမိ သထုံသို့ ရောက်ရှိလာကြောင်း သိရပါသည်။ တဖန် သုဝဏ္ဏဘူမိ သထုံမှ ပေါက္ကာရာမ (ပုဂံ) သို့ ရောက်ရှိခဲ့ကြောင်း သိရပါသည်။



## ဂုဏ်ကျေးဇူး

ဆိုလိုသည်မှာ ပိဋကတ်တော်အစုံ (ပေမူ)တို့ သီဟိုဠ်မှ သုဝဏ္ဏဘူမိသို့ ရောက်ခြင်းသည် အရှင်မဟာ ဗုဒ္ဓဃောသ၏ ဂုဏ်ကျေးဇူးကြောင့်ဖြစ်သည်။ တစ်ဖန် သုဝဏ္ဏဘူမိ သထုံမှ ပေါက္ကာရာမ (ပုဂံ)သို့ ရောက်ရှိခဲ့ခြင်းမှာ ရဟန္တာအရှင် အရဟံ၏ ဂုဏ်ကျေးဇူးကြောင့်ဖြစ်သည်။

## ကျေးဇူးဖော်ထုတ်

ထို့ကြောင့် သုဝဏ္ဏဘူမိ သမိုင်းတွင် လည်းကောင်း၊ ထေရဝါဒ သမိုင်းတွင်လည်းကောင်း၊ ထိုရဟန္တာအရှင် (၂)ပါး တို့၏ ဂုဏ်ကျေးဇူးကို အမြဲအမွှမ်းတင် ဂုဏ်ပြုနေရခြင်း ဖြစ်ပါသည်။ (ထိုအချက်ကို ကျိုက်ထီးရိုးဆံတော်ရှင် ထီးတော်တင် စဉ်ကာလက ကျိုက်ထီးဆောင်းဆရာတော်သည် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်နေစဉ် ကာလမှာပင် ငြမ်းပေါ်မှနေ၍ ဂုဏ်ပြုရွတ်ဆိုခဲ့ကြောင်း သိရပါသည်။)

သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သက်တမ်းတစ် လျှောက်တွင် ဆံတော်ရှင်များသည် ခေတ်အလျောက် ထွန်းတောက်သည်လည်းရှိ၏။ မှေးမှိန်သည်လည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



## လူမသိ

တစ်ခါတစ်ရံ လူမသိ သူမသိသည်လည်း ရှိ၏။ တစ်ခါတစ်ရံ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်၍ မသိသူများ ကျော်သွားသည်လည်းရှိ၏။

## သိခဲ့ပါပြီ

ထိုအခါ သိသူများက ဖော်ထုတ်ကြပါသည်။ ထိုအကြောင်းတို့ကို ဓမ္မစေတီမင်း၏ ရွှေတိဂုံ မွန် ကျောက်စာ၌လည်းကောင်း၊ ပဲခူးမဟာကလျာဏီ သိမ်တော်ကြီး ကျောက်စာ၌လည်းကောင်း ထင်ရှားပြီးဖြစ်ပါသည်။

## ညောင်ချောင်းဆရာတော် ပေါ်လာ

ထိုထိုသော အကြောင်းများတို့ကြောင့် တိမ်မြုပ်နေသော ဆံတော်ရှင်များကို ဖော်ထုတ်သောအခါ ကေလာသ တောင်ထိပ်သို့ရောက်၍ သာသနာပြုသွားသော ညောင်ချောင်းဆရာတော် ဦးဉာဏဝံသသည် ထိုအချက်တို့ကို ပေါ်လွင်အောင် ကေလာသ ကျောက်စာတော်ကြီးကို စိုက်ထူခဲ့ပါသည်။

## ဖွံ့ဖြိုးရန်

ကျောက်စာကြီး၏ ရည်ရွယ်ချက်မှာလည်း မြတ်စွာဘုရား၏ ဗျာဒိတ်တော်အတိုင်း သာသနာ (၅၀၀၀) ကာလပတ်လုံး ဆံတော်ရှင်များ သာသနာ ဖွံ့ဖြိုးရန် ရည်စူးကြောင်း သိရပါသည်။

## တစ်ကြော့ပြန်လာမည်

သာသနာ (၂၅၀၀) ကျော်မှသာလျှင် ဆံတော်သာသနာများ တစ်ကြော့ပြန် ပေါ်ထွက်မည်ဟု ယုံကြည်သဖြင့် ဘုရားဗျာဒိတ်တော်အတိုင်း ကေလာသ ကျောက်စာဟု ခေါ်ဆိုရမည့် သောဏ္ဏာယစေတီတော်ကြီး ကျောက်စာကို စိုက်ထူခဲ့ခြင်းဖြစ်သည်။

## ဇာတ်လမ်းအစ ညောင်ချောင်းက

ဆရာတော်ကြီးမှာ ညောင်ချောင်းဆရာတော်ဘုရားကြီး သိရိဘဒ္ဒ ဉာဏဝံသဖြစ်ကြောင်း သိရသည်။ ကျောက်စာတော်ကြီးကိုကား " အဟောအစ္ဆရိယာဝတ သောဏ္ဏာယစေတီတော်ကြီးကျောက်စာ" ဟူ၍ ဆရာတော်ကြီးကိုယ်တိုင် ကမ္ပည်းပါင်ခဲ့ပါသည်။

## ပေါ်လာလိမ့်မည် မလွဲ

ထိုကမ္ပည်းစာထဲတွင် သာသနာ ၂၅၀၀ ကျော်သောအခါ ကေလာသ ဆံတော်ရှင် အစရှိသော သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာသည် တစ်ကြော့ ပြန်လည်ပေါ်ထွန်းလာလိမ့်မည်ဟု မှတ်တမ်းတင်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com


### သာသနာရောင်တော်ဖွင့်

ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ ဆရာတော်က ဦးဆောင်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ အမှူးထားပြီးလျှင် ကေလာသ ဆံတော်ရှင်နှင့် ကေလာသတောင်တော် သာသနာရောင် တော်ဖွင့် စီမံချက်ကို ပြုလုပ်ကြပါသည်။

### သာသနာ့ပေါင်းကူး

ထိုအခါ သုဝဏ္ဏဘူမိတည်းဟူသော ဒဂုံ၊ သထုံတိုင်း နှစ်စုံမှ သာသနာပေါင်းကူး သာသနာ့မာမက ဓမ္မရက္ခိတ အကျိုးဆောင်အဖွဲ့ (ရန်ကုန်)၏ နာယကအဖွဲ့ဝင် အဂ္ဂမဟာ သိရိသုဓမ္မ မဏိဇောတိဓရ ဒေါက်တာခင်ရွှေ နှင့် ဇနီး ဒေါ်စန်းစန်းကြွယ်၊ သား ကိုဇေယျသီဟ၊ သမီး မဇေဇင်လတ် တို့မှ ကမကထပြု၍ အများပြည်သူ ကောင်း မှုတော် အဖြစ် သိန်းပေါင်းများစွာ အကုန်ခံ၍ ပြုလုပ်ကြပါသည်။

### ကံကောင်း၍တွေ့ရ

ညောင်ချောင်းဆရာတော်ဘုရားကြီး၏ ကေလာသ ကျောက်စာကြီးကို ငွေကုန်ကြေးကျခံ၍ တစ်ခမ်းတစ်နားဖြင့် ပူဇော် ကြပါသည်။ ထိုကျောက်စာတော်ကြီးကို ကံအားလျော်စွာ ကျွန်တော်တို့တွေ့ရှိကြရာ ညောင်ချောင်း ဆရာတော်ကြီး၏ လက်ရာအတိုင်း အောက်တွင် တင်ပြ လိုက်ပါသည်။ အတိအကျ ဖတ်ရှုတော်မူကြပါ။

## သောဏ္ဏာယစေတီတော်ကြီး
## ကျောက်စာ

(ဗုဒ္ဓဝန္ဒနာ)

**လောကန္တကိတ္တိကိရိဝံဝတာဝဋ္ဋဝန္တံ။**
**မောဟန္ဓဟန္တမဟာဒယံပရပတ္တိပတ္တံ။**
**လောကန္တုကမ္မကရဏံ ပုရပုလ္လပုညံ။**
**ဓိရန္တိရန္တရနမာမိဟာမိဒ္ဓိမိန္ဒံ။**

(ဤကား ကျောက်စာထိပ်၌ ပါရှိသော (မုတ္တဟာရနယ) ပဋိမဏ္ဍိဘာဝသန္တတိလကပဋ္ဌာန်ဂါထာ)။

လောကိန္ဒံ၊ သစ္စာလေးပိုဒ်၊ တရားမြိုက် ကြောင့် သုံးတိုက်လောက ဟူသမျှကို စိုးရိမ် တော်မူပေထသော၊ ကိတ္တိကိရိတံ၊ ဂုဏ်တော် ကိုးတန် ကိတ္တိသံတို့ဖြင့် လူ့ထံမဆန့် ဘဝဂ်ရှုံ့ အောင် ပျံ့တော်မူထသော၊ ဝတကေန္တံ မိန္ဒွတ်

www.burmeseclassic.com

အမှန် ဧကန်စင်စစ်။ ဝဋ္ဋဝဋ္ဋ၊ တဝမလပ် ချားရ ဟတ်သို့ လှည့်ပတ်ဖန်ဖန် ဝဋ်သုံးတန်ကို ပျို့အံ တော်မူပေထသော။ မောဟန္ဓ၊ သိအပ်လှစွာ လေး သစ္စာကို ကွယ်ကာတတ်လှ မှောင်မောဟကို။ ဟန္တဟာဒယံ၊ ရောင်လျှံပြိုးပြိုး မင်္ဂဆိမ်းဖြင့် ဖျောက် ပြီးသော ရွှေနှလုံးတော်ရှိတော်မူထသော။ ပရပတ္တိ၊ ကဲလွန်ထူးမြတ် ဖိုလ်အရဟတ်သို့၊ ပတ္တံ၊ သဗ္ဗညုဉာဏ် ပဒဌာန်ဖြင့် အမြန်မဖောက်ရောက် တော်မူပေထသော။ လောကံ၊ သတ္တာ လောက ဝေ နေယျကို။ အနုကမ္ပကရုဏာ၊ သနားသမှု သားရာ ဟုသို့ ပြုတော်မူပေထသော။ ပုရပုလ္လပုည်။ ဆည်း ပူးခဲ့လှသကမ္မာရကြောင့် နှိုင်းဆမဆုံး ပျံ့ပြော သော ဘုန်းရှိတော် မူပေထသော။ ကွဒ္ဓိမန္ဒ၊ ပတ္တိမာဒိ ကွသဃရိဟု ကွဒ္ဓိတန်ခိုး အမျိုးမျိုးကို စိုးပိုင်တော်မူပေထသော။ မိရံတံဆိပ် ဂုဏ်သံ ဟိတ်ဖြင့် ခပ်နှိပ်ကျော်ကြား မြတ်ဘုရားကို။ နိရန္တရံ၊ နေ့ညဥ့်မပြတ် ခါမလတ်ဘဲ၊ အဟံ၊ ရှပ် နာမ်နှစ်ရုပ် ပရမတ်ကို ပညတ်ဖော်ထုတ် အကျွန်ုပ်သည် နမာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး ၍



၍ ရှိခိုးပါ၏ အရှင်ဘုရား။

<u>သောဏ္ဏာယစေတီတော်ကြီးကျောက်စာ</u>

မနုဖြူမြို့နယ် ညောင်ချောင်းရွာ ဖွားရာဇာတိရှိသော သီရိဘဒ္ဒန္တ (ဉာဏဝံသ) တူ သော အမည်တော်ဖြင့် ကျော်စော ထင်ရှားသော ညောင်ချောင်းဆရာတော်ဘုရားသည် ယခု ဝေါ ဟာရ သက္ကရာဇ် (၁၂၈၈ ခုနှစ်၌) ငါတို့ ရှင်တော် ဘုရား ထားတော်မူခဲ့သော သာသနာတော် (၅၀၀၀) အနက် လွန်ခဲ့သော အတိတ်သာသနာ တော်သည် (၂၄၇၀) တိတိ ပြည့်နေပြီဖြစ်ပါ၍ သာသနာတော်ထက်ဝက်လဲမည်မှာ နှစ်ပေါင်း (၃၀)မျှသာ ကြွင်းကျန်တော့သည်ဖြစ်ခဲ့လေရကား သာသနာတော်ထက်ဝက်ကျော်ခဲ့သော နောင် အနာဂတ်ကာလ၌ အံ့ဖွယ်သရဲဖြစ်ပေါ်လတ္တံ့ဆဲ ဆဲ ဖြစ်ကုန်သော 'အစ္ဆရိယာဝဘ' အနာဂတ ဗျာဒိတ်ခဏ်း ဘုရားရဟန္တာတို့၏ အဟောစာ တမ်းတို့ကို အတိတ်ကာလက မဆွကြိုကြောင့်၍ ထင်ထင်ရှားရှား မှတ်သားရ နောက်တော်သား နောက်လာတို့ အထူးသတိပြုကြစေခြင်းအကျိုးငှာ

www.burmeseclassic.com

www.burmeseclassic.com

'သေလက္ခရာ' ကျောက်စာ ကမ္ပည်းဖြင့် သိပ်သည်းစွာ ရေးသား၍ (ကေလာသ) တောင်မြင့်ဖျား၌ စိုက်ထားတော်မူခဲ့သော. . .

## အစ္ဆရိယာဝတ-ကျောက်စာတော်

ဧဃေျတု။ ။ ငါတို့မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်စံနေတော်မူစဉ်အခါ 'အရှင်အနုရုဒ္ဓ ၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏသာဂရ၊ အရှင်ဉာဏပဏ္ဍိတ၊ အရှင်ရေဝတ' ဟူ၍ ၆-ပါးကုန်သော ရဟန္တာကြီးတို့သည် ဘုရားထံချဉ်းကပ်၍ တုပ်ဝပ်လျှောက်ထားကြကုန်သည်မှာ-

(မဟာသမုဒ္ဒဿ ပန ဘန္တေ အဝိဒူရေဧကသ္မိံ ပစ္စန္တဒေသေ ဗဟုဇနာ ဝသန္တိ တေသံ အနုကမ္ပာယ ပူဇနီယံ ဒါတုံ ဝဋ္ဋတီတိ။ ။

ဘန္တေ-အရှင်ဘုရား။ မဟာသမုဒ္ဒဿ- ဟောသမုဒ္ဒရာ၏။ အဝိဒူရေ-အလွန်မဝေးလှသော။ ဧကသ္မိံ ပစ္စန္တဒေသေ- တစ်ခုသော ပစ္စန္တရာဇ်အရပ်၌။ ဗဟုဇနာ-များစွာကုန်သော လူတို့သည်။ ဝသန္တိ-နေထိုင်ကြကုန်၏။ တေသံ-ထိုလူတို့အား။ အနုကမ္ပာယ- အစဉ်သနားတော်မူသဖြင့်။ ပူဇနီယံ- ပူဇော်ဘွယ်ရာကို။ ဒါတုံ- ပေးသနားတော်ခြင်းငှာ။ ဝဋ္ဋတိ-သင့်လှပါ၏။ ဣတိ-ဤသို့လျှောက်ထားကြကုန်၏။

ဤသို့ ရဟန္တာ ၆ ပါးတို့သည် ပူဇော်တဗ္ဗလျှောက်တောင်းကြလေလျှင် မြတ်စွာဘုရားသခင်သည် ထိုရဟန္တာကြီး ၆-ပါးတို့၏ လျှောက်တောင်းသော စကားကို ရွှေနားတော်ကြားတော်မူ၍ ဇနပုဒ်သားတို့၏ အစီးအပွားကို ပြုတော်မူခြင်းအကျိုးငှာ လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်မြတ်ကို သုံးသပ်တော်မူလေလျှင် ရွှေအဆင်းရှိကုန်သော ၆-ဆူကုန်သော ဆံတော်မာတ်တို့သည် လက်တော်၌ ငြိကပ်တော်မူကြကုန်၏။

ထိုဆံတော်မာတ် ခြောက်ဆူတို့ကို ရဟန္တာကြီး ၆-ပါးတို့အား တစ်ဆူစီပေးသနားတော်မူလေလျှင် ဝမ်းသာအားရ ဦးထိပ်ဖြင့်သာ ရိုသေစွာ ခံယူကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရဟန္တာကြီး ၆ပါးတို့အား ဆက်တော်ခြောက်ဆူတို့ကို ပေးအပ်တော်မူသော ကာလ၌ အရှင်အာနန္ဒာမထေရ်သည် ဘုရားသခင်၏ အပါးတော်၌ ခစားခိုလှုံလျှက်ရှိလေရကား မြတ်စွာဘုရားသခင်အား လျှောက်ထားလေသည်မှာ-

'ကိံဘန္တေ တသ္မိံဇနပဒေ သတ္တာနံ အန္တရာယော ဘဝဂတော ဓါတုယောနိဿာယ ဘဝိဿတီတိ'

ဘန္တေ၊ အရှင်ဘုရား၊ တသ္မိံဇနပဒေ၊ ထိုဇနပုဒ်၌ သတ္တာနံ၊ သတ္တဝါတို့အား။ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏ ဓါတုယော၊ ဆံတော်ဓာတ် တို့ကို နိဿာယ၊ အမှီပြု၍။ အန္တရာယော၊ အန္တရာယ်သည်။ ဘဝိဿတိကိံ၊ ဖြစ်လတ္တံ့ပါလော။ ဣတိ၊ ဤသို့လျှောက်ထားလေ၏။

ဤသို့ လျှောက်ထားသောကာလ၌ မြတ်စွာဘုရားသခင်သည် အရှင်အနာန္ဒမထေရ်အား ဗျာဒိတ်တော်ကြားလေသည်မှာ-

(၁) နပဿာမိ အာနန္ဒတသ္မိံဇနပဒေ သတ္တာနံ ပရိဟာနိံ ဝုမ္မမေဝပဿာမိ။

(၂) မမ ပရိနိဗ္ဗာနတောဟိ အာနန္ဒ ပဥ္စဝဿ သဟဿာနိ မမ သာသနံ ပတိဋ္ဌိတံ ဘဝိဿတိ။

(၃) ဣမာဆကေသဓါတုယော ပဥ္စသတာဓိက ဒွိသဟဿဝဿာနိဒုက္ခိတာဘဝိဿန္တိ၊ တတောပရံ မဟာပူဇာ သတ္တရော ဘဝိဿတိ။

(၄) ဧကောကံ စေတိယံ မဟာသတ္တဗန္ဓိယံ ဘဝိဿ တီတိ ဗျာကာသိ။ ။

ဟူ၍ [၄] ခွန်းကုန်သော ရွှေဗျာဒိတ်တို့ကို မိန့်တော်မူလေ၏။

(၁) အာနန္ဒ၊ ချစ်သား အာနန္ဒာ။ တသ္မိံ ဇနပဒေ၊ ထိုဇနပုဒ်၌။ သတ္တာနံ၊ သတ္တဝါတို့၏ ပရိဟာနိံ၊ ဆုတ်ယုတ်ပျက်စီးခြင်းကို။ နပဿမိ၊ မြင်တော်မမူ။ ဝုမ္မိမေဝ၊ စည်ကားကြီးပွားခြင်းကိုသာလျှင်။ ပဿာမိ။ မြင်တော်မူ၏။ (ဤကား ဇနပုဒ်သားတို့၏ စည်ကား ကြီးပွားခြင်းကိုသာလျှင် မြင်တော်မူကြောင်း ပထမ ဗျာဒိတ်။)

(၂) အာနန္ဒ၊ ချစ်သားအာနန္ဒာ။ မမ၊ ငါ ဘုရား၏။ ပရိနိဗ္ဗနတော၊ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည်မှ။ ပဋ္ဌာယ၊ စ၍။ ပဥ္စဝဿသဟဿာနိ၊ အနှစ်

www.burmeseclassic.com

www.burmeseclassic.com



(၅၀၀၀) တို့ပတ်လုံး။ မမ၊ ငါဘုရား၏ သာသနံ၊ သာသနာတော်သည်။ ပတိဋ္ဌိတံ၊ တည်နေသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ (ဤကားသာသနာတော် အနှစ် (၅၀၀၀)တည်လတ္တံ့ကို မြင်တော်မူကြောင်း ဒုတိယ ဗျာဒိတ်။)

(၃) အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဆ၊ ၆-ဆူ ကုန်သော။ ဣမာကေသဓါတုယော၊ ဤဆံတော် ဓာတ်တို့သည်။ ပဥ္စသတာဓိကဒွိ သဟဿဝဿာ နိ၊ အနှစ်(၂၅၀၀) တို့ပတ်လုံး၊ ဒုက္ခိတာ၊ ပူဇော် သက္ကာရကို မခံရဘဲ ဆင်းရဲကုန်သည်။ ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။ တတော၊ ထို (၂၅၀၀) တိတိ ထက်ဝက်ပြည့်သည်မှ။ ပရံ။ နောက်၌ မဟာ ပူဇာသက္ကာရော။ ကြီးစွာသော ပူဇော် သက္ကာရ သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဤကား။ သာသနာတော် ထက်ဝက် ကျော်လျှင် ဘုရားတစ်ဖန် ပွင့်လာပြန်သကဲ့သို့ ဆံတော်ဓာတ် (၆) ဆူတို့သည် ကြီးစွာသော ပူဇော်သက္ကာရကို ခံရလတ္တံ့ကို မြင်တော်မူ ကြောင်း တတိယ ဗျာဒိတ်။

(၄) အာနန္ဒ။ ချစ်သားအာနန္ဒာ၊ ဧကေကာ၊ တစ်ဆူ တစ်ဆူသော။ စေတိယံ၊ စေတီတော် သည် မဟာသတ္တ ဗန္ဓိယံ။ များစွာသော လူတို့၏ ဖွဲ့စည်းအပ်သောအဖွဲ့အစည်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ဣတိ၊ ဤသို့ ဗျာကာသိ၊ ဗျာဒိတ်ကြား တော်မူ၏။

(ဤကား၊ စေတိယ ဂေါပက လူကြီးတို့၏ အဖွဲ့ အစည်း အသင်းကြီးကို ဆိုလိုသည်။ ထိုအသင်း ကြီးကို မြင်တော်မူကြောင်း (စတုတ္ထ) ဗျာဒိတ်။

ဤသို့ ရှင်အာနန္ဒာ မထေရ်အား (၄) ခွန်း ကုန် သော ဗျာဒိတ်တော်စကားတို့ကို မိန့်ကြားတော် မူပြီး အဆုံး၌ အရှင်အနုရုဒ္ဓါမထေရ် အမှူးရှိကုန် သော ရဟန္တာကြီး-၆ပါးတို့သည် ခြောက်ဆူကုန် သော ဆံတော်ဓာတ်တို့ကို ပင့်ဆောင်တော်မူပြီး လျှင် ဘုရားသခင်၏ အထံတော်မှ ဖယ်ခွာတော် မူလာကြ၍ (မဟာသမုဒ္ဒဿပနဘာဂေ အဝိဒူရေ ဧကသ္မိံ မစ္စန္တဒေသေ) ဟု လျှောက်တင်ရာ အဆို ပါ စကားအတိုင်း မဟာသမုဒ္ဒရာ၏ အနီးတစ်ခု သော ပစ္စန္တရာဇ်ဒေသသို့ ထက်ကြောင်းတင် ခရီး

www.burmeseclassic.com

www.burmeseclassic.com

လမ်းဖြင့် ပျံသန်းကြွရောက်တော်မူကြကုန်၏။

ပစ္စန္တရာဇ် အရပ်သို့ ရောက်တော်မူကြလေလျှင် ပင့်ဆောင်တော်မူလာကြကုန်သော ဆံတော်ခြောက်ဆူတို့ကို နတ်ရော လူပါ ၆ ဦးသော ဒါယကာတို့သည် တစ်ဆူနှင့်တစ်ဆူ မဝေးမနီး အသီးသီးအားဖြင့် ကိုယ်စီကိုယ်ငှ ရွက်ဆောင်ကြ၍

၁။ သိကြားမင်းတည်ထားအပ်သော သက္ကထူပ။

၂။ ပဇ္ဇုန်နတ်သား တည်သော ပဇ္ဇုန္နထူပ။

၃။ မဏိမေခလာနတ်သမီးတည်သော မဏိမေခလာထူပ။

၄။ ခရီးသည် သင်္ဘောသူကြီး တည်သော အဒ္ဓိကနာဝိကထူပ။

၅။ ဝရုဏနဂါးမင်းတည်သော ဝရုဏနာဂ ရာဇထူပ။

၆။ ဒမိဠ ကျေးကုန်သည်များ တည်သော သတ္တနာဝိကထူပ

ဟူသော ခြောက်ဆူကုန်သော စေတီတော်များကို တည်ထားခဲ့ကြလေကုန်၏။



ထိုစေတီတော်များလည်း ယခုထက်တိုင် ဗျာဒိတ်တော် (၄)ခွန်းတို့တွင် တတိယ ဗျာဒိတ်တော်မြွတ်အတိုင်း မထင်မရှား တောကြားချုံကြားထဲမှာသာ ဆင်းရဲငြိုငြင်စွာ ကိန်းဝပ်စံပယ်တော်မူရှာကြလေကုန်၏။ (နတ်များကွယ်ဝှက်ထားဟန်တူသည်။)

ထိုစေတီတော်၏ တည်ထားရာဒေသသည် (မဟာသမုဒ္ဒဿပန ဘန္တေ အဝိဒူရေ) ဟူရာ၌ <u>အဘယ် မဟာသမုဒ္ဒရာဖြစ်ပါသနည်း</u>ဟု စဉ်းစားဆင်ခြင်ရန်တရပ်။

(ကေသို့ပစ္စန္တဒေသ) ဟူရာ၌လည်း <u>အဘယ်ပစ္စန္တဒေသ ဖြစ်ပါသနည်း</u> ဟု စဉ်းစား ဆင်ခြင်ရန် တစ်ရပ်။

ဤသို့ နှစ်ရပ်ရှိပေသည်။

ထို (၂) ရပ်တို့တွင် <u>အဘယ်မဟာသမုဒ္ဒရာဖြစ်ပါသနည်း</u> ဟု စဉ်းစားလတ်သော်. . .

ရှေးရှေးသော ကာလက ကူးသန်း သွားလာကြကုန်သော သင်္ဘောတို့သည်၊ ရုက္ခံဆိန္ဒိတွာ မဟန္တံ နာဝံပန္ဒိတွာ၊ စသော သမုဒ္ဒ ဝါဏိဇ္ဇဇာတ်

www.burmeseclassic.com

www.burmeseclassic.com



အဌကထာကို ထောက်သဖြင့်လည်းကောင်း၊ မနုဝါတေနအာနိတာ၊ လ၊ ကောနာဝါ၊ ၊စသော အဒ္ဒိက နာပိက ထူပဝင်ပါဠိကို ထောက် သဖြင့်လည်းကောင်း၊ သစ်ပျဉ် ချပ်တို့ဖြင့် တည်အပ်ကုန်သော ရွက်လှေသင်္ဘောတို့သာ ဖြစ်ကြကုန်၍ အလွန်ဝေးလှစွာသော (အတ္တလန္တိတ်) စသော မဟာသမုဒ္ဒရာသို့ ကူးသန်းသွားလာနိုင်ကြရန် ခဲယဉ်းကြလေရကား အာရေဗျ သမုဒ္ဒရာ၊ သို့မဟုတ် ဘင်္ဂလားအော်သို့သာ ကူးသန်းသွားလာနိုင်ကြကြောင်း ထင်ရှားလေ၏။

တစ်နည်းလည်း၊ ဒမိဠ ဝါဏိဇ္ဇာ သဒ္ဒါ ပသန္နာ ၊လ၊ တသ္မိံယေဝ ဌာနေ အနုပ္ပတ္တာ အဟေသုံ၊ ဟူသော ဒမိဠထူပဝင်ပါဠိ၌ မဂဓဘာသာအားဖြင့် (ဒမိဠ) လူမျိုးဟူသည်ကို သတ္တတဘာသာအားဖြင့် (ဒြဝိဗ) လူမျိုး၊ ထိုလူမျိုးတို့၏ ဘာသာအားဖြင့် (ရှမေလ်) လူမျိုး၊ ပေါရာဏ ဘာသာအားဖြင့် (ကျေး) လူမျိုး၊ ယခုဝေါဟာရအားဖြင့် (ကလယ်) လူမျိုးဟု ခေါ်ဝေါ်အပ်၏။

ထိုလူမျိုးတို့၏ နေထိုင်ရာ ပြည်နယ်ဌာနကား မဒရပ်စီရင်စုမှစ၍ အိန္ဒိယကျွန်းစွယ်၏ အဆုံးကိုမိုရင်အငူ မဒူရာနယ် တစ်ဝှန်းလုံးသည် ၄င်း(ကလယ်) လူမျိုးတို့၏ ပြည်နယ်ဌာနဖြစ်၏။

ထို(ကလယ်ခေါ် ကျေးကုန်သည်)တို့ ကူးသန်းသွားလာရာ ဖြစ်သော မဟာသမုဒ္ဒရာသည် (နေဂါပတန်) စသော မြို့ကြီးပြကြီးများမှ ကူးသန်းသွားလာကြကြောင်း ထင်ရှားသဖြင့် (ဘင်္ဂလားအော်)သာဖြစ်ကြောင်း ထင်ရှားလေ၏။

ဘင်္ဂလားအော်၌လည်း အရှေ့ဘက် ကမ်းရိုး၊ အနောက်ဘက် ကမ်းရိုးအားဖြင့် ပင်လယ်ကမ်းရိုး ၂-ခုတို့တွင် အဘယ်ကမ်းရိုးသို့ ကူးသန်းသွားလာကြပါသနည်းဟု စဉ်းစားပြန်သော်. . .

တသ္မိံယေဝဌာနေ အနုပ္ပတ္တာအဟေသုံ၊ ၊ ဟူသော ၄င်း(ဒမိဠ ထူပဝင်) အဆိုအတိုင်း ဆံတော်ခြောက်ဆူတို့ကို ယူဆောင်ကြွသွားတော်မူကြကုန်သော ရဟန္တာ အရှင်မြတ်တို့ ရောက်ရှိရာ ပစ္စန္တ ဒေသ၌လည်း သာသနာတော် ထက်ဝန်းကျော်လျှင် ဘုရားတစ်ဖန် ပွင့်လာပြန်သကဲ့သို့

www.burmeseclassic.com

ဆံတော်ခြောက်ဆူတို့သည် ကြီးစွာသော ပူဇော်သက္ကာရကို ခံကြရလတ္တံ့ဟု ဆိုသဖြင့် ယခု သိရှိကြသည့်အတိုင်း အနောက်ဘက် ပင်လယ်ကမ်းရိုးတစ်လျှောက်သည် သီတာရာမ တို့ကိုသာ ယုံကြည် ကိုးကွယ်ကြကုန်သော ဘာသာအယူ လူအမျိုးမျိုးတို့၏ နေထိုင်ရာ ပစ္စန္တဒေသဖြစ်နေပါ၍ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကို မမှတ်ယူထိုက်ပေ။

သာသနာတော်ထက်ဝက်ကျော်လျှင် ပူဇော်သက္ကာရကို မချမလွဲပြုကြလတ္တံ့ ဖြစ်သော အရှင်သောဏ အရှင်ဥတ္တရ ရဟန္တာ ၂ ပါးတို့၏ အဆုံးအမတော်ဖြင့် ယဉ်ကျေးပြီး ရှိနှင့်ကြကုန်သော ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ နေထိုင်ရာ ဒေသ (ဒမိဠ) ကျေးကုန်သည်တို့ ကူးသန်းသွားလာရာ မဟာသမုဒ္ဒရာသည်လည်း ဘင်္ဂလားအော်ပေတည်း ဟု သိနိုင်ရုံမျှမက အရှေ့ဘက်ပင်လယ်ကမ်းရိုးတစ်လျှောက်ဖြစ်ကြောင်းကို အာကာမြင့်တိမ်ယံမှာ ဗျိုင်းပျံ၍ သွားသကဲ့သို့ ထင်ရှားစွာ သိထိုက်လှပေပြီ။



ထို့ကြောင့် သစ်ပျဉ် သစ်ချပ်တို့ဖြင့် တည်လုပ်အပ်သော ရွက်လွှင့်သင်္ဘောပင် ဖြစ်လင့်ကစား သုပ္ပါရကဇာတ် အဋ္ဌကထာကို ထောက်လျှင် သုပ္ပါရက သင်္ဘောသူကြီးသည် ခုရမာလီ အဂ္ဂိမာလီ၊ ဒဓိမာလီစသော သမုဒ္ဒရာတို့ကို ကျော်ဖောက်၍ အမေရိကသို့ အကယ်သွားရောက်နိုင်စေကာမူ ဤအရာ၌ သာသနာတော် တစ်ဝက်ကျော်လျှင် ပူဇော်သက္ကာရကို မချမလွဲ ပြုကြလတ္တံ့ဖြစ်သော ပစ္စန္တဒေသနှင့် စပ်လျဉ်းသော ပင်လယ်ကမ်းရိုးသာလျှင် ပမာဏဖြစ်သင့်ပေသည်။

အရှေ့ဘက် ပင်လယ်ကမ်းရိုတန်း တစ်လျှောက်တွင် အဘယ်ဌာနဖြစ်ထိုက်ပါသနည်း ဟု စဉ်းစားပြန်သော် ရဟန္တာအရှင်တို့သည် စေတီတော်များတည်ထားကြရန် မြေဌာနကို ရွေးချယ်တော်မူကြလေရာ (သာခါကိုရ ဝန သဥ္ဇန္နံ အရုဏ သဒိသံဝဏ္ဏံ ရမဏိယ ဘူမိဘာဂံဒိသွာ) ဟူသော သက္ကထူပဝ်ပါဠိ၌ အရုဏ်အဆင်းနှင့်တူသော (ဝဝံ) ခေါ်မြေနီရှိသော ဌာနကို ပြဆိုအပ်သည်

www.burmeseclassic.com


ကို ထောက်သဖြင့်လည်းကောင်း၊ (ပရမရမ္မဏီယံကေလာသ ပဗ္ဗတ သန္နိဘံ၊ လ၊ ရမ္မဏီယံ စေတော ဌာနံ ဒိဿာ) ဟူသော ပဋ္ဌနွှယ်ပဝင်ပါဠိ၌လည်း ကေလာသ တောင်နှင့် တူသော တောင်ရှိရာ ဌာနကို ပြဆိုအပ်သည်ကို ထောက်သဖြင့်လည်းကောင်း ယခုရှိသော ကေလာသတောင်ကို အာဋ္ဌဝက ဝတ္ထုလာ ဟိမဝန္တာအနီးရှိ ကေလာသတောင်အစစ်နှင့် သဒိသပြု၍ ရှေးရှေးစဉ်ကာလကပင် ပညတ်တွင် လာရခြင်းသည် (ကေလာသတိ ဒိဗ္ဗတီတိ ကေလာသော) ဟူသော ပြုပွတ်ကို စွဲမှီ၍ (ကေလာသော ဝိယာတိ ကေလာသော) ဟု ပညတ်ထားဟန် လက္ခဏာကို ထောက်သဖြင့် လည်းကောင်း၊ ငါတို့သည်လည်း ကေလာသ တောင်နှင့်တကွ ထိုနယ်ပယ်ဌာန၏ အနေအထားကို ကိုယ်တိုင်တွေ့မြင်ရသဖြင့် လည်းကောင်း သထုံမြို့ ဒိစတြိတ်(ဘီးလင်း) ခေါ် မြို့နယ် ဌာနသည် ဆံတော်စေတီတော်ကြီး ခြောက်ဆူတို့သည် သာသနာတော်ထက်ဝက် ကျော်လျှင် ထင်ရှားပေါ်ထွန်းတော်မူကြလတ္တံ့သော ဌာန၊ ကြီးစွာသော ပူဇော် သက္ကာရကို ခံကြရလတ္တံ့သော ဌာနပေတည်းဟု ငါတို့ယုံကြည်သည်။

ငှင်းပြင် ငါသည် ရဟန်းငယ်ကာလ ငါးဝါရလောက် ငှင်းဆံတော်စေတီတော်ကြီး ခြောက်ဆူတို့၏ အကြောင်းနှင့် စပ်လျဉ်း၍ ဇလွန်မြို့ နာဂဝံ တိုက်ကြီး၌ သီတင်းသုံးတော်မူသော ပရိယတ္တိ ဝိသာရဒ တိပိဋကရေဖြစ်တော်မူသော (သီရိမင်္ဂလာလက်ာရ) ဆရာတော်ဘုရားကြီးအား လျှောက်ထားဘူးရာ-

'ဟဲ့ ရဟန်းကလေးငါကိုယ်တိုင် သွားရောက်ထူးပြီး တောထဲချုံထဲမှာ ကန်ပျက်ဂူပျက်မှစ၍ အဆောက်အဦး အများအစား ငါတွေ့ရှိခဲ့သည်။ ဤနေရာ ဌာနကား ဟုတ်ထိုက်သော ဌာနပေတည်း'

ဟု အမိန့်ရှိတော်မူဘူးလေပြီ။

ငှင်းပြင် ဟသာ်တမြို့၌ သီတင်းသုံးတော်မူကြကုန်သော ပရိယတ္တိ ဝိသာရဒ ပိဋကတ္တယဝိဒူ ဖြစ်တော်မူကုန်သော ရေတံခွန်ဆရာတော်၊ လယ်တီ

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၊ ဘုရားကြီးဆရာတော်တို့သည် ထိုနယ် ဌာနသို့ ကြွရောက်တော်မူကြစဉ်အခါက ကျိုက္ကသာ မှ စ၍ ကေလာသတောင်ခြေ တစ်လျှောက် ၌ သမုဒ္ဒရာ ကမ်းပါးပြိုစား ပျက်စီး နေသည်ကို မြင်တော်မူကြ၍ 'ကေလာသတောင် သည် ရှက်လက်ဖျား ခတ်လတ္တံ့၊ မြို့ကြီး ပြကြီး ဖြစ်လတ္တံ့' စသော ရှေးသူဟောင်းတို့၏ စဉ်လာ စကားကို စဉ်းစားတွေးခေါ်မိကြသည့်ပြင် ယခု ရေးသားအပ်သော ဗျာဒိတ်တော်များအတိုင်း ဖြစ်လတ္တံ့ကုန်သော ဝိသေသ အံ့ဖွယ်များကို လည်း အထူးသတိပြုတော်မူကြ၍ ယုံကြည်တော် မူကြကြောင်းကို အမိန့်တော်ရှိဘူးကြလေသည်။

၎င်းပြင် (၁၂၈၇) ခုနှစ် သထုံမြို့၌ များလှစွာ သော ရဟန်းပရိသတ်၊ လူပရိသတ်တို့အား ၎င်း ဆံတော်တရားကို ဝိတ္ထာရဟောကြားလေရာ သထုံမြို့ မြသပိတ်တောင်ခြေ စန္ဒရမ်တိုက် ၌ သီတင်းသုံးတော်မူသော ပရိယတ္တိဝိသာရဒလဇ္ဇီ ပေသလဖြစ်တော်မူသော အရှင်သဒ္ဓမ္မာစိဏ္ဏ ဆရာတော်ဘုရားကြီးသည် တရားဟောပြီးသော



အဆုံး၌ မိန့်တော်မူသည်မှာ-

'ညောင်ချောင်းဆရာတော်၊ ယခု ဆရာတော် ညွှန်ပြအပ်သော ဤနေရာဌာနသည် ရှေးရှေး သော ကာလကပင် မကြာခဏ အံ့ဖွယ်ဘနန်း ဖြစ်ပါသည်။

'လွန်ခဲ့သော အနှစ် (၂၀) လောက်က တို ပေါက်ကျိုင်းခေါ် ဒါယကာ တစ်ယောက်သည် ထိုတောသို့ ရောက်ရှိရာ အံ့ဖွယ် ဘနန်း အလွန် ထူးဆန်းသော စေတီတော်ကြီးတစ်ဆူကို တွေ့ရှိ ပြန်၍ သစ်ပင်ကို ဓားဖြင့် ထစ်၍ အမှတ်အသား ပြုလုပ်ထားပြီးလျှင် မြို့အုပ်မင်း ဦးသာညိုအား ပြောကြားသော ကာလ မြို့အုပ်မင်းလည်း လူကြီး လူကောင်းတို့ကို-နှိုးဆော်၍ အဖူးအမြော်သွား ရောက်ရာ၊ အမှတ်အသား ဓားထစ်၍ ထားခဲ့လေ ငြားသော်လည်း ကွယ်ပျောက်၍ သွားပြန် ၏။'

"ဤသို့ မကြာခဏ အံ့ဖွယ်ဘနန်း အလွန် ထူးဆန်းသော စေတီတော်ကြီးများကို ဖူးတွေ့ကြ ရသဖြင့် သာသနာတော်ထက်ဝက်နိမ်းသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

နတ်တို့သတိပေးသည်နှင့် အလားတူပါသည်။”

“ ရှည်သန်တော်မူသည့် အတိုင်း နောက်သား နောင်လာတို့ အကျိုးငှာ သိလက္ခရာ ကျောက်စာ ကမ္ဗည်းဖြင့် သိပ်သည်းစွာ ရေးသား၍ ကေလာသ တောင်မြင့်များ၌ သိပ်သည်းစွာ ရေးသား၍ ကေလာသ တောင်မြင့်များ၌ ဆက်ဆက် စိုက်ထားခဲ့ပါ ” ဟု တိုက်တွန်းတော်မူလေသည်။

ထိုဆရာတော်ဘုရား၏ တိုက်တွန်းချက်စကား၌ နတ်တို့သတိပေးသည်နှင့် အလားတူပါသည်ဟူရာ (ရက္ခဒေဝတာ စေတီယံတုသိတ္ဗာ ယာဝဇ္ဇ ကာလာပိ ဒီဃာယုကာဟုတ္ဗာ တံစေတီယံရက္ခတိ) ဟူသော အဒ္ဓိကနာပိကထုပဝင်ပါဠိ၌ လာရှိသော ‘ရက္ခစိုးနတ်သည်ပင် သတိပေး ဟန်တူသည်’ ဟု စဉ်းစားမိသည့်ဖြင့် သထုံ ဒိစတြိတ်(ဘီးလင်း)မြို့နယ်ဌာနသည့် မုဒ္ဒျေကေန် အမှန်ဟုတ်ထိုက်သော ဌာနပေတည်းဟု ငါတို့ ယုံကြည်သည်။

အကယ်၍ ယုံကြည်ခဲ့ပါက ကေသဝတီ မြို့တော်ကြီးတည်ထောင်ရန် အချိန်ကာလ နီးကပ်ရုံမျှမတကျိုက္ကသာ ကေလာသတို့၌လည်း နောင်လှေကြီးတက်ကြီးများ ဆိုက်တပ်စရာ မဟာသမုဒ္ဒရာ ကြီးပြီးစားပျက်စီး၍ ယခုနီးကပ်လာသော အကြောင်းဟိတ်များကို ဆင်ခြင်ထောက်ထား၍ ကေသဝတီမြို့တော်ကြီး တည်ထောင်ရန် စီမံသင့်လှပေပြီဟု ငါတို့အထူး မျှော်လင့်သည်။

## ဆရာတော်၏ မှာတမ်း

ယခု (၁၂၈၈ ခုနှစ်) ၌ ငါ၏ အသက်သည် ၆၀ တိတိ ပြည့်ရှိနေသည်ဖြစ်ပါ၍ သာသနာတော် ထက်ဝက်လဲမည်မှာ အနှစ် (၃၀) လိုသေးရကား ငါ၏အသက်ကိုဆင်ခြင်လျှင် သောဏ္ဏာယစေတီတော်၏ အံ့ဖွယ်အထူးကို ဖူးနိုင်ခွင့်မမြင်ကွယ်လွန်မည် ထင်ပါသည်။

သာသနာတော်ထက်ဝက်ကျော်လျှင် မြေမှစွင့်စွင့် ဘွားကနဲ ပေါ်မြင့်၍ ထွန်းတင့်သော်မူလတ္တံ့သော (သောဏ္ဏာယ) စေတီတော်သည်။ စေတီ ယင်ဇာ သောဓာပေတွာ တသ်သမန္တတောပါကာရံ ပရိက္ခိပိတွာ။ ။ ဟူ စေတီတော်

www.burmeseclassic.com

ရင်ပြင်ကို သန့်ရှင်းစွာ သုတ်သင်၍ ထက်ဝန်းကျင် အရပ်၊ တံတိုင်းတော်ခတ်ကြောင်းကို ပြဆိုတော်မူသောကြောင့် ငါသည် အကယ်၍ စုတိမနေ ကွယ်လွန်လေလျှင် ကေလာသတောင်မြင့်ဖျား၌ စိုက်ထားခဲ့သော ဤကျောက်စာကို သဒ္ဓါတိုးပွား အမျိုးသားတို့က သောဏ္ဏာယစေတီတော်၏ တံတိုင်းတော်အတွင်း၊ သင့်လျော်သော မြေအခင်းသို့ ဆောင်ကြဉ်းစိုက်ထူကြစေကုန်သတည်း။

အကယ်၍ အသက်နှင့် ကံ၊ ဤနှစ်တန်သည် စီမံထောက်မ၍ ရာပြည့်အောင် နေရဘြားသော်လည်း၊ (ဇရာဇဇ္ဇရိတာ ဟောန္တိ) ယင်းပါဠိအရ၊ ဇရာ၏ လက်တွင်းသို့ သက်ဆင်းနေရသည့် အပြင် မောမူဟာဒသကအရွယ်သို့ ကျသဖြင့် သူငယ်ပြန် ခေါ်ဝေါ်ကြသော ဒုက္ခနှင့်မရှင်း သတိဉာဏ်လွတ်ကင်းသဖြင့် အရဟံ-အစ ဂုဏ်ကိုးဝကို စိတ်ကကြည်နူး သောဏ္ဏာယ စေတီတော်၏ အုံဖွယ်အထူးကို ဖူးနိုင်ခွင့် ဧကန် ရလိမ့်မည်မှန်ပါလျှင် တဖန် ဘုရားပွင့်သောလားသို့ အားရဝမ်းသာ ဖူးရပါအောင် သဒ္ဓါတိုးပွား အမျိုးသားတို့က သောဏ္ဏာယာ စေတီ၏ ဘိနပ်တော်အပါး စိုက်ထူသော ကျောက်စာနားသို့ ငါ့အား ပို့နိုင်ကြပါစေကုန်သတည်း။

## သောဏ္ဏာယစေတီတော်ကြီးကျောက်စာ နိဂုံး

မင်္ဂလာခြည်ရှိန်၊ ကပ်လုံးထိန်စိမ့်၊ အစိန္တေယျ၊ ဂုဏ်ပေါင်းခသည့်၊ လောကထွဋ်ဖျား၊ မြတ်ဘုရား၏ မှတ်သားဗျာဒိတ်၊ နက်ဝိသိဌ်ဝယ်၊ အတိတ်နာဂတ်၊ ပိုင်းဖြတ်ဝတ္တမာန်၊ သုံးတန်ကာလ၊ တွက်ရေပြသော်၊ ဆဋ္ဌာဘိညာ၊ ရဟန္တာမြတ်၊ ခြောက်ပါးနတ်အား၊ ဆုံမိတ်ခြောက်ဆူ၊ နှင်းတော်မူသား၊ ဇမ္ဗူမဏ္ဍလ၊ ပြောကျယ်စွဝယ်၊ ကာလနောင်ခါ၊ ဖြစ်သင့်ရာကို၊ အနာဂတံ၊ နှိုင်းစံမယှဉ်၊ အသိဉာဉ်ဖြင့်၊ အစဉ်ရှုတွေ့၊ မြွက်ဘော်ပေသား၊ ဆကေသဓါတ်၊ ဝံသမှတ်သည်၊ ကျမ်းမြတ်သိဓာ၊ နာရဏီကား၊ သဘီယုန်ရုပ်၊ တိမ်မြုပ်သို့၊ တွယ်မြုပ်ရှိရာ၊ ရှေးဆရာတို့၊ တာသန္တရေ၊ ဒေသန္တရ၊ မကျွမ်းကြ၍၊ မှန်းဆမမျှော်၊ ရှိလေသော်တည်း၊ အနော်ပမ၊ သမုဒ္ဒ၏၊ ထုတ်ပြမိန့်မှာ၊ သဘ္ဘယနာ စက်၊ ငါးထောင်ဝက်၌၊ စည်မျက်နှာဟန်၊ မြေကြန်မင်္ဂလာ၊ ကေလာသထိပ်၊ ဖက်ရိပ်နယ်တုန်၊

www.burmeseclassic.com



အရုဏ်ရောင်ဆင်း၊ မြေတလင်းဝယ်၊ ထွင့်မင်းမမွ ရာဝ်၊ ဘုန်းကျိုးလှစ်၍ ခုနစ်အင်္ဂါ၊ သမ္မာပုဏ္ဏာ၊ ကေသဝတီ၊ ပူရိသမိုက်၊ ထီးနန်းစိုက်လိမ့်၊ သုံးထိုက်ကေသီ၊ မွေသရိနှင့်၊ စေတီသူဏ္ဏာ၊ သောဏ္ဏာယ လည်း၊ ဗျာမသတာ၊ မြေမှာစွင့်စွင့်၊ ငွါးငွါးတင့်၍၊ ထွန်းပွင့်လိမ့်မည်၊ နာဂတ်ရှည်ကို၊ ထို၍နှောက်မွေ့၊ ပျောက်မရွေ့အောင်၊ နောက် ရွေ့မြောက်တောင်၊ နှိုင်းဆောင်ဝေငုံ၊ နယ်ပုံပြ၍ ဌာနဤမှာ၊ ဖြစ်သင့်ရာ၏၊ ဘာသာသတ္တမ၊ သီဟဠနှင့်၊ ပြာသတ္တမဟိန္ဒီ၊ ဗင်္ဂလီအာဒိ၊ အစရှိသား၊ တိပိဋက၊ မာဂဓ၍၊ သာဌကထာ၊ ဋီကာလက်သန်း၊ ဆန်းအလင်္ကာ၊ လိမ္မာနှံ့သိ၊ သိရိဘဒ္ဒန္တဉာဏဝံသော်၊ မထေရ်ကျော်လျှင်၊ အဟော်အစ္ဆရိ အံ့ဘွယ်ရှိသည့်၊ သီလက္ခရာ၊ ကမ္ဗည်းစာကို၊ ကမ္ဘာအဝှန်း၊ သိစေညွှန်းသည်။ ။ မော်ကွန်းရွှေစာ သမိုင်းတည်း။

အစ္ဆရိယာဝတကျောက်စာပြီးပြီ။

❑ ❑ ❑



## ရည်ရွယ်ချက်

နှစ်ပေါင်း ရာထောင်ချီ၍ ထည်ဝါ ခန့်ညားဖွံ့ဖြိုးစည်ပင်ခဲ့သည့် အမျိုးဂုဏ်၊ ဘာသာဂုဏ်၊ သာသနာဂုဏ်၊ ယဉ်ကျေးမှုဂုဏ်၊ ဇာတိမာန်ဂုဏ်တို့ကို မြတ်နိုးထိန်း သိမ်းသောစိတ်ဖြင့် ဤစာတမ်းကြီးကို ပြုစုပါသည်။

## အချိန်တိုတိုဖြင့် သိရအောင်

မျိုးဆက်သစ်တို့သည် (ဝါ) ကျွန်တော်၏ သား သမီး များအပါအဝင် လူငယ်ကလေးများတို့သည် ကျွန်တော်များ နှစ်ပေါင်းများစွာ ရှာဖွေစုဆောင်း ဖတ်မှတ်ထားသော စာများကို လည်းကောင်း၊ အတွေးများကိုလည်းကောင်း၊ နာရီပိုင်းအတွင်း အချိန်တိုတိုဖြင့် လွယ်လွယ်ရှင်းရှင်း သိနိုင်အောင်ဟူသော ရည်ရွယ်ချက်ဖြင့်လည်း ဤစာတမ်းကြီးကို ပြုစုပါသည်။

## ကမ္ဘာတည်အောင်

သမိုင်းကြောင်း ခိုင်မာ နက်ရှိုင်းသည့် မျိုးရိုးဂုဏ်ရှိန် မြင့်မြတ်ထည်ဝါမှု စသည်တို့ကိုလည်း ကမ္ဘာတည်သရွေ့ တည်အောင် ထိန်းသိမ်းစောင့်ရှောက်အောင် ဆိုက်တွန်းလိုသော ရည်ရွယ်ချက်လည်းရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်ပိုင်အင်အား ခိုင်မာအောင်**

ငှင်းပြင် လူငယ်ကလေးများတို့သည် (ဝါ) မျိုးဆက်သစ်များတို့သည် အမျိုးသားရေးစိတ်ဓာတ် ကိုယ်ပိုင်အင် အား တောင့်တင်း ခိုင်မာ၍ ကမ္ဘာမှာ မြန်မာဟူ၍ ကမ္ဘာ အသခြေစောင့် ရှောက်နိုင်ပါစေသတည်း ဟူ၍ရည်ရွယ်သောကြောင့်လည်း ဤစာတမ်းကို ပြုစုပါသည်။

**စာတွေ့လက်တွေ့**

ဤသို့ ပြုစုရာတွင်လည်း စာတွေ့လည်းပါ၏။ ကိုယ်တွေ့လည်းပါ၏။ တစ်ဆင့်သိလည်း ပါ၏။ နှစ်ဆင့်သိလည်းပါ၏။ ကိုယ်တိုင်သိလည်းပါ၏။ မည်သို့ပင် ဖြစ်စေ ကလေးသူငယ် (ဝါ) မျိုးဆက်သစ်များတို့အတွက် ဗဟုသုတ အတွေးအခေါ် ဇာတိဂုဏ် ဟင်းလေးအိုးကြီး ဖြစ်စေချင်ပါသည်။

**မရောင့်ရဲနိုင်**

သုတေသနဆိုသည်မှာလည်း ဘယ်သောက် လုပ်လုပ် ကုန်နိုင်သည်ဟူ၍ မရှိပေ။ ဖတ်ပြီးရင်း ဖတ်ချင်၏။ သိပြီးရင်း သိချင်၏။ နှစ်တွေသာကုန်လွယ်၏။ ကျေနပ်ရောင့်ရဲသည်ဟူ၍မရှိ။



**နိဒါန်းအစ**

သုဝဏ္ဏဘူမိကို ပြောလျှင် ဆံတော်ရှင်များ နိဒါန်းအစလည်း ပါလာမည်။ ဆံတော်ရှင်များ နိဒါန်းကိုပြောလျှင်လည်း သုဝဏ္ဏဘူမိက အလိုလို ပါလာပြန်၏။

**သုတေသန သံသရာ**

ပုဂံကိုပြောလျှင်လည်း သုဝဏ္ဏဘူမိက ပြန်၍ ပါလာပြန်သည်။ သုဝဏ္ဏဘူမိကို စလိုက်ပြန်လျှင်လည်း ပုဂံအထိ ဆက်သွားသည်။ ဤသို့ဖြင့် သံသရာ လည်လျှက်ရှိသည်။

**အစ၏ အစ**

ထေရဝါဒအစ ပုဂံက ဖြစ်ပါသည်။ ပုဂံအစကလည်း သုဝဏ္ဏဘူမိက ဖြစ်ပါသည်။

**နှစ်ပေါင်း သန်း ၄၀ က မြန်မာ**

ကမ္ဘာအစ မြန်မာကဟု ဆိုနိုင်သော မြန်မာပြည် အဖို့ သမိုင်းကြောင်းသည် နှစ်သန်း (၄၀) က စရမည်ဖြစ်ပါသည်။ ထိုအထဲတွင် ကျောက်ခေတ်လည်းပါမည်။ ကြေးခေတ်လည်း ပါမည်။ သံခေတ်လည်းပါမည်။ ခေတ်အဆက်ဆက် ပါမည်ဖြစ်ပါသည်။

ထို့ကြောင့် သရေခေတ္တရာလည်း ပါမည်။ ဗိဿနိုးလည်းပါမည်။ ဟန်လင်းလည်းပါမည်။ မိုင်းမောလည်း

www.burmeseclassic.com

www.burmeseclassic.com

ပါမည်။ ကျိုက္ကသာလည်းပါမည်။ သုဝဏ္ဏဘူမိလည်း ပါမည် ဖြစ်ပါသည်။

ဤတွင် ဥက္ကလာပလည်းပါမည်။ တပုဿ ဘလ္လိက လည်း ပါမည်။ ရွှေတိဂုံဆံတော်ရှင်လည်းပါမည် ဖြစ်ပါသည်။

တစ်ပြိုင်တည်းမှာပင် သရေခေတ္တရာက ဒွတ္တပေါင် မင်းကြီးလည်း ပါလာမည်ဖြစ်ပါသည်။ ၎င်းနောက် သုဝဏ္ဏဘူမိလည်း ပါလာမည်ဖြစ်ပါသည်။

၍ ၍ ၍

**ကမ္ဘာမှာ ပထမ**

ဤသို့ဖြင့် "ကမ္ဘာ့ဆံတော်ရှင်များအစ တပုဿ ဘလ္လိက ညီနောင်က" ဟုဆိုရပါမည်။ "ကမ္ဘာ့ ဆံတော်ရှင်များ အစ ပထမကလည်း ရွှေတိဂုံအစ" ဟု ဆိုရပါမည်။ ဤကား သာသနာတော်ကြီး ရောက်ရှိလာပုံဖြစ်သည်။

**၆-ဝါမှာ**

ဗုဒ္ဓမြတ်စွာ (၆) ဝါသို့ ရောက်သောအခါ ဆကေသ ဓာတုဝင် ဆံတော်ရှင်များသည် အရှင်အနုရုဒ္ဓါ စသော ရဟန္တာ အရှင်မြတ်ကြီးများ၏ ကောင်းမှုကြောင့် သုဝဏ္ဏဘူမိသို့ ရောက်ရှိလာပြန်သည်။

**ဒွတ္တပေါင်**

၎င်းနောက် သရေခေတ္တရာ ဒွတ္တပေါင်မင်းကြီး လက်ထက်တွင် သရေခေတ္တရာသို့ သာသနာတော်ကြီး ရောက်လာပြန်သည်။

**၈-ဝါမှာ**

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး (၈) ဝါရသောအခါ သုဝဏ္ဏဘူမိတစ်ခွင်သို့ ကိုယ်တော်တိုင် ကြွတော်မူ၍ ဆံတော်ရှင်များကို ကိုယ်တော်တိုင် ချီးမြှင့်တော် မူလာလေသတည်း။

**ဆကေသဓါတုဝင်**

၎င်းနောက် ဆံတော်ရှင်များဖြစ်သော ရွှေတိဂုံ စသော ဆံတော်ရှင်များသည်လည်းကောင်း၊ ဆကေသဓာတုဝင် ဆံတော်ရှင်များသည်လည်းကောင်း၊ တိမ်မြုပ်သွားပြန်သည်။

**နှစ် ၂၀၀ လူမသိ**

သို့ဖြင့် နှစ်ပေါင်း (၂၀၀) ကျော် ကြာအောင် ဆံတော်ရှင်များသည် ချုံနွယ်ပိတ်ပေါင်းများကြားဝယ် ညှိုးငယ်စွာ စံတော်မူရသည်။

www.burmeseclassic.com

www.burmeseclassic.com



<u>နှစ်ပေါင်း ၂၃၅ ကြာသောအခါ</u>

သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်သို့ ရောက်ပြန်သောအခါ ရဟန္တာအရှင် အရှင်သောဏ နှင့် အရှင်ဥတ္တရမထေရ်တို့၏ ကောင်းမှုဖြင့် ဆံတော်ရှင် သာသနာ တစ်ကြော့ပြန်ပေါ်လာလေသည်။

<u>သိသူပေါ်ပြီ</u>

လူမသိ သူမသိ တိမ်မြုပ်နေသော ဆံတော် ရှင်များသာသနာကို ရဟန္တာအရှင်မြတ် (၂)ပါး ဦးဆောင်၍ တစ်ကြော့ပြန် ပြန်လည် ဖော်ထုတ်လိုက်ပါသည်။

<u>ပြန်၍ ပေါ်လာသူ</u>

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်က သုဝဏ္ဏဘူမိက သာသနာ့ဒါယကာရာဇာမှာ <u>မဟာသီရိမာသောက</u> ဖြစ်၏။ နှစ်ပေါင်း (၂၀၀) ကျော်ကြာပြန်သောအခါ သာသနာပြုပုဂ္ဂိုလ် သာသနာ့ ဒါယကာ ရာဇာတစ်ပါး ပေါ်ထွန်းလာပြန်လေသည်။ ထိုပုဂ္ဂိုလ်ကလည်း <u>စူဠသီရိမာသောက</u> ဖြစ်သည်။

<u>သီရိဓမ္မာနှင့် သီရိမာ</u>

အိန္ဒိယတွင် သာသနာပြု ပုဂ္ဂိုလ် ဒါယကာ ရာဇာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်၏။ မြန်မာပြည်တွင် တစ်ခိုန်ကာင်းမှာ သာသနာပြုပုဂ္ဂိုလ် ဒါယကာသည် အမည်

ခပ်ဆင်ဆင် ဖြစ်၏။ စူဠသီရိမာသောက ဖြစ်လေသည်။ ထူးခြားသော တိုက်ဆိုင်မှုဖြစ်လေသည်။

<u>ကမ္ဘာကျော်သော သထုံသား</u>

တဖန် သီဟိုဠ်က သာသနာတော်ကို သုဝဏ္ဏဘူမိသို့ တစ်ကြိမ် ယူဆောင်လာပြန်သည့် ပုဂ္ဂိုလ်ကျော်မှာ ကမ္ဘာကျော် အရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်ကြီးဖြစ်လေသည်။

<u>ဒီပဝံသ ကျမ်းကြီးသက်သေ</u>

ထိုအရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်မြတ်ကြီးသည် နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်ကြောင်း အများသိပြီးဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကျော်ကြီးသည် အဋ္ဌကထာများကိုဖွင့်ဆိုရာတွင် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့ တောင်ဘက်တွင်ရှိသော ကျောင်းတိုက်တွင် သီတင်းသုံးသည့် ရဟန္တာ ပုဂ္ဂိုလ်၏ ဒီပဝံသ ကျမ်းကြီးကို အကိုးအကားပြုကာ သုဝဏ္ဏဘူမိ၏ ခိုင်မာမှုကို သက်သေပြခဲ့လေသည်။

<u>ပိုင်၏ ခိုင်၏</u>

အရှင်မဟာ ဗုဒ္ဓဃောသမထေရ်ကိုယ်တော်တိုင်က အကိုးအကားပြုတော်မူသော ကျမ်းဂန်ကို မခိုင်လုံပါဟု ဆိုလျှင် ဆိုသူသာ စာမခိုင်သူဖြစ်ပေလိမ့်မည်။ စာမပိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေလိမ့်မည်။ အရှင်မဟာဗုဒ္ဓဃောသကိုက စာမပိုင်ပါ၊ စာမနိုင်ပါဟု အဘယ်မှာဆိုဝံ့ပါမည်နည်း။

ရှင်မဟာဗုဒ္ဓဃောသ

တစ်ဖန် ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်ကြီးက လည်း သုဝဏ္ဏဘူမိသို့ ကြွတော်မမူဘဲနှင့် ကြွတော်မူပြီ ဟု အဘယ်မှာ ဆိုပါလိမ့်မည်နည်း။

သစ္စာရှင်ကြီး

ရှင်မဟာဗုဒ္ဓဃောသဆိုသည်မှာလည်း သစ္စာဆို၍ ပိဋကတ်သုံးပုံ ရတနာရွှေချိုင့်ကို ဖွင့်နိုင်သည့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်၏။ သစ္စာရှင်ကြီးဖြစ်၏။

ရှင်မဟာဗုဒ္ဓဃောသက သက်သေခံပါသည်

ဤသို့ဖြင့် ရှင်မဟာဗုဒ္ဓဃောသကို အားကိုး၍ လည်းကောင်း၊ ရှင်မဟာဗုဒ္ဓဃောသ ကိုးကားတော်မူသော ဒီပဝံသကျမ်းကို ကိုးကား၍လည်းကောင်း၊ ဓမ္မစေတီမင်း ကိုယ်တော်တိုင်ကလည်း သုဝဏ္ဏဘူမိ၏ ခိုင်မာမှု သက်သေ ပြခဲ့ပါသည်။

ဓမ္မစေတီမင်းခေါင်တ သက်သေခံပါသည်

ဤအချက်တို့ကို ကေလာသတောင်ထိပ်ရှိ ဓမ္မ စေတီ မွန်ကျောက်စာအရလည်း သိနိုင်၏။ ရွှေတိဂုံဆံတော်ရှင်ရှိ



ဓမ္မစေတီမင်းကောင်းမှု ရွှေတိဂုံမွန်ကျောက်စာ အရလည်း သိနိုင်၏။ ပဲခူးမြို့ ဓမ္မစေတီမင်းကောင်းမှု၊ မဟာကလျာဏီ သိမ်တော်ကြီးကျောက်စာအရလည်း သိနိုင်၏။ မဝေါ်စေတီကျောက်စာအရလည်း သိနိုင်၏။

သထုံသည် သုဝဏ္ဏဘူမိဖြစ်သည်ဟု စတင်ပြောဆိုသော ဓမ္မစေတီမင်း

အခြား အခြားသော သုဝဏ္ဏဘူမိဆိုင်ရာ အချက် အလက်တို့သည် ဓမ္မစေတီမင်း၏ ကျောက်စာများကို အတည်ပြုကိုးကား၍သာ ပြုစုကြရပါသည်။

စွယ်စုံကျမ်းအရ

မြန်မာတို့က ရှေးသထုံပြည်ကို သုဝဏ္ဏဘူမိဟု ခေါ်ဆိုခြင်း၏ အထောက်အထားမှာ ဓမ္မစေတီမင်းကြီး ရေး ထုတ်ခဲ့သော ကလျာဏီကျောက်စာအရသာဖြစ်ကြောင်း သိရပါသည်။ (မြန်မာ့ စွယ်စုံကျမ်းအတွဲ (၁၃)၊ စာမျက်နှာ- ၁၅၅ တွင် ကြည့်ပါ။)

⌂ ⌂ ⌂

အရင်းကျကျ ကျမ်းတွေ

ဗုဒ္ဓဝံသ၊ ဒီပဝံသ၊ မဟာဝံသ၊ ရာဇဝံသ ဟူသော အရင်းကျကျ ကျမ်းများရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဝံသကျမ်း

ဗုဒ္ဓဝံသ ကျမ်းသည် ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာ၊ ဒီပင်္ကရာဘုရားမှစ၍ ဂေါတမ မြတ်စွာဘုရားတိုင်အောင် အဆက်အနွယ်ကို ပြသော ကျမ်းဖြစ်သည်။

## သင်္ဂါယနာတင် ပါဠိတော်ကြီးဖြစ်

ထိုဗုဒ္ဓဝံသ ကျမ်းမှာ မဟာသက္ကရာဇ် (၁၀၃) တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ မိဂဒါဝုန်တော၌ ပထမဝါဆိုတော်မူကြောင်း၊ တစ်ဖန် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဒုတိယဝါကို ဆိုတော်မူကြောင်း၊ ပြဆိုပြီးသည့်နောက် ဆွေတော်မျိုးတော်တို့ အလယ်တွင် ဟောတော်မူသော <u>သင်္ဂါယနာတင် ပါဠိတော်ကြီးဖြစ်၍</u> မပယ်နိုင်သော ခိုင်မာဆုံးသော ကျမ်းကြီးဖြစ်၏။ ထိုကျမ်းကြီးကို <u>ဗုဒ္ဓဝံသကျမ်းကြီးဟု ဆိုကြပါသည်။</u>

ဂ ဂ ဂ

## ဒီပဝံသ

ဒီပဝံသကျမ်းကြီးမှာလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်၊ မဟာဝိဟာရ ကျောင်းနေ မထေရ်တစ်ပါး ပြုစုခဲ့ခြင်းဖြစ်၏။

## ဋီကာဆရာမှာပဥ္စမသင်္ဂါယနာတင်သော ဆရာတော်ကြီးဖြစ်

ထိုကျမ်း၏ အဖွင့်ဋီကာကျမ်းကို ပြုစုခဲ့သူမှာ အခြားပုဂ္ဂိုလ်မဟုတ်။ ရတနာပုံမြို့တည်၊ နန်းတည်၊ ပဥ္စမ သင်္ဂါယနာတင် မင်းတရားကြီးလက်ထက် ဇာဂရာဘိဝံသဓဇ၊ တိပိဋကဓရ၊ မဟာဓမ္မရာဇာဓိရာဇာဂုရု တံဆိပ်နာမ တော်ရှိသော၊ မဟာမုနိ ရုပ်ရှင်တော်အရှေ့တောင်၊ ဒက္ခိဏာရာမ ဆရာတော်ကြီးဖြစ်၏။

ထိုကျမ်းတွင် ဒီပါဂမန်ဗုဒ္ဓဿ၊ ဓာတုနံ ဗောဓိယာ ဂမံ အစရှိသော ဂါတာအဦးတပ်ကာ အခန်းကဏ္ဍ ၂၁ ခန်း ပါရှိပါသည်။

## ခိုင်ခိုင်မာမာ

<u>ထိုဒီပဝံသပါဠိကို ခရစ် ၁၉၂၉ ခုနှစ်တွင် ရန်ကုန် သုဓမ္မဝတီတိုက်မှ ပထမဆုံးအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုကျမ်း၌-</u>

www.burmeseclassic.com

www.burmeseclassic.com

သုဝဏ္ဏဘူမိ ဂန္တွာန
သောဏုတ္တရာ မဟိဒ္ဓိကာ
နိဒ္ဓပေတွာ ပိသာစ ဂဏော
မောစေသိ မန္တနာ မဟူ။

ဟူ၍ အသောကမင်းကြီးသည် ရဟန္တာအရှင်သောဏ ထေရ်နှင့် အရှင်ဥတ္တရ ထေရ်တို့ကို သုဝဏ္ဏ ပြည်သို့ သာသနာပြု စေလွှတ်ကြောင်း တိတိကျကျ ခိုင်ခိုင်မာမာ ခန့်ခန့် ညားညား စေ့စေ့စပ်စပ် ဖော်ပြထားသည်။

ထိုကျမ်းကြီးကို အဘယ်သူသည် ပယ်ဝံ့အံ့နည်း။

◘ ◘ ◘

**ရဟန္တာ ကျောက်ဖြစ်ရုပ်ကြွင်းများရှိ**

ထို့ကြောင့် ထို ဒီပဝံသ ကျမ်းကြီးထဲတွင် သုဝဏ္ဏဘူမိသို့ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ ကြွလာကြောင်း ဆိုထားသည်နှင့်အညီ ယခုအထိ သထုံခရိုင်၊ ဘီးလင်းမြို့နယ် ကုသိနာရုံတောင်တော်ရှိ ကုသိနာရုံ ဆံတော်ရှင် စေတီ၏ ခြေတော်အရင်းဝယ် ထိုရဟန္တာ အရှင်(၂)ပါးတို့ ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ယခုတိုင် တွေ့မြင်နိုင်ပါ သေးသည်။



**သက်သေရှိပါ၏**

ထိုကဲ့သို့သော ကျောက်ဖြစ်ရုပ်ကြွင်း အထောက် အထားများကို နေရာအတိအကျနှင့်တကွ အဘယ်သို့သော တိုင်းပြည်က အဘယ်သို့သော သမိုင်းသုတေသီတို့သည် ခိုင်ခိုင်မာမာ ပြနိုင်ပါအံ့နည်း။

**အကယ်၍သာ**

အကယ်၍ ထို ဒီပဝံသကျမ်းကြီးသာ မခိုင်မလုံ အမှားအယွင်း၊ အပေါက်အကျ၊ အတိမ်းအစောင်း ရှိခဲ့ပါ လျှင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်ကဲ့သို့သော ပုဂ္ဂိုလ် တော်ကြီးက ထို ဒီပဝံသကျမ်းကြီးကို လားလားမျှ အကိုး အကား ပြုလိမ့်မည်မဟုတ်ပါ။

**ယုံထိုက်၏**

အကိုးအကားပြုလိုက်ပြီဆိုကတည်းက ထို အရှင် မဟာဗုဒ္ဓဃောသ၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်ကို ထောက် ထား၍ ယုံကြည်ထိုက်ပါသည်။

**အရှင်မဟာဗုဒ္ဓဃောသက သက်သေခံခဲ့**

အရှင်မဟာဗုဒ္ဓဃောသသည် ၎င်း၏ အဋ္ဌကထာ ကျမ်းများတွင် 'ဝုတ္တမ္ပိ စေတံ ဒီပဝံသေ' ဟူ၍ ဒီပဝံသ ကျမ်း ကြီးကို လက်ညှိုးထိုးကာ အကိုးအကားပြုခဲ့လေသည်။ အဘယ့်လောက် ခိုင်မာလိုက်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com


ကလျာဏီသက်သေ

ထို့အတူပင် ဓမ္မစေတီမင်းကြီး၏ ပဲခူး မဟာကလျာဏီ ကျောက်စာတွင်လည်း ထို အဆိုအမိန့်အတိုင်းပင် ရေးထိုးခဲ့ပါသည်။

ဓမ္မစေတီသက်သေ

ထို ဒီပဝံသ ကျမ်းကြီး၏ ခိုင်မာပုံကို အရှင်မဟာဗုဒ္ဓဃောသကလည်း လက်ခံခဲ့ကြောင်း တင်ပြခဲ့ပါသည်။ ဓမ္မစေတီမင်းကြီးကလည်း လက်ခံခဲ့ကြောင်း တင်ပြခဲ့ပါသည်။

သာသနာလင်္ကာရသက်သေ

ထိုအဆိုအမိန့်ကိုပင် သာသနာလင်္ကာရ စာတမ်း ကို ပြုစုသော မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မ သင်္ကြန် ကလည်း လက်ခံ တင်ပြခဲ့ပါသည်။

သာသနာဝံသ သက်သေ

သာသနာဝံသကျမ်းကို ပြုစုခဲ့သော ဒုတိယ မုံရွေးဇေတဝန်ဆရာတော် အရှင်အရိယာဝံသ အာဒိစ္စရံသီ ကလည်း လက်ခံတင်ပြခဲ့ပါသည်။

အခြားသက်သေများ

ငှင်းပြင် သာသနာဝံသ သပ္ပဒီပိကာကျမ်းကို ပြုစုခဲ့သော တတိယမောင်းထောင်ဆရာတော်အရှင်ပညာသာမိကလည်း လက်ခံတင်ပြခဲ့ပါသည်။ (မြင့်ဆွေ။ ဒီပဝံသသည် ဒဏ္ဍာရီလော၊ ဉာဏ်လင်းဓမ္မစာပဒေသာ။ စာမျက်နှာ -၁၀၂-၁၁၁။ မြန်မာပညာရှိ ဦးဖေ၊ ရာဇဝံသဇာလိနီ မည်သော ပုဂံရာဇဝင်သစ်။ မြန်မာနှစ် ၁၃၁၄ ခု၊ မြန်မာ့တာရာပုံနှိပ်တိုက်၊ မန္တလေး၊ စာမျက်နှာ ၃-၅ ကို ကြည့်ပါ)

❑ ❑ ❑

ထို့ကြောင့်

ထိုထို ဤဤ အလီလီသော အကြောင်းများကို ထောက်ထား၍ ညောင်ချောင်းဆရာတော်ဘုရားကြီးကလည်း ကေလာသတောင်ထိပ်၌ ကျောက်စာတော်ကြီးကို ခိုင်ခိုင်မာမာ စိုက်ထူခဲ့ပါသည်။ ထိုကျောက်စာတော်ကြီးမှာ သောဏုတ္တရာယစေတီတော်ကြီးကျောက်စာ ဖြစ်ပါသည်။

နာဂဝိဇ္ဇာ ဘိုးသစ္စာ

ထိုထို ဤဤ အလီလီသော အကြောင်းအရာများကို ထောက်ထား၍ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသကလည်း မိမိတောကျင်တောင်ကျင့် ကျင့်စဉ်ကာလက၊ နာဂဝိဇ္ဇာ ဘိုးသစ္စာ ရသေ့ကြီးဘဝဖြင့် ကျင့်ကြံခဲ့စဉ်က၊ ထိုကေလာသ ဆံတော်ရှင် အကြောင်းအရာများကို အရိပ်အမြွက်မျှ ပြောပြခဲ့ပါသည်။
www.burmeseclassic.com

www.burmeseclassic.com



## ရှေးကအတိုင်း

ယခုလည်း မိမိကိုယ်တိုင်ပင် ဦးဆောင်ဦးရွက်ပြု၍ သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာတော်ကို ရှေးယခင်က နည်းတူ တစ်ကြော့ပြန် ပြုစုလျှက် ရှိပါသည်။

## ဗဟိုပြု၍

(က) ကျိုက်ထီးဆောင်းဆရာတော် ပြုစုလျှက်ရှိသော သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာတွင် ကျိုက်ထီးဆောင်း ဆံတော်ရှင်ကို ဗဟိုပြု၍ တည်ဆောက်လျှက်ရှိကြောင်း သိရပါသည်။

## မြောက်ဦးတောင်

ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီမှာ တောင်စွန်းမြို့နှင့် ဘီးလင်းမြို့တို့ကို ဆက်သွယ်ထားသော ကားလမ်း အနီးရှိ ဂဝံကျောက်ကုန်းပေါ်၌ တင့်တယ်စွာ ဖူးတွေ့နိုင်ပါသည်။ ထိုနေရာကို ရှေးအခါက "မြောက်ဦးတောင်" ဟု ခေါ်ကြကြောင်း သိရပါသည်။

## ထီးဆောင်း

မြန်မာနှစ် ၁၃၃၅ ခုနှစ်တွင် ကျိုက်ထီးဆောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် "ကျိုက်ထီးစောင်း" စေတီဘဝမှ "ကျိုက်ထီးဆောင်း" စေတီ ဘဝအထိ ပြောင်းလဲခဲ့ပါသည်။

## ရသေ့မှ ရဟန်းသို့

ထိုအခါကစ၍ နာဂဝိဇ္ဇာ ဘိုးသစ္စာ ရသေ့ကြီးသည် ကျိုက်ထီးဆောင်းဆရာတော်ဟူသော ဘွဲ့တော်ကို စတင် ခံယူတော်မူပါသည်။ အမည်ရင်းမှာ ဦးပညာဒီပဖြစ်ပါသည်။ ကြာသပတေးသားဖြစ်၏။ ဇုတ်သုတ်ဇာတိဖြစ်၏။ ယခု ခရစ် ၂၀၀၁ ခုတွင် သက်တော် (၇၄) သို့ ရောက်ရှိနေပါပြီ။

(ခ) ကျိုက်ထီးဆောင်းဆရာတော် သာသနာပြု စခန်း တစ်ခုဖြစ်သော ကေလာသဆံတော်ရှင်မှာ ကေလာသ တောင်ထိပ်ပေါ်တွင် ရှိပါသည်။

## ကေလာသ

ကေလာသတောင်မှာ ပေ (၁၀၀၀) ကျော် မြင့်ပါသည်။ တိုက်ကုလား တောင်တန်းတွင် ပါပါသည်။ ကေလာသ တောင်ဟုလည်း ခေါ်ပါသည်။ ဒိုးခလွန်း တောင်ဟုလည်း ခေါ်ပါသည်။

## ချောင်းများဝိုင်းရံ

ကေလာသတောင်၏ မြောက်ဘက်တွင် ကျီးပင် ချောင်းရှိ၏။ တောင်ဘက်တွင် ခနုံးချောင်းရှိ၏။ အနောက် ဘက်တွင် ဝင်းကချောင်းရှိ၏။ ဤသို့ ချောင်းများ ဝိုင်းရံထား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ချောင်းဝိုင်းတောင်၊ သို့မဟုတ် ဒိုးခလွန်းတောင်ဟု မွန်ဘာသာဖြင့် ခေါ်သောတောင်ဖြစ်ကြောင်း သိရပါသည်။

**တောအတိ**

မွန်မင်းများ မရှိတော့သည့် နောက်ပိုင်းတွင် တောအတိ ဖုံးလွှမ်းနေကြောင်း သိရပါသည်။ မြန်မာ သက္ကရာဇ် ၁၂၄၀ ဖြစ်နှစ်တွင် ကေလာသတောင်တော်ကို ထိန်းသိမ်းစောင့်ရှောက်သော ပုဂ္ဂိုလ်မှာ ဆရာတော် ဦးမဥ္ဇူ ဖြစ်ကြောင်း သိရပါသည်။

**ထီးတော်သစ်**

ထိုဆရာတော်သည် သက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် ကေလာသ ဆံတော်ရှင်ကို ထီးတော်အဖြစ် တင်လှူခဲ့ကြောင်းသိရပါသည်။

**ဉာဏ်တော်**

တဖန် ၁၂၆၄ ခုနှစ်သို့ ရောက်သောအခါ ထီးတော်အသစ် တင်လှူပြန်ပါသည်။ ထိုထီးတော်မှာ ဉာဏ်တော် ၁၆ပေ ၉ လက်မရှိကြောင်း သိရပါသည်။

**မိုးကြိုးဒဏ်**

သို့နှင့် နှစ်ပေါင်း ၂၈ နှစ် ကြာညောင်းခဲ့ပါသည်။ ၁၂၉၂ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် စေတီတော်၏ ငှက်ပျောဖူးကို မိုးကြိုးခသည်ဟု သိရပါသည်။ ထို့ကြောင့် ပင် ထိုနှစ် ဝါခေါင်လ၌ မိုးကြိုးဒဏ်ကြောင့် စေတီတော် ကြီး ပြိုကျကြောင်း သိရပါသည်။

**အသစ်တစ်ဖန်**

သို့နှင့် ၁၂၉၄ ခုနှစ် တန်ခူးလသို့ရောက်သောအခါ ထီးတော်အသစ် တင်လှူပြန်ပါသည်။ အများကောင်းမှု ဖြစ်ပါ၏။

**ဦးသာဇံ**

ဤသို့ဖြင့် နောက်ထပ် နှစ်ပေါင်း (၅၀)အတွင်း စောင့်ရှောက်ခဲ့သော ပုဂ္ဂိုလ်မှာ ဦးသာဇံ ဖြစ်ပါ၏။ ဦးသာဇံ သည် နောင်သောအခါ တောင်စွန်းမြို့၊ တောင်ကုတ် ဆရာတော်ကြီး ဦးသုဝဏ္ဏ ဖြစ်လာပါသည်။

**ယခု**

ယခုလက်ရှိ စေတီတော်မှာ ဉာဏ်တော်အမြင့် ၁၁၃ပေ ၉လက်မရှိကြောင်း၊ ရင်ပြင်တော်အကျယ် ၁၇ တောင် ရှိကြောင်း သိရပါသည်။ ထိုလက်ရှိ ရင်ပြင်တော် အဟောင်းနှင့်တကွ ကေလာသတောင်ပတ်ဝန်းကျင်ရှိ ဟောင်းနွမ်းဆွေးမြည့်နေသော အဆောက်အဦး မှန်သမျှ အားလုံးကို အသွင်သစ် အမြင်သစ်ဖြင့် ဘုရ်စိုပြုပြင်

www.burmeseclassic.com

www.burmeseclassic.com

ဘည်ဆောက်နေသော ဒကာမှာ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ မိသားစု) ဖြစ်ပါသည်။

**ဒေါက်တာခင်ရွှေ**

တောင်ခြေမှ တောင်ပေါ်အပေါက် ကျောက်လှေကားကြီးကိုလည်း ကျနစွာ ပြုလုပ်ထားပါသည်။ ယခင်က လှေကားအထစ်ပေါင်း ၁၅၀၀ ကျော်ကျော်ရှိပါသည်။ ယခု ဒေါက်တာခင်ရွှေလက်ထက်တွင် ဆံတော်ရှင်ခြေတော်ရင်း အရောက် ကားလမ်းဖောက်ပါသည်။

**တောင်ပေါ်အထိ**

ကေလာသတောင်တော်တွင် ကျိုက်ထီးဆောင်း ဆရာတော်၏ လမ်းညွှန်မှုဖြင့် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တို့ကို အမှူးထားပြီးလျှင် ဇေကမ္ဘာ မိသားစုက အသစ်တစ်ဖန် ပြုပြင်လျက် ကေလာသ သမိုင်းသစ်ကို ဖန်တီးခဲ့ပါသည်။

**သမိုင်းသစ်**

ကေလာသဆံတော်ရှင် မြောက်ဘက်တွင် မူလ နေရာဟောင်းရှိ၏။ ထိုနေရာဟောင်းတွင် ရွှေတိဂုံ (ပုံတော်ပွား) တစ်ဆူ တည်ဆဲဖြစ်၏။



**မြမျက်ရှင်**

ကေလာသဆံတော်ရှင် ရင်ပြင်တစ်ခွင်လုံး အသစ်ဖြစ်လာ၏။ ထောင့်ရှစ်ထောင့်တွင် စာတိုက် ရှစ်ဆူ တည်ထား၏။ ယခင်က မုန့်ဆောင်ဟု ခေါ်ကြသော အဆောင် အဟောင်းအစား အဆောင်အသစ်ကို ပြန်လည်အစားထိုးထား၏။ မြမျက်ရှင်ဘုရားဟု ခေါ်သောနေရာဖြစ်ပါသည်။

**တံခွန်တိုင်အသစ်**

ငှင်းပြင် တံခွန်တိုင် အသစ်ကိုလည်း တွေ့ရပါသည်။ စေတီတော် ပန်းတင်ခုံ တစ်ခုလုံးအား အလှဆင်ထားကြောင်း တွေ့ရသည်။

**အသစ်အသစ်တွေ**

နတ်လမ်းမုခ်ဦးလည်း အသစ်ဖြစ်၏။ ရေရရှိရေး အတွက်လည်း အဆောက်အဦးအသစ် ဆောက်လုပ်၏။ စေတီတော်အောက်ရင်ပြင်ကိုလည်း အခိုင်အခံ့ ကွန်ကရစ် အဖြစ် ဖန်တီးထား၏။ အုတ်တံတိုင်းလည်းခတ်၏။ ရေနုတ်မြောင်းလည်း ပြု၏။ လက်ရှိ ဓမ္မရုံမှာလည်း ၇၅ပေ၊ ပေ ၃၀ သုံးထပ်သံကူ ကွန်ကရစ် ဓမ္မာရုံအသစ်ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com


သာသနာ ၅၀၀၀ သို့

ဤသို့ သာသနာ ၂၅၀၀မှ သာသနာ ၅၀၀၀ အထိ တည်တံ့ခိုင်မြဲအောင် ဆံတော်ရှင်သာသနာ တစ်ကြော့ပြန် တည်ဆောက်ကြကြောင်း သိရပါသည်။

ꩤ ꩤ ꩤ

(ဂ) ကျိုက်ဒေးယျုံဆံတော်ရှင်မှာလည်း ကျိုက်ထီးဆောင်း ဆရာတော်၏ သာသနာပြုစခန်းတစ်ခုဖြစ်ကြောင်း သိရ၏။

လှေကားထစ်ပေါင်း ၁၂၀၀

ထိုဆံတော်ရှင်မှာ ဒိုးယွန်းတောင်မြင့် တောင်တန်းပေါ်မှာတည်ရှိ၏။ တောင်စွန်းမြို့၏ အနောက်ဘက်နှင့် အနီးကပ်လျှက်ရှိ၏။ ရှေးကတောင်ထိပ်အရောက် ကျောက်လှေကား အထစ်ပေါင်း ၁၂၀၀ ကျော်ကျော် ရှိကြောင်း သိရ၏။

ဆန်းဆန်းပြားပြား ဂူများ

ထိုတောင်တွင် ဗားမဲ့ဂူ၊ ဆံတော်ဂူ၊ ငါးကြီးအနန္တာဂူ နိဗ္ဗန္ဒာဂူ စသည်ဖြင့် ဂူပေါင်းများစွာ ဆန်းကြယ်စွာ တွေ့ရပါသည်။

ရေဂူ

ထိုတောင်တွင် ရေဂူ ဟုခေါ်သော ဂူတစ်ဂူလည်းရှိ၏။ ထိုဂူထဲမှ သဘာဝစိမ့်စမ်းရေများ၊ ကျောက်တောင်ထဲမှ အလိုလို ယိုစီးကျနေ၏။ တောင်ထိပ်မှာ အလိုလိုကျသော ရေဖြစ်သဖြင့် အလွန်ထူးဆန်းပါသည်။

ꩤ ꩤ ꩤ

(ဃ) ကျိုက်တဲ ဆံတော်ရှင်မှာလည်း ကျိုက်ထီးဆောင်းဆရာတော်ဘုရား၏ သာသနာပြုစခန်းတစ်ခုဖြစ်ပါသည်။

ဆောင်ခဲတောင်

ထိုဆံတော်ရှင်ကို ဆောင်ခဲတောင်ရသေ့ကြီးက တည်ထားခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။ ထိုရသေ့ကြီး၏ အမည်မှာ အလ္လကပ္ပရသေ့ကြီးဖြစ်သည်ဟု သိရပါသည်။

(င) ဇုဏ္ဍလိ ဆံတော်ရှင်မှာလည်း ကျိုက်ထီးဆောင်း ဆရာတော်ဘုရား၏ သာသနာပြုစခန်းတစ်ခုဖြစ်ပါသည်။ ရေတစ်ဝက်၊ ကုန်းတစ်ဝက် တည်ရှိနေသော ဆံတော်ရှင်စေတီတော်မြတ်ကြီးဖြစ်လေသည်။

ရေတစ်ဝက် ကုန်းတစ်ဝက်

ပင်လယ်ရေများ ခမ်းခြောက်သွားသဖြင့် ဆံတော်ရှင်တည်ရာ ကျွန်းကလေးမှာ ယခုအခါ ရေတစ်ဝက် ကုန်းတစ်ဝက် ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(စ) သက္ကထုပ (ခ) သက္ကဥသျှောင်မြတ်ဘုန်းခေါင် ဆံတော်ရှင်မှာလည်း ကျိုက်ထီးဆောင်းဆရာတော်၏ သာသနာပြုစခန်းတစ်ခုဖြစ်ပါသည်။

ထိုဆံတော်ရှင်မှာ ဆကေသဓာတုဝင် ရဟန္တာ ၆ ပါးတို့ ဦးစွာတည်ထားသော ဆံတော်ရှင်တစ်ဆူဖြစ်ပါသည်။

ကျိုက်ထီးဆောင်းဆံတော်ရှင်၏ အရှေ့တောင်ဘက်တွင်ရှိ၏။ တစ်မိုင်ကျော်ဝေး၏။ ကားလမ်း ညီညာ၏ လွယ်ကူစွာ သွားနိုင်၏။ ကျိုက်ထီးဆောင်း ဆရာတော်၏ ကောင်းမှုဖြစ်၏။

(ဆ) ကုသိနာရုံ ဆံတော်ရှင်မှာလည်း ကျိုက်ထီးဆောင်း ဆရာတော်၏ သာသနာပြု စခန်းတစ်ခုဖြစ်ပါသည်။

ဘီးလင်းမြို့၏ မြောက်ဘက် လောက်မှာရှိ၏။ ဘီးလင်းမှ (၄)မိုင် ဝေး၏။ ကျောက်လုံး ဝိုင်းဝိုင်းကြီးပေါ်၌ တည်ထား၏။ ဆံတော်ရှင် စေတီတော် ဉာဏ်တော်မှာ ၃ တောင်ခန့်ရှိ၏။ နဂါးဥစေတီ ရွှေစေတီဟုလည်း ခေါ်ကြ၏။

### ကျောက်ဖြစ်ရုပ်ကြွင်း

ဘေးတစ်ဘက်တစ်ချက်တွင် ကျောက်ဖြစ်ရုပ်ကြွင်း ရဟန္တာများကို ယခုတိုင် ဖူးနိုင်ပါသေးသည်။



### ပထမလယ်တီ

ရှေးယခင်က မုံရွာမြို့မှ ပထမ လယ်တီဆရာတော် ဘုရားကြီး ကြွရောက် သီတင်းသုံးဖူးကြောင်း သိရသည်။

(ဇ) ဇင်းကျိုက်ဆံတော်ရှင်မှာလည်း ကျိုက်ထီးဆောင်း ဆရာတော်ဘုရား၏ သာသနာပြု စခန်းတစ်ခုဖြစ်ပါသည်။

သထုံမြို့၏ တောင်ဘက်မှာရှိ၏။ ၃၅ မိုင်ခန့် ဝေး၏။ အရှေ့ရိုးမ တောင်တန်းပေါ်တွင် ရှိ၏။ အလွန်မြင့်၏။ ကျောက်ပြားလှေကားထစ်များရှိ၏။ အလွန်မတ်စောက်၏။ ထို့ကြောင့် သံပိုက်လုံး လက်ရမ်းများ တပ်ဆင်ထားရ၏။ လှေကားထစ်ပေါင်း ၅၀၀၀ ကျော် ရှိကြောင်း သိရပါသည်။ ဆံတော်ဓာတ် ကိန်းဝပ်နေသော ဆံတော်ရှင်ဖြစ်၏။ တောင်ထိပ်အထိ ကားလမ်းပေါက်၏။

(ဈ) ကျိုက်ထီးရိုးဆံတော်ရှင်မှာလည်း ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး၏ သာသနာပြုစခန်းတစ်ခုဖြစ်၏။

မြန်မာကျော်၊ ကမ္ဘာကျော် ဆံတော်ရှင်ဖြစ်၏။ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင်ရှိ၏။ ကျိုက်ထိုမှ မြောက်ဘက် ကျ၏။ ၁၆ မိုင် ကွာ၏။ တောင်ထွဋ်ပေါ်တွင် တည်ရှိ၏။ ပေါင်းလောင်းတောင် ဟု ခေါ်ဆိုကြ၏။ အမြင့်ပေ ၃၆၁၅ ပေ မြင့်ကြောင်း သိရ၏။

www.burmeseclassic.com

www.burmeseclassic.com


ကမ္ဘာ့အံ့ဖွယ်

တောင်ထိပ်ပေါ်တွင် လူဦးခေါင်းသဏ္ဍာန် ကျောက်တုံးပေါ်တွင်ရှိ၏။ ကျောက်တုံးကြီးမှာ လုံးပတ် ၅၂ပေရှိ ၏။ အမြင့် ၁၈ ပေရှိ၏။ ခရစ် ၂၀၀၁ ခုနှစ် မတ်လ ၁၉ (၁၃၆၂ တပေါင်းလပြည့်ကျော် ၁၂ ) ရက် တနင်္လာနေ့တွင် ဌာပနာတော်သွင်း ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားပြုလုပ်ခဲ့၏။

ရွှေသားစစ်စစ်ဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြု၍ အများပြည်သူကောင်းမှု ရွှေသားစစ်စစ် ထီးတော်ကြီးဖြစ်၏။

ဖွင့်ဖော်

ကျိုက်ထီးဆောင်းဆရာတော်၏ လမ်းညွှန်မှုဖြင့် သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာကို ဖွင့်ဖော်လျှက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ကြီးမှူးပြီးလျှင် ဇေကမ္ဘာကုမ္ပဏီမှ ဒေါက်တာခင်ရွှေမိသားစုတို့ အပါအဝင် (၇) ရက် သားသမီးကောင်းမှုဖြင့် သာသနာ ဖွင့်ဖော်လျှက်ရှိပါသည်။

ထူးခြားသူတစ်ဦး

ကျိုက်ထီးဆောင်းဆရာတော် သာသနာပြုရာတွင် ပါရမီဖြည့်သူများကြားတွင် ထူးထူးကဲကဲ တစ်ဦးမှာ ဒေါက်တာခင်ရွှေဖြစ်ပါသည်။

ဘွဲ့တွေ ဘွဲ့တွေ

ဒေါက်တာခင်ရွှေသည် ၁၉၉၄ က လူမှုထူးချွန် ဒုတိယအဆင့် ချီးမြှင့်ခံရ၏။ ၁၉၉၅ ခုနှစ်တွင် လူမှုထူးချွန် ပထမဆု ချီးမြှင့်ခံရ၏။ ၁၉၉၈ ခုနှစ်တွင် သီရိသုဓမ္မ မဏိ ဇောတဓရဘွဲ့ ချီးမြှင့်ခံရ၏။ ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရ၏။ ၁၉၉၈ ခုနှ က ဝါရှင်တန်တက္ကသိုလ်မှ စီးပွားရေးပါရဂူဘွဲ့ ချီးမြှင့်ခံရသူ လည်းဖြစ်၏။ ထို ၁၉၉၈ ခုထဲမှာပင် ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်း၊ ကာလီဖိုးနီးယား တက္ကသိုလ်မှ စီးပွားရေးပါရဂူဘွဲ့ ချီးမြှင့်ခံရသူလည်း ဖြစ်၏။

သာသနာရေးအတွက်

ဒေါက်တာခင်ရွှေ၏ သာသနာရေးဆိုင်ရာ လှူဒါန်း မှုများမှာ အံ့ဖွယ်ဖြစ်၏။ ရှင်သာမဏေ ၁၂၂၈ ပါးနှင့် သီလရှင် ၂၃၄ ပါးတို့ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြု ပေးခဲ့ကြောင်း သိရပါသည်။ စာသင်သားသာမဏေ အပါး

www.burmeseclassic.com

www.burmeseclassic.com


၃၀ ကိုလည်း တစ်ဦးတည်း ဒါကာခံ၍ ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ပြီးလျှင် ပစ္စည်းလေးပါး ထာဝရ လှူဒါန်းကြောင်း သိရပါသည်။

**တစ်ကြော့ပြန်**

သာသနာတော် ၂၅၀၀မှ သာသနာ ၅၀၀၀ တည်တံ့အောင် ရည်ရွယ်၍ သထုံ ဒဂုံ တိုင်းနှစ်စုံကို သုဝဏ္ဏဘူမိဆံတော်ရှင် သာသနာတော်ကြီး တစ်ကြော့ပြန် ပြန်လည်ထွန်းကားအောင် သာသနာပြုနေသော ပုဂ္ဂိုလ်ထူးလည်း ဖြစ်သည်။

**သိန်းသန်းကုဋေ**

ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ထွန်းကားစေရန် ရည်သန်လျှက် ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း စသည့် သာသနိက အဆောက်အအုံများ မွမ်းမံတည်ဆောက်ခြင်းအပါအဝင် ဗုဒ္ဓသာသနာတော်ထွန်းကားမှုကို အထောက်အကူဖြစ်စေမည့် သာသနာရေးဆိုင်ရာ လှူဒါန်းမှုများကို ကျပ်ငွေ သိန်းပေါင်း (၆၉၄၇) ကျော် စိုက်ထုတ်အကုန်အကျခံ လှူဒါန်းခဲ့ပါသည်။

**ပေါင်းတော်ချုပ်**

ပေါ်လွင်ထင်ရှားသော လှူဒါန်းမှုများအဖြစ် တွံတေးမြို့နယ်တွင် ပေါင်းတော် ချုပ်စေတီတော်အား အသစ်တည်ထားခဲ့သည်။

**အလွမ်းဆွတ်ရွာ**

သံလျှင်မြို့နယ်၊ အလွမ်းဆွတ်ကျေးရွာ၊ ရှေးဟောင်းဖောင်တော်ဦး စေတီအား ပြန်လည်ပြုပြင်မွမ်းမံ၍ ထီးတော်အသစ်တင်လှူခဲ့သည်။

**ပုဂံမျှော်**

ရှေးဟောင်းပုဂံဘုရားပုထိုးများဖြစ်သည့် မဟာစေတီနှင့် ပုဂံမျှော်စေတီတော်များအား မူလပုံစံမပျက် အသစ်ပြန်လည် ပြုပြင်မွမ်းမံခဲ့သည်။

**ရွှေဘုံသာမုနိ**

ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်ရှိ ပြုပြင်စောင့်ရှောက်သူကင်းမဲ့နေသဖြင့် ပျက်စီးယိုယွင်းလျှက်ရှိသော ရှေးဟောင်း မုနိလေးဆူဝင် ရွှေဘုံသာမုနိစေတီတော်အား ကျပ်ငွေသိန်း (၁၀၀) ကျော် မတည်၍ တင့်တယ်ကြည်ညိုဖွယ်ဖြစ်အောင် ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး ရွှေထီး အသစ်တင်လှူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



### ပေါင်းကူးတံတား

သာသနာတော် သုဝဏ္ဏဘူမိ သထုံမှ ပုဂံသို့ ပြန့်ပွားလာပြီးနောက် သထုံ-ဒဂုံ တိုင်းနှစ်စုံတွင်း ဆံတော်ရှင်သာသနာ တစ်ကြော့ပြန် ပြန်လည်ထွန်းကားရန် ရည်ရွယ်၍ သာသနာ့ပေါင်းကူးအဖြစ် ပုဂံနှင့် ပဲခူးကို ပေါင်းစပ်၍ မဟာအနန္ဒာ ဗောဓိ စေတီတော်ကို တည်တော်မူခဲ့၏။

### ပုဂံနှင့် ပဲခူး

ပုဂံက အာနန္ဒာမှာ အရှင်အရဟံလက်ထက် ကျန်စစ်သားမင်းကောင်းမှုဖြစ်၏။ ပဲခူးက မဟာစေတီကြီးမှာ ဟံသာဝတီ ပဲခူးက ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုဖြစ်၏။

### ဇေကမ္ဗာ မိသားစု

ထို့ကြောင့် ပုဂံနှင့် ပဲခူးကို ပေါင်းစပ်လိုက်၏။ အာနန္ဒာနှင့် မဟာစေတီကို ပေါင်းကူးလိုက်၏။ သို့နှင့် မဟာအနန္ဒာ စေတီကြီးဖြစ်ပေါ်လာ၏။ ကျိုက်ထီးဆောင်းဆရာတော်က ညွှန်ကြား၏။ ဒေါက်တာခင်ရွှေနှင့် ဇနီး ဒေါ်စန်းစန်းကြွယ်၊ သား ကိုဇေယျသီဟ၊ သမီး မဇေဇင်လတ် တို့က ဒကာပြု၏။ သိန်း (၇၀၀) ကုန်ကျ၏။

### မင်္ဂလာဒုံဥယျာဉ်မြို့တော်

မင်္ဂလာဒုံ ဥယျာဉ်မြို့တော်တွင် မြို့ဦးစေတီများ ပေါ်ပေါက်လာအောင် ကြိုးစားခဲ့၏။ သို့ဖြင့် ရွှေတိဂုံ ပုံတော်ပွားစေတီ၊ မဟာမြတ်မုနိ ပုံတော်ပွားစေတီ၊ ကေလာသ ပုံတော်ပွားစေတီ၊ ဓမ္မရာဇက ပုံတော်ပွားစေတီ၊ ကျိုက်ထီးရိုးပုံတော်ပွားစေတီ၊ ကျိုက်ထီးဆောင်းပုံတော်ပွားစေတီ စသည်တို့ ဖြစ်ထွန်းလာ၏။ မြေတန်ဘိုး အပါအဝင် သိန်းပေါင်း (၂၇၀၀) ကျော် ယခုအထိ ကုန်ကျလျှက်ရှိသည်။

### ရှိသမျှလှူ

သာသနာတော် ၂၅၀၀ မှ သာသနာတော် ၅၀၀၀ တည်တံ့အောင် ဆံတော်ရှင် သာသနာကို ဦးဆောင် သာသနာပြုနေသော ကျိုက်ထီးဆောင်းဆရာတော်၏ သာသနာ ၅၀၀၀ ရောင်တော်ဖွင့် လုပ်ငန်းများအတွက် ယခုအထိ ငွေသား သိန်းပေါင်း (၉၀၀)ကျော် ပါဝင်ထား၏။

၄င်းအပြင် မြေတူးစက် (၂) စီး၊ မြေသယ်စက် (၁) စီး တို့အပြင် လိုအပ်သမျှ ဘိလပ်မြေ လှူ၏။ အုတ်ကျောက် လှူ၏။ သံချောင်း လှူ၏။ ငွေ လှူ၏။

### ကေလာသမှာ ရွှေတိဂုံ

ကေလာသ တောင်ထိပ်ပေါ်တွင်လည်း ရွှေတိဂုံ ပုံတော်ပွား စေတီတော်တစ်ဆူ တည်လျှက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝ ဇာတ်လမ်းစုံ

ဤကား သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဖြစ်၏။ အခြား အခြားသော လူမှုရေးနှင့် အထွေထွေလုပ်ငန်းများပါ အများအပြားပင်ဖြစ်၏။ အလွန်အံ့ဖွယ်ကောင်း၏။ သဒ္ဓါ၊ သီလ၊ လုံ့လ၊ ဝီရိယနှင့် ပြည့်စုံသူဖြစ်၏။ မော်လမြိုင်မှ လာခဲ့၏။ မော်လမြိုင်သား ဇာတိဖြစ်၏။ ယခု ရန်ကုန်မှာနေ၏။ အသက် (၅၁)နှစ်ရှိပြီဟု ဆို၏။ အဖ ဦးစောညွန့် ဖြစ်၏။ အမိ ဒေါ်ဒေါင်း ဖြစ်၏။ ဇေကမ္ဘာ ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်၏ဟု သိရပါသည်။

◘ ◘ ◘



သီဟိုဠ်ကျွန်း
အနုရာဓမြို့တောင်ဘက်

မဟာဝိဟာရကျောင်း

ရဟန္တာမြတ်တစ်ပါး
ရေးသားတော်မူသော

ဆရာကောသမဏိကာစင်

မြန်မာပြန်

www.burmeseclassic.com

www.burmeseclassic.com



## ပဏာမ ပဋိညာဉ်

၁။ အညွန့်အဖျား မြတ်ဘုရားနှင့် တရားစင်ကြယ် သံဃာ လယ်ကောင်း သုံးပါးပေါင်းကို ညွတ်ပျောင်းရိုကျိုး ရှိခိုးပါ၏၊ ရှိခိုးပြီးမူ ခြောက်ဆူသတ်မှတ် ဆံတော်ဓာတ်၏ တည်ရပ်ဖြစ်အင် ထူပဝင်ကို ပေါ်လွင်ထင်ရှား သာသနာ တော် စည်ပင် ကြီးပွားစေခြင်းငှာ ရေးသားပါပေအံ့။

## ဘုရားရှင်၏ ဆံတော်ခြောက်ဆူ

၂။ အခါတစ်ပါး ငါတို့ မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်းတော်၌ အစ, အလယ်, အဆုံး, သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံ၍ သန့်ရှင်းစင်ကြယ် အနက်သဒ္ဒါတို့နှင့် ပြည့်စုံကြွယ်ဝသော တရားစကားကို ဟောကြားတော်မူလျက် ချမ်းသာစွာ သီတင်းသုံးနေတော် မူလေ၏။

၃။ ထိုအခါ အရှင်အာနန္ဒာ အရှင်သောဘိတ အရှင် ပဒုမုတ္တရ အရှင်ဂုဏသာဂရ အရှင်ဉာဏပဏ္ဍိတ အရှင် ရေဝတ အားဖြင့် ခြောက်ပါးသော ရဟန္တာအရှင်မြတ်တို့ သည် စိတ်ဆန္ဒတူစွာ ဘုရားရှင်ထံ ချဉ်းကပ်၍ ဤသို့ လျှောက်ကြားကြလေ ကုန်၏။

၄။ "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ရှင် တော်မြတ်ဘုရားတို့သည် သတ္တဝါတစ်စိတ်တစ်ဒေသတို့၏ စီးပွားအလို့ငှာ အမျှသုံးဆယ်သော ပါရမီတို့ကို ဖြည့်ကျင့် ကြသည်မဟုတ်ပါ။ သတ္တဝါအားလုံးတို့၏ အစီးအပွား အလို့ငှာ ဖြည့်ကျင့်တော်မူကြပါသည်။ အနီးအနား၌ သတ္တဝါတို့မှာ ရှင်တော်မြတ်ဘုရားအား ဖူးမြင်ရခြင်းဖြင့် ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးတို့သည် ပြည့်စုံကြပါ ပြီ။"

"အဝေး၌နေသော သတ္တဝါတို့ အလို့ငှာ ဘုရားရှင် ၏ ကိုယ်တော်နှင့် စပ်သော ပူဇော်စရာဝတ္ထုကို တည် ထားသင့်ပါသည်။"

"မဟာသမုဒ္ဒရာနှင့် မနီးမဝေးသော တစ်ခုသော ပစ္စန္တရာဇ် အရပ်၌ များစွာသောလူတို့ နေကြပါသည်။ ထိုလူတို့အား သနားသောအားဖြင့် ပူဇော်စရာ ပေးသနားဖို့ သင့်ပါသည်ဘုရား"ဟု လျှောက်ထားကြလေကုန်၏။

၅။ ထိုအခါ ဘုရားရှင်သည် မဟာကရုဏာတော်ဖြင့် တိုက်တွန်းအပ်သော စိတ်ရှိတော်မူသည်ဖြစ်၍ ဇနပုဒ် သားတို့အား ချီးမြှောက်ခြင်းငှာ လက်ျာလက်ဖြင့် ဦးခေါင်း တော်ကို သုံးသပ်တော်မူ၏။

ထိုအခါ ကြည်နူးစဖွယ် တင့်တယ်ထိန်ဝင်း အဆင်း အရောင် တောက်ပြောင်လူလူ ဆံတော်ဓါတ် ခြောက်ဆူတို့

www.burmeseclassic.com

www.burmeseclassic.com

သည့် ဘုရားရှင်၏ လက်တော်၌ ကပ်ငြိကုန်၏။

ဘုရားရှင်သည် ထိုခြောက်ပါးသော ရဟန္တာ အရှင်မြတ်တို့အား ထိုဆံတော် ခြောက်ဆူတို့ကို ပေးသနားတော်မူလေ၏။

၆။ ထို ခြောက်ပါးသော အရှင်မြတ်တို့သည်လည်း ဝမ်းမြောက်ရွှင်လန်းသော စိတ်ဖြင့် မိမိဦးခေါင်းဖြင့်သာ အသီးသီး ခံယူတော်မူကြလေကုန်၏။

၇။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်ကို "မြတ်စွာဘုရား၊ ထိုဇနပုဒ်သားတို့အား ရှင်တော်မြတ်ဘုရား၏ ဆံတော်ဓါတ်ကို အမှီပြု၍ အန္တရာယ်ကင်းခြင်းသည် ဖြစ်ပါလိမ့်မည်လော" ဟု မေးလျှောက်လေ၏။

၈။ ချစ်သားအာနန္ဒာ . . . ထိုဇနပုဒ်သားတို့အား ဆုတ်ယုတ်ခြင်းကို မမြင်၊ ကြီးပွားခြင်းကိုသာ ငါဘုရားမြင်တော်မူ၏ ဟု မိန့်တော်မူပြီးလျှင် -

(က) "ချစ်သားအာနန္ဒာ၊ ငါဘုရားပရိနိဗ္ဗာန်စံပြီးသည့်နောက် ငါဘုရား၏ သာသနာတော်သည် အနှစ်ငါးထောင် ပတ်လုံးတည်ရစ်လတ္တံ့"

(ခ) "ဤခြောက်ဆူသော ဆံတော်ဓါတ်တို့သည် နှစ်ပေါင်း နှစ်ထောင့်ငါးရာပတ်လုံး ဆင်းရဲကုန်လတ္တံ့၊ ဝါ၊ ပူဇော်ခြင်း နည်းပါးလတ္တံ့။"

(ဂ) "နှစ်ပေါင်း နှစ်ထောင့်ငါးရာ လွန်သော အခါ ကြီးစွာသော ပူဇော်ခြင်း ဖြစ်လတ္တံ့။

(ဃ) "တစ်ဆူတစ်ဆူသော စေတီသည်လူပေါင်းများစွာ ဖွဲ့စည်းအပ်တည်ထောင်အပ်သော စေတီဖြစ်လတ္တံ့ ဟု ဗျာဒိတ် စကားမိန့်ကြားတော်မူလေ၏။"

၉။ ထိုသို့ ဗျာဒိတ်စကား မိန့်ကြားပြီးသောအခါ အရှင်အာနန္ဒာသည် ဘုရားရှင်ကို ရှိခိုး၍ကြွသွားတော်မူလေ၏။



## ၁။ သတ္တာထူပဝင်

၁။ ထိုခြောက်ပါးသော ရဟန္တာ အရှင်မြတ်တို့သည်လည်း ဆံတော်တို့ကိုရသဖြင့် ဘုရားရှင်ကိုရှိခိုး၍ အရှင်အနုရုဒ္ဓါနှင့် အတူကြွသွားတော်မူကြပြီးလျှင် ကောင်းကင်ခရီးဖြင့် ထို ပစ္စန္တရာဇ်အရပ်၌ သက်ဆင်းကြကုန်၏။

ထိုသက်ဆင်းရာ အရပ်၌ တစ်ညဉ့်မျှ သီတင်းသုံးတော်မူကြပြီးလျှင် နံနက်အခါ ကိုယ်လက် သုတ်သင်ခြင်းကိုပြု၍ ဆွမ်းခံတော်မူကြ၍ ရတတ်သမျှ အာဟာရကိုသာ သုံးဆောင်တော်မူကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ အလုံးစုံသော အရှင်မြတ်တို့သည် ထိုအရပ်မှ တောင်ဘက်သို့ ကြွတော်မူကြသဖြင့် အညွန့်အခက် ရောယှက်မြိုင်မြိုင် တောဂနိုင်လွှမ်းခြုံ နေအရုဏ်အဆင်း ကြို့သကဲ့သို့ ကုန်းခင်းမို့မို့ မွေ့လျော်စရာ မြေအဖို့ကို မြင်တော်မူကြ၍ ဝမ်းမြောက်လှစွာ ဤနေရာ၌ ဘေးရန် လွတ်ကင်း ချမ်းသာခြင်း ဖြစ်လတ္တံ့။ ဤနေရာ၌ ဆံတော် ဓါတ်တစ်ဆူကို သိုမှီးကာ ဌာပနာ၍ စေတီတည်ခြင်း ငှာသင့်၏ ဟု တိုင်ပင်ကြပြီးလျှင် "ငါ့ရှင်တို့- ဤနေရာ၌ ငါတို့သည် ဆံတော်၏ ဒါယကာကို အဘယ်သို့လျှင်ရနိုင် အံ့နည်း" ဟု အကြံဖြစ်ကြပြန်လေ၏။

၃။ ထိုအခါ အရှင်အနုရုဒ္ဓါသည် လက်အုပ်ချီမိုး ရှိခိုး လျှက် "ရှင်တော်မြတ်ဘုရားသည် ရှေးအခါ၌ အသက် ဥစ္စာ အင်္ဂါတိုင်းကား မိမိ သားမယားကို အများအပြား လှူဒါန်း ခဲ့ဘူးပြီ။ ထို့ကြောင့်သာလျှင် သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူသည် စင်စစ် အကယ်၍ ဖြစ်ခဲ့အံ့။ ယခုအခါ ဤနေရာ၌ လုပ်ကျွေးသမှု ကောင်းစွာပြုတတ်သော ဒါယကာသည် ပေါ်ပေါက်လာပါစေသတည်း"....ဟု ဓိဋ္ဌာန်သောအားဖြင့် မြွက်ဆိုလေ၏။

၄။ ထိုခဏ၌သာလျှင် သိကြားမင်းအား ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူလောင်သော အခြင်းအရာကို ပြလေ၏။ သိကြားမင်း ဆင်ခြင်လတ်သော် ထိုအကြောင်း သိရ၍ "ငါ့အား အရတော်လေစွ။ ဤသို့ဒါယကာ မပေါ် ပေါက်သေးသော ဘုရားမြတ်၏ ဆံတော်ဓါတ်အလို့ငှာ ငါသိကြားမင်းသည် ဒါယကာ ဖြစ်ရပေတော့အံ့၊ အရတော် လေစွ" ... ဟု ကြံ၍ နတ်ပြည်မှ သက်ဆင်းပြီးလျှင် ရဟန္တာအရှင်မြတ် ခြောက်ပါးတို့၏ ရှေ့တော်၌ ထင်ရှားစွာ ဖြစ်ပေါ်လေ၏။

၅။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် .. "အို အချင်းတို့၊ လောက၌ အံ့ဩဖွယ် ရှိလေစွတကား။ မျက်စိ အမြင် တစ်ထောင်ရှိသော သူဇာသခင် သိကြားနတ်မင်း ကြီးသည် ဆိတ်ငြိမ်လှစွာ ဤနေရာသို့ ဆံတော်ဓါတ်၏ တန်ခိုးတော်ကြောင့် ရောက်လာပေပြီတကား" ဟု မြွက် ဆိုလေ၏။

၆။ ဤသို့ မြွက်ဆိုပြီးလျှင် မထေရ်သည် သိကြားမင်းကို မြင်၍ "အိုသိကြားနတ်မင်း၊ အသင်သည် ကြီးသော တန်ခိုး ရှိ၏။ ဘုရားရှင်၏ ဆံတော်ဓါတ်အလို့ငှာ ဒါယကာဖြစ်ပါ လော" ဟု မိန့်ဆိုလေ၏။

၇။ ထိုစကားကိုကြားလျှင် သိကြားမင်းသည်လည်း "ကောင်းလှပါပြီအရှင်ဘုရား"ဟုဝန်ခံ၍ အရှင်အနုရုဒ္ဓါ

www.burmeseclassic.com

www.burmeseclassic.com



မထေရ်မြတ်၏ လက်တော်မှ ဆံတော်ဓါတ်တစ်ဆူကို ယူပြီးလျှင် မိမိ ဦးခေါင်း၌ တင်ထား၍ ဝမ်းမြောက်ဝမ်းသာ တန်ခိုးအားဖြင့် တွင်းတစ်ခုကို ဖန်ဆင်းလေ၏။

ထိုတွင်း၌ ရွှေဖြင့်ပြီးသော ရှစ်ကျိပ်သော မဟာသာဝကတို့၏ ရုပ်တုတော်၊ မယ်တော် မာယာ၏ရုပ်တု၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ရုပ်တုနှင့်တကွ နှိုင်းယှဉ်အပ်သူ မရှိသော၊ အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ရုပ်တုတော်တို့ကို ထားပြီးလျှင် အလယ်၌ ရတနာခုနစ်ပါး အစုပြု၍ ထက်ဝန်းကျင်မှ ရွှေကွန်ယက်ကို ကာရံလျက် ထီးဖြူကို စိုက်ထူလေ၏။

ထီးဖြူအောက်၌ ရတနာအထူးထူးတို့ဖြင့် တောက်ပသော ပလ္လင်ကို ဖန်ဆင်း၍ ဘုရားရှင်၏ ဆံတော်ဓါတ်ကို ဦးခေါင်းမှချ၍သိကြားမင်း၏ ကရားမှရေဖြင့် ရေသပ္ပါယ်ပြီးလျှင် "မြတ်စွာဘုရား . . ဘုန်းတော်ကြီးမား ရှင်တော်ဘုရားသည် ဤနေရာ၌အနန္တ အလုံးစုံသော လူတို့၏အစီးအပွားအလို့ငှာ နှစ်ပေါင်း ငါးထောင်ပတ်လုံး တည်နေတော်မူပါဘုရား" ဟု မြွက်ဆိုလေ၏။

၈။ ထိုခဏ၌ သာလျှင် ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် ဝဲယာငြိမ့်ငြိမ့် မြင့်နိမ့်သက်တက် အိုးထိန်းစက်ပုံ တုန်လှုပ်လေ၏၊ မြင့်မိုရ်တောင်မင်းသည် ဦးညွှတ်သကဲ့သို့ပြုလေ၏။

မဟာသမုဒ္ဒရာသည် ချောက်ချားလေ၏။ စကြဝဠာ တစ်သောင်း၌ နေသော နတ်တို့သည် ဝမ်းမြောက်လှစွာ မင်္ဂလာ အထူးထူးရှိသော ဘဏ္ဍာတို့ကို ယူ၍ဘုရားရှင်၏ ရုပ်တုတော်ကို ပူဇော်ကုန်၏။

၉။ ထိုအခါ သိကြားမင်းသည် ဆံတော်ဓါတ်၏ အထက်၌ စကြဝတေးမင်း၏ပတ္တမြားနှင့်တူသော ပတ္တမြား မီးတိုင်ကို ပူဇော်၍ ပတ္တမြားစေတီပြုလေ၏၊ ပတ္တမြားစေတီ၏အပ၌ ရွှေစေတီကို ပြုစေ၍နောင်အခါ အန္တရာယ် မရှိစိမ့်သောငှာ ယန္တရားစက်တို့ကို ခြံရံလျက် စေတီကို ဖွဲ့စည်းတည်ထားလေ၏။

၁၀။ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ထိုဆံတော်ဓါတ်ကို မိမိဆောင်ကြဉ်းလာသည်အဖြစ်ကို ထင်စွာပြခြင်းအကျိုးငှာ မိမိ၏ လုံးရပ်ပမာဏ တူမျှသော ရုပ်တုတော်ကို မြောက်ဘက်အရပ်သို့ မျက်နှာမူလျက်ရှိအောင် တည်ထားလေ၏။

၁၁။ သိကြားမင်းသည်လည်း တစ်ခုသော ရွှေဖိုထား ကိုပြုစေ၍ ဆံတော်ဓါတ်ကို ပူဇော်သမှုပြု၏။ စေတီတော်၏

www.burmeseclassic.com

www.burmeseclassic.com


မနီးမဝေး၌ တစ်ခုသော ရွှေအိုးကို ထား၏၊ ထိုရွှေအိုးကို တစ်ယောက်သော နတ်ကို စောင့်ရှောက်စေလေ၏။

၁၂။ ခြောက်ပါးသော ရဟန္တာအရှင်မြတ်တို့သည် နှစ်သက် ရွှင်လန်းဝမ်းမြောက်လှစွာ စေတီတော်မြတ်ကို (ဒူးနှစ်ဘက် လက်ဝါးနှစ်ဘက်၊ ဦးခေါင်းဟူသော) အင်္ဂါငါးပါး ပြားပြားဝပ် တည်ထောင် ရှိခိုး၍ ထိုင်နေကြလေကုန်၏။

၁၃။ ထိုအခါသိကြားမင်းကြီးသည် "ရှင်တော်မြတ်ဘုရားသည် သက်တော်ထင်ရှားမြတ်စွာဘုရား၏ ဦးခေါင်းတော်မှ သာလျှင်ဖြစ်သော ဆံတော်စင်စစ် အကယ်၍ဖြစ်ပါအံ့။ စေတီတော်မြတ်သည် ဤနေရာ၌ ကြာမြင့်စွာသာ တည်နေပါစေသတည်း။ လူအပေါင်းအားလည်း အခါခပ်သိမ်း ထင်စွာပြတော်မူပါစေသတည်း။ ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့် ဤအရပ်၌နေသော လူအပေါင်းတို့သည် မြဲမြဲခိုင်ခံ့ တည်တံ့ပါစေသတည်း" ဟု ဓိဋ္ဌာန်သောအားဖြင့် မြွက်ဆိုလေ၏၊ ဤသို့ ဆိုပြီးလျှင် ဝမ်းမြောက်လှစွာ စေတီတော်ကို လက်ျာရစ် လှည့်ကာရှိခိုး၍ ထွက်သွားလေ၏။

သတ္တမထူပဝင် ပြီး၏။

## ၂။ ပဍ္ဍုရန္ဒထူပဝင်

၁။ သိကြားမင်း စေတီတော်နှင့် မနီးမဝေးတောင်ဘက် အရပ် သုံးဂါဝုတ်အတွင်း လမ်းခရီးသို့ ခြောက်ပါးသော ရဟန္တာသခင် အရှင်သူမြတ်တို့ ကြွသွားသဖြင့် အထူးထူးသော သဲအစု ဖြင့်ပြွမ်းသော အလွန်မွေ့လျော်စရာ ဟိမဝန္တာအနီးကေလာသ တောင်ကြီးနှင့် တူလှစွာသော သစ်ပင်၊ မြက်ပင်၊ ကျောက်ခဲ၊ ကျောက်စရစ်၊ အိုးခြမ်း တို့မှကင်းသော အင်္ဂတေဖြင့် ပြေပြစ်စွာ ပြုအပ်သော မြေအပြင်ကဲ့သို့ လူအားလုံးတို့၏ မွေ့လျော်စရာ တစ်ခုသော နေရာကို မြင်ရလျှင် "ငါ့ရှင်တို့ ဤနေရာသည် လျောက်ပတ်လှ၏။ ဤနေရာ၌ ဆံတော်ဓါတ်တစ်ဆူကို ငါတို့ တည်ထားသင့်၏" ဟုကြံစည်ကြကုန်၏။

၂။ ထိုအခါ အရှင်သောဘိတသည် "ဤဆံတော်ဓါတ် အလို့ငှာ ဒါယကာ ရှာဖွေရေး၌ ငါ၏တာဝန်တည်း" ဟု ဆို၍ လက်ဝဲဘက် ပခုံးထက်၌ ကိုယ်ဝတ်စမွါယ် တင်ပြီးလျှင် ပုဆစ်ဒူးကို မြေ၌ထောက်၍ လက်အုပ်ချီကာ ဆံတော်ဓါတ်မြတ်ကို ရှိခိုးလျက်-

"မြတ်စွာဘုရား ဤနေရာ၌ နတ်လူတို့ စောင့်တ အပ်သော စေတီတော်မြတ်သည် သတ္တဝါအားလုံးတို့၏

www.burmeseclassic.com

www.burmeseclassic.com


အစီးအပွား အလို့ငှာ တည်တန့်နိုင်မည်ဖြစ်ခဲ့ပြားအံ့၊ ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့် ယခုအခါ ဒါယကာ ထင်ရှားစွာ ပေါ်ပေါက်လာပါစေတည်း ဟု တောင့်တလျက် မြွက်ဆိုလေ၏။

၃။ ဤသို့ အလွန်ရှိသေစွာ တောင့်တခြင်းပြုစဉ်သာလျှင် တိမ်တိုက်မှ ပဇ္ဇုန္နနတ်သားတို့သည် များစွာသော အခြံအရံနှင့်တကွ အလွန်ရှုချင်စရာ တန်ဆာဆင်၍ မိမိဗိမာန်မှ ဆင်းသက်လာပြီးလျှင် အရှင်သောဘိတ၏ ရှေ့တော်၌ ထင်ရှားစွာရောက် လာလေ၏။

၄။ ထိုအခါ အရှင်သောဘိတသည် ထိုမိုးနတ်သားကို မြင်၍ "ဒါယကာနတ်သား သင်သည်ကြီးသော တန်ခိုးရှိ၏။ အတုမရှိသော ဘုရားရှင်၏ ဓါတ်တော်အလို့ငှာ ဒါယကာ ဖြစ်ပါလေ" ဟု ဆိုလေ၏

၅။ ပဇ္ဇုန္နနတ်သားသည် ထိုစကားကို ကြား၍ "ကောင်းလှပါပြီ။ အကျွန်ုပ်သည်သာလျှင် ထိုဆံတော်အလို့ငှာ ဒါယကာ ပြုလိုပါသည် ဘုရား" ဟု ဝန်ခံလတ်သော် "ဒါယကာ ထိုသို့ဖြစ်လျှင် သင်သည် စေတီတည်သင့်ရာ အရပ်ကို ရွေးချယ်စီစစ် လေလော" ဟု မိန့်ဆိုလေ၏။

၆။ ထိုခဏ၌ ပဇ္ဇုန္နနတ်မင်းသည် တန်ခိုးဖြင့် တစ်ခုသော တွင်းကို ပြုပြီးလျှင် ထိုတွင်း၌ ဓါတ်တော်တိုက် ဖန်ဆင်း၍ ဓါတ်တော်တိုက်၌ ရတနာခုနစ်ပါးဖြင့် ပြီးသော နေရာကို ခင်း၍ ဆိုခဲ့ပြီးသော နည်းအတိုင်း ရွှေဖြင့်ပြီးသော ရှစ်ကိုပ်သော မဟာသာဝကတို့၏ ရုပ်တုတော် ဘုရားရှင်၏ ရုပ်တုတော်တို့ကို မယ်တော်, ခမည်းတော်တို့၏ ရုပ်တုနှင့် တကွစီမံလေ၏။

ထိုနောက် နေရာအလယ်၌ ရတနာခုနစ်ပါးဖြင့် ပြီးသောဓါတ်တော် ပန်းတောင်းကိုထားပြီးလျှင် ရောင်ခြည်တော် ခြောက်ရှိန် တောက်ထိန်လျက်ရှိသော ဆံတော်ဓါတ်ကို နတ်၌ဖြစ်သော နံ့သာရေဖြင့် ရေသပ္ပါယ်၍ "အရှင်ဘုရား အလုံးစုံသော လူအပေါင်း၏ အစီးအပွား အလို့ငှာ ဤနေရာ၌သာ တည်နေတော် မူပါဘုရား" ဟု မြွက်ဆိုပြီးလျှင် ရဟန္တာခြောက်ပါးတို့၏ အလိုတော်ကျ အတိုင်း ထိုဓါတ်တော်ပန်းတောင်း၌သာလျှင် တည်ထား လေ၏။

၇။ ထိုခဏ၌ အောက်တွင်ဆိုပြီးသော နည်းအတိုင်း မြေ တုန်လှုပ်ခြင်းစသော အံ့ဩဖွယ်တို့သည် ထင်ရှားစွာဖြစ် ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



၈။ ထိုအခါ ပဉ္စနန္ဒနတ်မင်းသည် ဆံတော်ဓါတ်မြတ်ကို အာရုံပြုလျက် "ငါသည် ဤသို့ တန်ခိုးကြီးမား အတုမရှိသော မြတ်စွာဘုရား၏ ဆံတော်ဓါတ်အလို့ငှာ ဒါယကာ ဖြစ်ရပေပြီ။ ငါ၏ ကောင်းမှုအစုသည် ကောင်းလေစွ တကား"ဟု ဝမ်းမြောက်ဝမ်းသာ အပေါ်ရုံကိုချွတ်၍ ရခဲလှစွာသော မြွက်ဆိုလေ၏။

ဤသို့ ဆိုပြီးလျှင် ထိုဆံတော်ဓါတ်ကို ငါးပါးသော တည်ခြင်းဖြင့် ပြားပြားဝပ် ရှိခိုး၍ မိမိ၏ ကိုယ်၌ရုံအပ်သော ဖူးမြင်ရခြင်း ဖြစ်လေစွတကားဟုဆိုလျက် ဆံတော်ဓါတ်ကို ပူဇော်ခြင်းပြုလေ၏။

၉။ အလုံးစုံသော နတ်တို့သည်လည်း မိမိအား လျှောက်ပတ်သော ပူဇော်ခြင်းကို ပြုကြကုန်၏။

ထိုနောက်ပဉ္စနန္ဒနတ်မင်းသည် ရတနာအထူးထူး ဖြင့် ပြီးသော အုတ်တို့ဖြင့် စေတီကို တည်စေ၏။

စေတီရင်ပြင်ကိုလည်း သုတ်သင်စေ၍ ထက်ဝန်း ကျင် တံတိုင်းခတ်ပြီးလျှင် မနီးမဝေး၌ ရေကန်တစ်ခုဖန်ဆင်း ၏။

လေးပါးသော အရပ်တို့၌လည်း ရွှေအိုး တို့ကို မြှုပ်၍ ဆံတော်ဓါတ်ကို ပူဇော်ခြင်းပြုလေ၏။



၁၀။ အလုံးစုံသော ရဟန္တာမြတ်တို့သည် -

(က) "ဤစေတီသည် နောင်အခါ အလံတစ်ရာ မှ မြင်လတ္တံ့။"

(ခ) "တရားမင်းသည်လည်း ဤအရပ်၌သာ ဖြစ်ပေါ်လတ္တံ့" ဟု ဗျာဒိတ်စကား မိန့် ကြားကြကုန်၏။

၁၁။ ထိုစေတီတော်မြတ်ကား ထက်ဝန်းကျင်မှ မွှေးလျှော် ဘွယ်သော တံတိုင်းအနီး အစီအစဉ် စသည်ဖြင့် **စေတီကို** စီရင် ခြင်းကြောင့် နောင်အခါ၌ **သောဏ္ဍာယစေတီတော် မြတ်** ဟု ထင်ရှားအံ့။

ပဉ္စနန္ဒုထုပ္ပဝင် ပြီး၏။

## ၃။ မဏိမေခလာထုပ္ပဝင်

၁။ ပဉ္စနန္ဒနတ်မင်းစေတီတည်ပြီးသောအခါ ရဟန္တာ အရှင်မြတ် အားလုံးတို့သည် ထိုနေရာမှ ပြန်ဆုတ်၍ သမု ဒြာကမ်းအနီး၌ ထက်ဝန်းကျင်မှ သော်ကပင်တို့ဖြင့် ဖုံးလွှမ်း သော အနောက်ဖက်၌လည်း ချောက်ဖြင့် ဝန်းရံအပ်သော နေရာတစ်ခုကို မြင်ကြရလျှင် "ငါရှင်တို့ ဤနေရာ၌ ဆံတော်ဓါတ် ဒါယကာအလို့ငှါ အဘယ်သို့လျှင် ရှာဖွေသင့်

www.burmeseclassic.com

www.burmeseclassic.com



မည်နည်း” ဟု တိုင်ပင်ကြကုန်၏။

၂။ ထိုအခါ အရှင်ပဒုမုတ္တရသည် ထိုရဟန္တာငါးပါးတို့အား “အရှင်ဘုရားတို့ အကျွန်ုပ်တို့သည် ဆံတော်ဓါတ်ဒါယကာကို ရှာဖွေပါမည်”ဟု လျှောက်ထားပြီးလျှင် ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့် စပ်သောစကားဖြင့် မိဋ္ဌာန်ခြင်းအမှုကို ပြုလေ၏။

“တစ်လောကလုံး၏ ညွှန့်ဖူးတစ်နွန်း အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားသည် လူအပေါင်းကို ဝဲသြဃာ, ရေအလျင်မှ ကယ်တင်ခြင်း အကျိုးငှာ ဤအရပ်၌ တည်နိုင်သည် ဖြစ်ပါအံ့။ ရှင်တော်မြတ်၏ တန်ခိုးတော်အားဖြင့် အကျွန်ုပ်အား တောင့်တတိုင်းမသွေ ပြည့်စုံပါစေသတည်း၊ သက်တော်ထင်ရှား ဘုရားဦးခေါင်း ကိန်းအောင်းတည်တတ် ဆံတော်မြတ်ဘုရား အကျွန်ုပ်သည် ယခုအခါ စေတီဒါယကာကို ရရပါလို၏ဘုရား”

၃။ ဤသို့ ဆုတောင်း ပတ္တပနာပြုစဉ် သမုဒ္ဒရာစောင့်နတ် မဏိမေခလာနတ်သမီးသည် ဘုရားရှင်၏ တန်ခိုးတော်အားဖြင့် ထိုအရပ်၌ ကိုယ်ထင်ပြသကဲ့သို့ အလုံးစုံသော တန်ဆာတို့ဖြင့် ဆင်မြန်းလျက်များစွာသော အခြံအရံနှင့်တကွ သမုဒ္ဒရာမှ ထင်ရှားစွာ ပေါ်ပေါက်လာလေ၏။



၄။ ထိုအခါ မထေရ်မြတ်တို့သည် “ဥပါသိကာ ဒါယိကာမ၊ ဆံတော်ဓါတ် အလို့ငှာ စေတီတည်ရန်အတွက် သင့်အား လျှောက်ပတ်လှပေ၏၊ စွမ်းနိုင်လျှင် အတုမရှိသော ဓါတ်တော်၏ ဒါယိကာမ ဖြစ်ပါလော” ဟု မိန့်ဆိုကြကုန်၏။

၅။ ထိုအခါ မဏိမေခလာနတ်သမီးသည် “ငါကား မာတုဂါမ ဖြစ်ချေ၏။ စေတီတည်ရာ၌ အဘယ်သို့ အုတ်စီခြင်းကို ပြုရအံ့နည်းဘုရား”ဟု ကြံ၍ “အရှင်သူမြတ်တို့ဘုရား အကျွန်ုပ်သည် အဘယ်သို့ ပြုရအံ့နည်းဘုရား” ဟုလျှောက်ကြားလေ၏။

၆။ “အို ဒါယိကာမ၊ ဤပစ္စန္တရာဇ်သားတို့အား အခပေးနိုင်လျှင် ထိုသူတို့သည် လျင်မြန်စွာ စေတီတည်ကုန်လတ္တံ့” ဟု မိန့်ဆိုလေ၏။

၇။ နတ်သမီးသည် “ကောင်းလှပါပြီဘုရား” ဟု ဝန်ခံပြီးလျှင် မထင်ရှားသော အသွင်ဖြင့် သွား၍ ထိုပစ္စန္တရာဇ်သားတို့အား အခပေးသဖြင့် စေတီကို တည်စေလေ၏။

၈။ ထိုသူတို့သည် ထိုနေရာ၌ ဓါတ်တော်တိုက်ကို အတောင် ရှစ်ဆယ်နက်အောင် ပြုကြကုန်၏။

၉။ ထိုအခါ နတ်သမီးသည် တန်ခိုးဖြင့် ဆောင်ယူခဲ့သော ရတနာကို ထက်ဝန်းကျင်စုပုံ၍ ဝေပုလ္လတောင်မှ

www.burmeseclassic.com

www.burmeseclassic.com



စကြဝတေးမင်း၏ ပတ္တမြားရတနာတမျှ မီးရောင်ကဲ့သို့ တောက်ပသော ပတ္တမြားရတနာတစ်ခဲနက်ကို ဓါတ်တော်တိုက်၏ အလယ်၌ ထားလေ၏။

ထိုတစ်ခဲနက်ပတ္တမြားရတနာအထက်၌ ဓါတ်တော်ကြုတ်ကို ဖန်ဆင်း၍ ထားလေ၏။

၁၀။ ဓါတ်တော်ကြုတ်ထားသည်နှင့် တစ်ပြိုင်နက်မဟာပထဝီ တုန်လှုပ်၏။

အခါမဲ့ လျှပ်စစ်နွယ်တို့သည် ပြိုးပြိုး ပြက်ပြက် အရောင်ထွက်ကုန်၏။ မွှေ့လျော်ဖွယ် မိုးရွာသွန်း၏။

နတ်ပြဟ္မာ အားလုံးတို့သည် ကောင်းချီးနှုမော် သာဓုခေါ်ကုန်၏။

၁၁။ ထိုနောက် ဆံတော်ဓါတ်အား ကြီးကျယ်စွာ ပူဇော်သက္ကာရပြု၍ စေတီတည်စေ၏ စေတီတည်ပြီးသောအခါ မဏိမေခလာနတ်သမီးသည် အဓိဋ္ဌာန်ပြုလျက် ဤသို့သော စကားကို မြွက်ဆိုလေ၏။

"ငါးပါးမာရ်အောင် ဘုန်းခေါင်ထိပ်တင် ရှင်ပင်ဘုရား၊ ရှင်တော်ဘုရားသည် နှစ်ပေါင်း များမြောင်ငါးထောင်ပတ်လုံး ဤဓါတ်တော်တိုက်၌ တည်နေတော်မူပါ ဘုရား၊ ရှင်တော် ဘုရား၏ တန်ခိုးတော်ကြောင့် ဤသတ္တဝါတို့သည် သေခြင်း ကင်းပ နိဗ္ဗာန်ကို သိရှိကြပါစေကုန်သတည်း" ဟု မြွက်ဆိုလေ၏။

၁၂။ ဤသို့လျှင် မဏိမေခလာနတ်သမီးသည် ကြည်ညိုစွာ မြွက်ဆို၍ ဆံတော်ကို ထည့်သွင်းကာ စေတီထက်ဝန်းကျင် ဖူးမြင်နိုင်အောင် တည်ထားစေလေပြီ။

တည်ထားပြီးသောအခါ ရဟန္တာအရှင်မြတ်တို့၏ ခြေတော်တို့ကို ရှိခိုး၍ နှစ်သက်ရွှင်လန်းစွာ ပြန်သွားပြီး လျှင် မိမိ ဗိမာန်သို့ ဝင်လေ၏။

မဏိမေခလာ ထူပဝင် ပြီး၏။

## ၄။ အဒ္ဓိကနာဝိက ထူပဝင်

၁။ ထိုမဏိမေခလာစေတီမှ မြောက်ဘက်အရပ်သို့ ထိုအရှင်မြတ်အားလုံးတို့ ကြွလာသောအခါ သစ်ခက်ရွက်ညွှန့်တို့ဖြင့် တန်ဆာဆင်အပ်သော အေးမြသော အရိပ်ရှိသော ပညောင်ပင်တစ်ခု၌နေသော ရုက္ခစိုးနတ်သည် ထိုအရှင်မြတ်တို့ကို မြင်ရသဖြင့် "အရှင်ဘုရားတို့ အဘယ်အကျိုးငှာ ဤအရပ် သို့ ကြွလာကြပါသနည်း" ဟု မေးလျှောက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာ နတ်မင်းဤနေရာသည် လျှောက်ပတ်၏ ဘုရားရှင်၏ ဆံတော် ဓါတ်တစ်ဆူကို တည်ထားခြင်းငှာ ငါတို့ ကြွလာကြကုန်၏"ဟု ဆိုလတ်သော် "ကောင်းလှပါပြီ အရှင်ဘုရားတို့" အကျွန်ုပ်တို့ သည်လည်း အရှင်မြတ်တို့နှင့် အတူတကွ ဝမ်းမြောက်သမှု ပြုလုပ်ပါမည်"ဟု လျှောက် ကြားလေ၏

၂။ ထိုအခါ အရှင်ဂုဏသာဂရသည် ဓါတ်တော် ဒါယကာ ရှာဖွေရေး၌ ငါ၏တာဝန်ဖြစ်သည်ဟု ဓါတ်တော် ဒါယကာအလို့ငှာ လက်အုပ်မိုးလျက် -

"ဘုရားရှင်၏ ဦးထိပ်၌ ဖြစ်သော ဆံတော်ဓါတ် သည် သတ္တဝါ အားလုံး၏ အစီးအပွားအလို့ငှာ ဤနေရာ၌ အမြဲတည်နိုင်မည်ဖြစ်ပါအံ့၊ ဒါယကာ လွယ်ကူစွာ ရပါစေ သတည်း" ဟု မိဋ္ဌာန်အားဖြင့် မြွက်ဆို၍ ဆံတော်ဓါတ်ကို ရှိခိုးလျက်သာ ထိုင်နေတော်မူလေ၏။

၃။ ထိုခဏ၌ ဘုရားရှင် ဆံတော်ဓါတ်၏ တန်ခိုးတော် ကြောင့်လည်းကောင်း၊ မထေရ်မြတ်၏ မိဋ္ဌာန်ခြင်း အစွမ်း ကြောင့်လည်းကောင်း၊ ဘုရားရှင်စသည်တို့၏ တန်ခိုးတော် ကြောင့် လည်းကောင်း၊ သာသနာတော်အကြောင်း ကောင်း ကောင်းသိပြီးသော ကုန်သည်တို့ဖြင့် ပြည့်သော လှေ တစ်စင်းသည် လေညင်းဆောင်သဖြင့် ထိုအရပ် ဒေသသို့ အစဉ်အတိုင်း ရောက်လာလေ၏

၄။ ကုန်သည်တို့သည် ရဟန်းသံဃာကိုမြင်ရလျှင် "ငါတို့သည် သမုဒ္ဒရာခရီးသွားတို့ ဖြစ်ကုန်၏။ ခြောက် ပါးသော အရှင်ကောင်းတို့ထံ ချဉ်းကပ်၍ သံဃာတော်များ အား ဖူးမြော်ရခြင်း ဟူသည် ရနိုင်ခဲလှ၏" ဟု ကြံစည်၍ လှေသူကြီးကို ပြောကြားကုန်၏။

၅။ လှေသူကြီးသည်လည်း ထိုစကားကို ကြား၍ သံဃာ တော်အပေါင်းအား ကြည်ညိုလှသဖြင့် ကုန်သည်တို့နှင့် အတူ လှေကြီးမှ ဆင်းပြီးလျှင် လှေငယ်ပေါ်သို့ တက်၍ ထိုအရှင်မြတ် ခြောက်ပါးတို့ထံ ချဉ်းကပ် ရှိခိုးပြီးလျှင် "အရှင်မြတ်တို့အား ဤနေရာအရပ်၌ အဘယ်သို့သော ပြုဖွယ်ကိစ္စရှိပါသနည်း" ဟု မေးလျှောက်လေ၏။

၆။ "ဒါယကာ ငါတို့သည် မြင့်မြတ်လှသော ဘုရားရှင် ၏ ဆံတော်ဓါတ်တစ်ဆူကို လူအပေါင်းတို့၏ အစီးအပွား အလို့ငှာ စေတီတည်ထားလို၍ ဤအရပ်သို့ ရောက်လာကြ ကုန်၏" ဟု မိန့်ကြားတော်မူကုန်၏။

၇။ လှေသူကြီးသည် ထိုစကားကို ကြားရလျှင် ဝမ်း မြောက်လှသဖြင့် ကုန်သည်တို့ကိုခေါ်၍ "အချင်းတို့ ငါတို့

www.burmeseclassic.com


သည် အရတော်လေစွတကား။ ဤသို့ ကြီးမားသော တန်ခိုးရှိသော သတ္တဝါအပေါင်း၏ အစီးအပွားကို ဆောင်တတ်သော ဘုရားရှင်၏ ဆံတော်ဓါတ်ကို ငါတို့ဖူးမြင်ကြရခြင်းသည် ကောင်းစွာ လာဘ်တိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုပြီးလျှင် -

"အချင်းတို့၊ မဟာ သမုဒ္ဒရာ၌ ကြာမြင့်စွာ ခရီးသွားကြသော ငါတို့သည် ဤသို့သော အကျွန်ုပ်၏ မရကြစဘူး။ ထို့ကြောင့် သင်တို့သည် အာဘော်ဖြစ်ကြပါကုန်။ အကျွန်ုပ်သည် စေတီတည် လိုပါသည်" ဟု ဆိုလေ၏။

၈။ ထိုကုန်သည်တို့သည်လည်း "ကောင်းပါပြီ"ဟု ဝန်ခံကြကုန်၏။

ရက္ခစိုးနတ်သည်လည်း လူ့အသွင်ပြ၍ "အကျွန်ုပ်သည်လည်း သင်တို့၏ အာဘော်ဖြစ်ပါမည်"ဟု ဆို၏။

၉။ ထိုသူအားလုံးတို့သည် မထေရ်မြတ်တို့ထံ ချဉ်းကပ်၍ သင့်လျော်သလောက် အလှူဝတ္ထုကို လှူဒါန်းပြီးလျှင် မထေရ်တို့ကို ရှိခိုးလျက် နေထိုင်ကြကုန်၏။

၁၀။ လှေသူကြီးသည် "အရှင်ဘုရားတို့၊ အကျွန်ုပ်သည်သာ လျှင်ဆံတော်ဓါတ်အတွက် အဆောက်အဦကောင်းမွန်စွာ ပြုလုပ်ရာ၌ ကြောင့်ကြစိုက်လိုပါသည် ဘုရား" ဟု တောင်းပန်စကား လျှောက်ကြား၏။

၁၁။ မထေရ်မြတ်တို့လည်း "ကောင်းပြီ ဒါယကာ၊ ပြုပေတော့" ဟု ခွင့်ပြုစကား မိန့်ကြားကုန်၏။

၁၂။ လှေသူကြီးသည် ယောက်ျားတို့ကို စေခိုင်း၍ ဥစ္စာများစွာ အကုန်ခံပြီးလျှင် ဓါတ်တော်တိုက်ကို ပြုလုပ်၍ ဓါတ်တော်တိုက်၌ ရတနာခုနစ်ပါးကိုထည့်၍ တိုက်ခန်းအလယ်၌ ဘုရားရှင်အား ထိုက်သောနေရာကို ခင်းပြီးလျှင် အရှင်ဂုဏသာဂရ မထေရ်မြတ်၏ လက်တော်မှဆံတော်ဓါတ်ကိုယူ၍ ထည့်ထားလေ၏။

၁၃။ ထားလျှင်ထားခြင်း အလုံးစုံသော အံ့ဩဖွယ်တို့သည် ထင်ရှားစွာ ဖြစ်ပေါ်ကုန်၏။

၁၄။ ထိုအခါ လှေသူကြီးသည် အလွန်တရာ ဝမ်းမြောက်လှသဖြင့်

"အိုအချင်းတို့၊ တစ်လောကလုံး၏ ဆရာသမားအတုမရှိသော မြတ်စွာဘုရား၏ ဆံတော်ဓါတ်အတွက် ဒါယကာ ငါဖြစ်ချေ၏အရတော်လေစွကတား"ဟု နှုတ်မြွက်သံချို့ရွတ်ဆိုလေ၏။

၁၅။ ဤသို့ဆို၍ ငါးပါးသော တည်ခြင်းဖြင့် စေတီတော်ကို ရှိခိုး၍ အထူးထူးသော တံခွန်ကုက္ကားကို စိုက်ထူပူဇော်

www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် စေတီကို လက်ျာရစ်၍ ရဟန္တာအရှင်မြတ်တို့၏ ခြေတော်တို့ကို ရှိခိုး၍ ကုန်သည်တို့နှင့် အတူလှေစီးကာ မိမိမြို့ရွာသို့ ထွက်သွားလေ၏။

၁၆။ ရက္ခစိုးနတ်သည်ကား စေတီကို နှစ်သက်မြတ်နိုးလှသဖြင့် ယနေ့တိုင်အောင် အသက်ရှည်လျက် ထိုစေတီကို စောင့်ရှောက်ကာနေလေ၏။

အဒ္ဒိကနာဝိက ထူပဝင် ပြီး၏။

## ၅။ ဝရုဏ နာဂရာဇ ထူပဝင်

၁။ ထိုခရီးသွားကုန်သည် လှေသူကြီးတို့၏ စေတီတော်မှ အရှေ့ဘက်အရပ်သို့ ဂင်္ဂါမြစ်၏ ကမ်းနား၌ မွေ့လျော်ပျော်ဖွယ် ကောင်းသောအရပ်တစ်ခုရှိ၏။

ရဟန္တာအရှင်မြတ် တို့သည် ထိုအရပ်သို့ ရောက်ကြလျှင် -

"ငါ့ရှင်တို့၊ ဤနေရာ သည် အရိပ် ရေနှင့် ပြည့်စုံ၏။ ဤနေရာ၌ ဆံတော်ဓါတ်တစ်ဆူကို တည်ထားခြင်းငှာ သင့်လျော်၏" ဟု မိန့်ဆိုကြကုန်၏။

၂။ ထိုအခါ ဉာဏပဏ္ဍိတမထေရ်သည် ဒါယကာရှာဖွေရေး၌ "ငါ၏တာဝန်" ဟုဆို၍ ဒူးဝန်းတစ်ဘက် မြေ၌ထောက်



လျက် လက်အုပ်ကို ဦးခေါင်း၌ ထားပြီးလျှင် ဘုရားရှင်သည် တစ်လောကလုံး၏ နိဗ္ဗာန်ခရီးဆောင်ဖြစ်၏ အတုမရှိသော ယောက်ျားမြတ်ဖြစ်၏ ထိုဘုရားရှင်၏ ဆံတော်ဓါတ် စင်စစ် အကယ်၍ ဖြစ်ခဲ့ငြားအံ့၊ အရှင်မြတ်အလို့ငှာ ဒါယကာ ရပါလို၏" ဟု မြွက်ဆိုလေ၏

၃။ ဤသို့ အရိုအသေပြု၍ မြွက်ဆိုစဉ်သာလျှင် တစ်ဦးသော ဝရုဏမည်သော နဂါးပြည်မှ အခြံအရံနှင့်တကွ ထွက်လာ၍ မထေရ်မြတ်၏ မျက်မှောက်၌ ထင်ရှားစွာ ရောက်လာလေ၏။

၄။ နဂါးမင်းသည် မထေရ်တို့ကို ရှိခိုးပြီးလျှင် ကြွလာခြင်းအကြောင်းကို မေးလျှောက်သဖြင့်

"ဘုရားရှင်၏ ဆံတော်ဓါတ်ကို တည်ထားခြင်းငှာ သာလျှင် ဤအရပ်သို့ရောက်လာပေသည် ဒါယကာ"ဟု မိန့်ဆိုလတ်သော်

"အရှင်ဘုရားတို့ ထိုသို့ဖြစ်လျှင် ဆံတော် ဓါတ်စေတီ၌ အကျွန်ုပ်၏ တာဝန်ကို ပြုတော်မူကြပါ ဘုရား"ဟု တောင်းပန်သဖြင့် အခွင့်ရသောကြောင့် မိမိပရိသတ်ကို ခေါ်၍ ဝမ်းမြောက်ဝမ်းသာ ဓါတ်တော်တိုက်အလို့ငှာ မြေကို သုတ်သင်စေ၍ တွင်းကို တူးစေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဓါတ်တော်တိုက်ကို နတ်ဗိမာန်နှင့်တူအောင် ပြုစေပြီးလျှင် အလယ်၌ ရတနာဖြင့်ပြီးသော ပလ္လင်တစ်ခု ဖန်ဆင်း၍ ထီးဖြူမိုးစေလျက် ဓါတ်တော်ပန်းတောင်းကို ဦးခေါင်းဖြင့်ရွက်၍ အဘိုးတန် ပတ္တမြားကြုတ် တစ်ခုပြုလုပ်ပြီးလျှင် အလွန်ရိုသေစွာသော အမှုပြုသဖြင့် မထေရ်မြတ်တို့၏အလိုအားလျော်စွာ တည်ထားလေသည်။

၅။ ထိုခဏ၌ သာလျှင် အောက်၌ ဆိုခဲ့ပြီးသော နည်းအတိုင်း တန်ခိုးတော်ပြခြင်း အမျိုးမျိုးတို့သည် ထင်ရှားစွာ ဖြစ်ပေါ်ကုန်၏။

၆။ နဂါးမင်းသည်လည်း ဝမ်းမြောက်လှသဖြင့် မိမိအသုံး အဆောင်ဖြစ်သော စကြဝတေးမင်း၏ ပတ္တမြားနှင့် တူသောများစွာ အဖိုးထိုက်တန်သော လိုရာခပ်သိမ်း ပေးစွမ်းနိုင်သော ပတ္တမြား ရတနာ တစ်ခုကိုလည်း မိမိ၏ လည်မှ ဖြုတ်၍ဘုရားရှင်၏ ဓါတ်တော်အား ပူဇော်ခြင်း အမှုကို ပြုလေ၏။

၇။ အလုံးစုံသော နဂါးပရိသတ်တို့သည် က,ကြလျက် သီဆိုကြလျက် တူရိယာ အားလုံးကို တီးမှုတ်ကြလျက် ကြွေးကြော်ကြလေကုန်၏။ အလုံးစုံသော နတ်တို့သည်လည်း အထူးထူး အပြားပြား ကောင်းချီးပေးကုန်၏။



၈။ ထိုခဏ၌ နဂါးမင်းသည် ဆံတော်ဓါတ်စေတီကို အလွန်တရာ ရှုချင်ဖွယ်ကောင်းအောင် တည်ထားစေလေ၏။

၉။ စေတီတည်ပြီးသောအခါ နဂါးမင်းသည် လက်ျာရစ်လှည့်၍ ညွတ်သော ဦးခေါင်းဖြင့် ရှိခိုးလျက် -

“ကမ္ဘာကုဋေတို့ဖြင့် မသေနိုင်အောင် အသက်ရှည်သော်လည်း ရခဲလှစွာသော ဘုရားရှင်ကို ငါဖူးတွေ့ရလေပြီ။ ကုသိုလ်လိုလားသော ငါသည်ထိုဘုရားရှင်၏ ဆံတော်ဓါတ်ဒါယကာလည်းဖြစ်ရပေ၏” ဟု မြွက်ဆိုလေ၏။

၁၀။ တန်ခိုးကြီးသော ဝရုဏနဂါးမင်းသည် ဤသို့ မြွက်ဆို၍ ဝမ်းမြောက်ဝမ်းသာ နဂါးတို့ ခြံရံကာ ပြန်သွားလေ၏။

ဝရုဏနာဂရာဇ ထူပဝင် ပြီး၏။

## ၆။ သတ္တုနာဝိက ထူပဝင်

၁။ ထိုနဂါးမင်း စေတီမှ မြောက်ဘက် အရပ်သို့ ရဟန္တာအရှင်မြတ်တို့ ကြွသွားကြသောအခါ မနီးလွန်းမဝေးလွန်း ကုသိုလ်လိုလားသောသူတို့၏ အသွားအလာနှင့် ပြည့်စုံသော နေရာတစ်ခုကို မြင်ရလျှင် -

“ငါ့ရှင်တို့ ဤနေရာသည် လျှောက်ပတ်၏။ ဤ

www.burmeseclassic.com

www.burmeseclassic.com

နေရာ၌ ကြွင်းကျန်သော ဘုရားရှင်ဆံတော် ဓါတ်တစ်ဆူတို့ကို တည်ထားသင့်၏" ဟု ဆိုကြကုန်၏။

၂။ ထိုအခါ အရှင်ရေဝတသန္တာန်၌ အကြံပေါ်ပေါက်လာ၏။ "ရဟန္တာ အရှင်မြတ်ငါးပါးတို့မှာ ဒါယကာရကြသဖြင့် နှလုံးအလိုအပြီးသို့ ရောက်ပြီ၊ ထိုအတူ ငါသည်လည်း ဤနေရာ၌ ဒါယကာ တစ်ဦးကိုရချင်၏။ ငါသည် ဆံတော်အမှု ပြုရပါမူ ကောင်းလေစွ"ဟု အကြံပေါ်ပေါက်လာ၏။

၃။ ထိုအခါအရှင်ရေဝတသည် ဘုရားရှင်အပေါ်၌ အထွဋ်အထိပ်သို့ ရောက်သော ရိုသေမှုကို ပြည့်စုံစေပြီးလျှင် -

"ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်တော်မူပြီးလျှင် စွန့်ခြင်းကြီးငါးပါးကို စွန့်၍ နတ်လူတို့ ပြုနိုင်ခဲသောအမှုကို ပြုတော်မူသဖြင့် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည် စင်စစ်ဖြစ်ပါလျှင်၊ ယခုအခါ ရှင်တော်မြတ်ဘုရား၏ တန်ခိုးတော်အားဖြင့် စေတီဒါယကာ ဤနေရာသို့ ရောက်လာပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုကာ ဤသို့ စကားကိုမြွက်ဆိုလေ၏။



"နိဗ္ဗာန်ခရီး အပြီးဆောင်တတ် ဘုရားမြတ်၊ ရှင်တော်မြတ်သည် လူအပေါင်း၏ အစီးအပွားအလို့ငှာ ဤနေရာ၌ ခွင့်ပြုနိုင်သည် စင်စစ်ဖြစ်တော်မူပါလျှင် ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့် ဆံတော်ဓါတ် စေတီအလို့ငှာ ဒါယကာကို ရလိုပါသည်ဘုရား" ဟု မြွက်ဆိုလေ၏။

၄။ ဤသို့ တောင့်တစဉ်သာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော လှေခုနစ်စင်း အတိုင်းအရှည် ရှိကုန်သော ဒမိဠလူမျိုး၊ ကျေးလူမျိုး ကုန်သည်တို့သည် ဆံတော်ဓါတ်တန်ခိုးဖြင့် ဆောင်ကြဉ်းအပ်ကုန်သကဲ့သို့ တစ်ပါးသောအရပ်သို့ သွားခြင်းငှာ မစွမ်းနိုင်ကြသဖြင့် ထိုနေရာအရပ်သို့သာ အစဉ်အတိုင်း ရောက်လာကြလေကုန်၏။

၅။ ထိုကုန်သည်တို့သည်လည်း အဝေးမှ ရဟန်းသံဃာတော်တို့ကိုမြင်ရလျှင် လှူဒါန်းလိုကြသဖြင့် အကြီးဆုံးသော လှေသူကြီးကို ပြောကြားကြလေကုန်၏။

၆။ ထိုစကားကို ကြား၍ လှေသူကြီးသည်လည်း ထိုသို့ဖြစ်လျှင် ငါသည်လည်း သွားပေအံ့ဟုဆို၍ ကြွင်းသောလှေသူကြီးတို့နှင့်တကွ မထေရ်မြတ်တို့ထံ သွားပြီးလျှင် လှူဒါန်းဆည်းကပ်၍ -

"အရှင်မြတ်ဘုရားတို့၊ ဤအရပ်သို့ အဘယ်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ငှာ ကြွလာပါသနည်း" ဟု မေးလျှောက်ကြလေကုန်၏။

၇။ "ဒါယကာတို့၊ အားဆယ်ပါးကို ဆောင်တော်မူသော ယောကျ်ားမြတ်ဖြစ်တော်မူသော ဘုရားရှင်၏ ဆံတော်ဓါတ်ကို သတ္တဝါတို့ အစီးအပွားအလို့ငှာ တည်ထားလိုသဖြင့် ကြွရောက်လာကြကုန်၏" ဟု မိန့်ဆိုကြကုန်၏။

၈။ ထိုသို့မိန့်ဆိုလတ်သော် လှေသူကြီးခုနစ်ဦးနှင့် ကျေးလူမျိုးကုန်သည်တို့ သန္တာန်၌ အကြံဖြစ်ပေါ်လာသည်မှာ -

"ငါတို့သည် ရှေးအခါ ဘုရားရှင်အား ဖူးမြော်ရသောအခါ၌ တောက်ပြောင်ထိန်ထိန် ခြောက်ရောင်ရှိန်လျှပ် ကိုယ်တော်မြတ်ကို ဖူးမြော်ကြရကုန်ပြီ။ ယခုအခါ ဘုရားရှင်၏ ဆံတော်ဓါတ် အာနုဘော်ကား အဘယ်သို့သော သဘောရှိမည်နည်း"ဟု ကြံစည်ကြကုန်စဉ် ယုံမှားသင်္ကာ ဖြစ်ပေါ်လာလေ၏။

၉။ ထိုဒါယကာအားလုံးတို့၏ ယုံမှားသင်္ကာကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဆံတော်ဓါတ်သည် တန်ခိုးတော်ပြလေ၏။

၁၀။ ထို့ကြောင့် ဤသို့သော စကားကို ဆိုအပ်ပေ၏ ဆံတော်ဓါတ်မှထွက်သော ရောင်ခြည်သည်ကဏ္ဍာ၏သရက် ပင်ရင်း၌ ရောက်သကဲ့သို့ဖြစ်၍ လူအပေါင်း၏ မျက်စိ



နှစ်ခြိုက် မြတ်နိုးဖွယ်ရာ ရေ မီး နှစ်မျိုး တန်ခိုးအစုံတို့ ပေါင်းဆုံကာပြလေ၏။

၁၁။ လှေသူကြီး ကုန်သည် အားလုံးတို့သည် ထိုတန်ခိုးတော်ကိုမြင်ရလျှင် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရားဖြစ်ပွားကြသဖြင့် အသီးသီး မိမိအား ထိုက်လျောက်စွာ ပူဇော်သက္ကာရ ပြုကြကုန်၏။

ဓါတ်တော်အား ပူဇော်သက္ကာရ ပြုပြီးလျှင် ရဟန္တာ မထေရ်မြတ်တို့ထံ သွား၍ စေတီတော်တည်ရန် အခွင့်တောင်းကြကုန်၏။

ထိုလှေသူကြီးကုန်သည် အားလုံးတို့သည် အခွင့်ရကြသဖြင့် ဆိုပြီးသော နည်းအတိုင်း ဓါတ်တော်တိုက်ကို ပြုစေ၍ ထိုတိုက်၌ အလုံးစုံသော ရတနာကို စုပုံပြီးလျှင် ဘုရားရှင်အားထိုက်သော နေရာကို ခင်းစေ၍ ဆီမီး ညှိထွန်းစေ၍ ဘုရားဆင်းတုတော်၊ အသီတိသာဝကတို့၏ ရုပ်တုတော်တို့ကိုထား၍ အလယ်၌ ရွှေပန်းတောင်းတို့ ထားပြီးလျှင် အရှင်ရေဝတမထေရ်၏ လက်တော်၌ အတုမရှိသော ဆံတော်ဓာတ်ကို ခံယူကြ၍ နံ့သာရည်ဖြင့် ရေသပ္ပါယ်ကြပြီးလျှင် ရွှေငွေတို့ဖြင့် ပြီးသော ပန်းတို့ဖြင့်လည်းကောင်း၊ ဆီမီးတို့ဖြင့်လည်းကောင်း ဆံတော်ဓါတ်တို့

www.burmeseclassic.com

www.burmeseclassic.com



သည်းခံတော်မူရန် တောင်းပန်ကန်တော့၍ ပန်းတောင်း၌ ထားကြကုန်လေ၏။

၁၂။ ထိုခဏ၌သာလျှင် အောက်၌ ဆိုပြီးသော နည်းအတိုင်း မြေလှုပ်စေခြင်းစသော အံ့ဩဖွယ်တို့သည် ထင်စွာ ဖြစ်ကုန်၏။

တစ်သောင်းသော စကြဝဠာတိုက်မှ နတ်တို့သည် လည်း ကောင်းချီးပေးကြကုန်၏။

၁၃။ ထိုလှေသူကြီးတို့သည် စေတီကိုတည်၍ ပြီးစီးသော အခါ တံခွန်, ကုက္ကားတို့ကို အထူးထူးအပြားပြား စိုက်ထူစေ၍ စေတီတော်မြတ်ကို ရှိခိုး၍ -

"အရှင်သူမြတ်ဘုရား၊ အကျွန်ုပ်တို့သည် ကျေးလူမျိုး ဥပါသကာတို့ ဖြစ်ကြပါသည်။ ကောင်းသော အတွေ့ရှိသော ဆံတော်ဓါတ်ကို ယုံကြည်စွာသဒ္ဓါတရားရှိ၍ ဤသို့သောပူဇော်သက္ကာရကို ပြုကြပါသည်ဘုရား"ဟု လျှောက်ဆိုကြကုန်၏။

၁၄။ ထိုနောက်မှ ထိုစေတီကို သဒ္ဓါတရားယုံကြည်သော အားဖြင့် တည်ထားခြင်းကြောင့် သဒ္ဓါစေတီ ဟူ၍လည်း ခေါ်ဆို ကြကုန်၏။ ဒမိဠလူမျိုးတို့ တည်ထားခြင်းကြောင့် ဒမိဠစေတီ ဟူ၍လည်း ခေါ်ဆိုကြကုန်၏။



နှစ်ခြိုက် မြတ်နိုးဖွယ်ရာ ရေ၊ မီး နှစ်မျိုး တန်ခိုးအစုံကို ပေါင်းဆုံကာပြလေ၏။

၁၁။ လှေသူကြီး ကုန်သည် အားလုံးတို့သည် ထိုတန်ခိုးတော်ကိုမြင်ရလျှင် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရားဖြစ်ပွားကြသဖြင့် အသီးသီးမိမိအား ထိုက်လျောက်စွာ ပူဇော်သက္ကာရ ပြုကြကုန်၏။

ဓါတ်တော်အား ပူဇော်သက္ကာရ ပြုပြီးလျှင် ရဟန္တာမထေရ်မြတ်တို့ထံ သွား၍ စေတီတော်တည်ရန် အခွင့် တောင်းကြကုန်၏။

ထိုလှေသူကြီးကုန်သည် အားလုံးတို့သည် အခွင့်ရကြသဖြင့် ဆိုပြီးသော နည်းအတိုင်း ဓါတ်တော်တိုက်ကို ပြုစေ၍ ထိုတိုက်၌ အလုံးစုံသော ရတနာကို စုပုံပြီးလျှင် ဘုရားရှင်အားထိုက်သော နေရာကို ခင်းစေ၍ ဆီမီး ညှိထွန်းစေ၍ ဘုရားဆင်းတုတော်၊ အသီတိသာဝကတို့၏ ရုပ်တုတော်တို့ကိုထား၍ အလယ်၌ ရွှေပန်းတောင်းကို ထားပြီးလျှင် အရှင်ရေဝတမထေရ်၏ လက်တော်မှ အတုမရှိသော ဆံတော်ဓာတ်ကို ခံယူကြ၍ နံ့သာရေဖြင့် ရေသပ္ပါယ်ကြပြီးလျှင် ရွှေငွေတို့ဖြင့် ပြီးသော ပန်းတို့ဖြင့် လည်းကောင်း၊ ဆီမီးတို့ဖြင့်လည်းကောင်း၊ ဆံတော်ဓါတ်ကို

www.burmeseclassic.com



သည်းခံတော်မူရန် တောင်းပန်ကန်တော့၍ ပန်းတောင်း၌ ထားကြကုန်လေ၏။

၁၂။ ထိုခဏ၌သာလျှင် အောက်၌ ဆိုပြီးသော နည်းအတိုင်း မြေလှုပ်စေခြင်းစသော အံ့ဩဖွယ်တို့သည် ထင်စွာဖြစ်ကုန်၏။

တစ်သောင်းသော စကြဝဠာတိုက်မှ နတ်တို့သည်လည်း ကောင်းချီးပေးကြကုန်၏။

၁၃။ ထိုလေ့သူကြီးတို့သည် စေတီကိုတည်၍ ပြီးစီးသော အခါ တံခွန်, ကုက္ကားတို့ကို အထူးထူးအပြားပြား စိုက်ထူစေ၍ စေတီတော်မြတ်ကို ရှိခိုး၍

"အရှင်သူမြတ်ဘုရား၊ အကျွန်ုပ်တို့သည် ကျေးလူမျိုး ဥပါသကာတို့ ဖြစ်ကြပါသည်။ ကောင်းသော အတွေ့ရှိသော ဆံတော်ဓါတ်ကို ယုံကြည်စွာသဒ္ဓါတရားရှိ၍ ဤသို့သောပူဇော်သက္ကာရကို ပြုကြပါသည်ဘုရား"ဟု လျှောက်ဆိုကြကုန်၏။

၁၄။ ထိုနောက်မှ ထိုစေတီကို သဒ္ဓါတရားယုံကြည်သောအားဖြင့် တည်ထားခြင်းကြောင့် **သဒ္ဓါစေတီ** ဟူ၍လည်း ခေါ်ဆို ကြကုန်၏။ ဒမိဠလူမျိုးတို့ တည်ထားခြင်းကြောင့် **ဒမိဠစေတီ** ဟူ၍လည်း ခေါ်ဆိုကြကုန်၏။



၁၅။ ထိုလေ့သူကြီးတို့သည်ငင်း၊ ထိုကုန်သည်တို့သည်လည်းကောင်း၊ စေတီတော်မြတ်ကို တောင်းပန်ကန်တော့ကြပြီးလျှင် ရဟန္တာ အရှင်မြတ်တို့အား လှူစရာကို လှူဒါန်းကြ၍ အသီးသီးမိမိ၏ လှေကိုစီး၍ ပြန်သွားကြကုန်၏။

၁၆။ ခြောက်ပါးသော ရဟန္တာအရှင်မြတ်တို့သည်လည်း ကြံစည်တော်မူသောအတိုင်း အကြံအစည် ပြည့်စုံကြလေကုန်၏။

သတ္တနာဝိက ထူပဝင် ပြီး၏။

၁၇။ ထိုအရပ် ဒေသကိုလည်း ဆံတော် ဓါတ်တို့၏ တည်နေရာဌာနဖြစ်သောကြောင့် **ကေသဝတီမြို့** ဟု ခေါ်ဝေါ်သမုတ်အံ့။

ဆကေသ ဓါတုဝင် ပြီး၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဤသို့သော အထောက်အထားများကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုတင်ပြချက်များသည် အာစရိယ ဝံသစာတမ်းများနှင့် အတူတူဖြစ်ကြောင်း သက်သေများ ဖြစ်လေသည်။

ဥက္ကလာပ ဇနပထမည်သော အရပ်တွင် နေသော တပုဿ ဘလ္လိက ညီနောင်တို့ အရင်းကစ၍ ဘုရားဖြစ် တော်မူစ သတ္တဋ္ဌာန အလွန် (၇) ရက် (၇) ကြိမ် (၄၉) ရက် ဝါဆို လဆန်း (၄) ရက် (၅) ရက်ကပင် ရာမညတိုင်း သုဝဏ္ဏ ဘူမိ အရပ်သို့ ဆံတော်မြတ် သက်ဆင်းတော်မူကြောင်း ထင်ရှားစွာ သက်သေပြခဲ့ပြီးဖြစ်ပါသည်။

ဤသည်ကား ရာမညတိုင်း သုဝဏ္ဏဘူမိသို့ လက်ဦး စွာ သာသနာတော် ဆိုက်ရောက်ခြင်းဖြစ်သည်။

တစ်ဖန် ဘုရားဖြစ်တော်မူပြီးနောက် (၈)ဝါမြောက် ကပင်လျှင် ရဟန္တာအရှင် ဂဝံပတိ ပြုစုတော်မူ၍ ရာမည တိုင်း သုဝဏ္ဏဘူမိ အရပ်၌ သာသနာတော်ကြီး ထွန်းကား တော်မူ၏။

ဤကား နှစ်ကြိမ်မြောက် သာသာနာတော်ကြီး ဆိုက်ရောက်ခြင်းဖြစ်၏။

တစ်ဖန် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက် သာသနာသက္ကရာဇ် (၂၃၅) ခုနှစ်သို့ ရောက်



ပြန်သောအခါ ရဟန္တာအရှင် သောဏမထေရ်နှင့် အရှင် ဥတ္တရ မထေရ်စသော သာသနာပြု မထေရ် ငါးပါးတို့ ပြုစု သောကြောင့် ရာမညတိုင်း သုဝဏ္ဏဘူမိ၌ သာသနာတော် မြတ်ကြီး ထွန်းကားတော် မူပြန်သည်။

ဤကား သုံးကြိမ်မြောက် သာသနာတော်ကြီး ဆိုက် ရောက်ခြင်းဖြစ်၏။

ဤသို့ ဤသို့သော သာသနာတော် ဆိုက်ရောက်ပုံ အကြောင်းတို့ကို သာသနာ လင်္ကာရ စာတမ်း၌ ပါရှိပေ သည်။

ထိုထို ဤဤသော အထောက်အထားသက်သေ သက်ကန်တို့သည် ယနေ့ ယခု ခိုင်လုံစွာ ရှာဖွေတူးဖော် ရရှိသဖြင့် မြန်မာပြည်ကြီး ကံကောင်းလှပေသည်။

ထို့ကြောင့် ယခုစာတမ်းကိုလည်း သုဝဏ္ဏဘူမိလည်း ပါစေ။ သာသနာတော် အစဉ်အဆက်လည်းပါစေ။ ကေလာ သ အစ ရွှေပါဒ ခတော်မူသော အကြောင်းလည်း ပါစေ။ တစ်ကြော့ပြန် သာသနာ အစဉ်အဆက်လည်း ပါစေ။ ယနေ့ ယခု သုဝဏ္ဏဘူမိ ဆံတော်ရှင် သာသနာတော်ကြီး၏ တစ်ကြော့ပြန်ပေါ်ပုံကိုလည်းပါစေ ဟူသော သဘောဖြင့် ဤစာတမ်းကို သုဝဏ္ဏဘူမိနှင့် ကျိုက်ထီးဆောင်းဆံတော် ရှင်သာသနာ လင်္ကာရ စာတမ်းဟု ခေါ်ဆိုအပ်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ကိုးကားသောကျမ်းများ

၁။ ဦးဖိုးလတ်၊ ရှေးဟောင်း မြန်မာရာဇဝင်နှင့် ယဉ်ကျေးမှု သုတေသန၊ ရန်ကုန် ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၂။

၂။ ဒေါက်တာသန်းထွန်း၊ မြန်မာရာဇဝင်စာတမ်း အမှတ်၁၊ ရန်ကုန်၊ မဟာဒဂုံ၊ စာပေထုတ်ဝေရေး ၁၉၆၄။

၃။ ပုဂံ ကျန်စစ်သားမင်းကြီးအတ္တုပ္ပတ္တိကျောက်စာများ၊ မြကန်ကျောက်စာ၊ အလံပုဂံကျောက်စာ၊ ပြည်ရွှေဆံတော်ကျောက်စာ၊ သထုံကျိုက်တဲကျောက်စာ၊ မွန်ကျောက်စာ ပေါင်းချုပ် ရှေးဟောင်းသုတေသန ဌာနခွဲ ၁၉၆၅။

၄။ ဦးတင် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၅။

၅။ ဂျေ အက်စ် ဖာနီဗဲလ် နှင့် ဖေမောင်တင် တည်းဖြတ်၊ ဇမ္ဗူဒီပ ဥဆောင်းကျမ်း မြန်မာနိုင်ငံသုတေသနအသင်း စာစဉ်သစ် ၂၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၀ပြည့်

၆။ ဦးဘော၊ ရာဇဝံသဇာလိနီ မည်သော ပုဂံရာဇဝင်သစ်၊ မြန်မာ့တာရာပုံနှိပ်တိုက်၊ မန္တလေး၊ ၁၃၁၄။

၇။ ဒေါက်တာသန်းထွန်း၊ မြန်မာရာဇဝင်စာတမ်း၊ အမှတ် ၁၊ ခေတ်ဟောင်းမြန်မာရာဇဝင်များ ရန်ကုန်၊ ၁၉၆၄။

၈။ ဦးအောင်သော် ဗိဿနိုးမြို့ဟောင်း၊ တက္ကသိုလ်ပညာပဒေသစာစောင် အတွဲ၁၊ အပိုင်း ၂၊ ၁၉၆၆၊ ဇွန်

၉။ ဦးစိန်မောင်ဦး၊ သရေခေတ္တရာမြို့ဟောင်း တက္ကသိုလ်ပညာပဒေသစာစောင် အတွဲ၃၊ အပိုင်း ၁၊ ၁၉၆၈၊ ဇန်နဝါရီ



၁၀။ ဦးသိန်းလွင်၊ ကျိုက်ထီးဆောင်း ဆံတော်အရှင်မှ အခြေစကာဖွင့်ဖော်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လာသဖြင့် ပွင့်လင်းလျက်ရှိနေသော၊ ဆံတော်အရှင်စေတီတော်များ

၁၁။ သီဟိုဠ်ကျွန်း- အနုရာဓမြို့ တောင်ဘက် မဟာဝိဟာရကျောင်း ရဟန္တာမြတ်တပါးရေးသားတော်မူသော ဆကေသဓါတုဝင်နှင့် သောဏ္ဏာယစေတီ ကျောက်စာ ဆရာကြီး ဦးမြသိန်းထွန်း၊ သဒ္ဓမ္မရှင်းတမ်း ၃- ကျမ်းတွဲ၊ ဆန်းလိုက် ဦးမောင်ကြီး သာသနာမုခစာအုပ် တိုက် ဆူးလေဘုရားဝင်း၊ ရန်ကုန်မြို့၊ ဆကေသာဓာတုဝင် မြန်မာပြန်၊ စာမျက်နှာ ၂၈မှ ၅၄အထိ။

၁၂။ မနုဖြူမြို့နယ် ညောင်ချောင်းဆရာတော်ဘုရားကြီး သီရိဘဒ္ဒန္တဉာဏဝံသ ရေးသားတော်မူသော အဟောအစ္စရိယာဝတ သောဏ္ဏာယစေတီတော်ကြီး ကျောက်စာ ဆန်းလိုက် ဦးမောင်ကြီး သာသနာမုခစာအုပ်တိုက်၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့၊ ၁၃၁၄ တပေါင်းလ ပထမနှိပ်ခြင်း၊ ယောဂီပုံနှိပ်တိုက် ၂၄၅ လွှစ္စလမ်း၊ ရန်ကုန်မြို့၊ စာမျက်နှာ ၅၇ မှ ၈၂အထိ။

၁၃။ ပြည်တော်သာဦးထွန်းရီ ပါဒနိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်း၊ အောက်မြန်မာနိုင်ငံတော်တွင် နှစ်ပေါင်း ၂၆၀၀ ကျော် တိမ်မြှုပ်ပျောက်ဆုံးနေသော ဘုရင့်နေပြည်တော်ဟောင်းကြီးတစ်ခုကို ရန်ကုန်အနီး၌ တွေ့ရှိ၍ ရှာဖွေဖော်ထုတ်ပြုစုရေးသားသည်။ ၁၃၁၉ ခု ပထမနှိပ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ ကထိက ဦးသက်တင် ရွှေမော်ဓော်သမိုင်း၊ မြန်မာနိုင်ငံ ဘာသာပြန်သမိုင်း အမှတ် ၃၆၁၊ ပြည်လမ်း ရန်ကုန်မြို့ ပထမနှိပ်ခြင်း ၁၉၅၄၊ မတ်လ၊ ရွှေမောဓော်ပေါ်တော်မူများ၊ စာမျက်နှာ ၁၂၅ မှ ၁၃၃အထိ။

၁၅။ ဘီးလင်းကျိုက်ထိုမြို့နေ ပင်စင်အငြိမ်းစား စစ်ကဲတော်မင်း မောင်ရွှေနော် စုဆောင်းရေးသားအပ်သော မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်၊ ရန်ကုန်မြို့ ဟံသာဝတီ စာတင်းစာတိုက် ၁၈၉၉ ခုနှစ်၊

၁၆။ ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားကြီး၏ ရွှေတိဂုံမွန်ကျောက်စာနှင့် ရတနာစကြာမွန်ကျောက်စာ၊ မူရင်းကျောက်စာနှင့် မြန်မာဘာသာပြန်၊ ရှေးဟောင်းသု တေသန ညွှန်ကြားရေးဝန် သီရိပျံချီ ဦးလူဖေဝင်း ပြန်ဆိုတည်းဖြတ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန မွန်ယဉ် ကျေးမှုဌာနစိတ်မှ ပုံနှိပ်ဖြန့်ချိသည်။ ၁၉၅၈ ခုနှစ်။

၁၇။ သုတေသီ မြင့်ထွန်း၊ ဆန်းလွင်၊ အထူးဆောင်းပါး ဗိုလ်တထောင်စေတော်ဦးစေတီမှ အံ့ဖွယ်ဆန်းကြယ် မြနန်းနွယ်၊ ဓမ္မရုပ်စုံမဂ္ဂဇင်း၊ စာမျက်နှာ ၂၂၊ ၂၃

၁၈။ ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားကြီး၏ ကလျာဏီမွန်ကျောက်စာ၊ မူရင်းကျောက်စာနှင့် မြန်မာဘာသာပြန် ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် သီရိပျံချီ ဦးလူဖေဝင်း ပြန်ဆိုတည်းဖြတ်သည်။ ၁၉၅၈ ခုနှစ်။



၁၉။ ကထိက ဦးသက်တင်၊ သံလျင်မြို့ ဆံတော်ရှင် ကျိုက်ခေါက် စေတီတော်မြတ်သမိုင်း၊ ဒုတိအကြိမ် ၁၉၇၁၊ ဇန်နဝါရီလ၊ ပျူ၊ မြန်မာ၊ ပါဠိ၊ မွန်၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာ၊ အုတ်ခွက်စာ၊ ပုံနှိပ်စာများနှင့် တိဘက်၊ ပေါ်တူဂီ၊ အင်္ဂလိပ်၊ အီတလီ၊ ဒတ်(ချ်)၊ ပြင်သစ်၊ မှတ်တမ်းမျိုးစုံမှ ရှာဖွေတွေ့ရှိသော သုတေသနသမိုင်းဖြစ်သည်။

၂၀။ ဦးကုလား၊ မဟာရာဇဝင်တော်ကြီး ပထမတွဲ ဟံသာဝတီ ပုံနှိပ်တိုက် ၁၉၆၁၊ မဟာမေ့သကြီး၊ သာသနာလင်္ကာရစာတမ်း ရန်ကုန်၊ ဟံသာဝတီ စာပုံနှိပ်တိုက်၊ ၁၉၅၆ ခုနှစ်၊

၂၁။ မွန်ရာဇဝင်၊ ရန်ကုန်မြန်မာပြည် စာပုံနှိပ် အလုပ်သမားများ အသင်းပုံနှိပ်တိုက် ၁၂၈၄ ခုနှစ်၊

၂၂။ ဗိုလ်မှူးဘရှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်း၊ ရန်ကုန်၊ ပြည်သူ့အလင်းပုံနှိပ်တိုက်၊ အဌမအကြိမ် ပုံနှိပ် ၁၉၆၁ ခုနှစ်။

၂၃။ တွင်းသင်းတိုက်ဝန် မဟာစည်သူ တွင်းသင်းမဟာရာဇဝင်သစ်၊ မင်္ဂလာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈ ခုနှစ်။

၂၄။ ပုဂံ ရွှေစည်းခုံ ခေါင်းလောင်းစာ ရှေးဟောင်းသုတေသန အစီရင်ခံစာ ၁၉၅၂၊ ၅၃ ခုနှစ်။

၂၅။ မိုင်းခိုင်းမြို့စား ဦးယံ၊ ပိဋကတ်တော်သမိုင်း၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ၁၉၅၄ ခုနှစ်။

၂၆။ ဦးဖေမောင်တင်၊ မြန်မာစာပေသမိုင်း၊ တက္ကသိုလ်ပုံနှိပ်တိုက် ၁၉၆၅ခုနှစ်၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


၂၇။ ဦးဘသန်း ၊ ကျောင်းသုံးမြန်မာရာဇဝင်၊ ပိဋကတ်တော် ပြန့်ပွားရေးပုံနှိပ်တိုက်၊ မန္တလေး ၁၉၅၁။

၂၈။ ဗိုလ်ဘရှင်၊ ပြည့်ထောင်စု မြန်မာနိုင်ငံတော်သမိုင်း ပြည်သူ့ အလင်းပုံနှိပ်တိုက်၊ ရန်ကုန်မြို့။ ၁၉၆၃ ခု။

၂၉။ ဦးကုလား၊ မဟာရာဇဝင်တော်ကြီး ပထမတွဲ၊ ဆရာပွား တည်းဖြတ်၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ကျမ်းစဉ် ၅၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၀ ပြည့်နှစ်။

၃၀။ ဒေါ်ကြင်ငွေး၊ အဆင့်ဆင့်ပြောင်းရွှေ့ခဲ့ကြသော မြန်မာနိုင် ငံ မြို့တော်များ တက္ကသိုလ်ပညာပဒေသာစာစောင်၊ ၁၉၆၆ ခု မေလ၊ အတွဲ ၁၊ အပိုင်း ၁။


၃၁။ ဦးအောင်သော်၊ ပြဒါးလင်းဂူနှင့် ပညာရှင်သုတေသီတစ်ဦး ၏ အမြင်၊ လမ်းစဉ် သတင်း၊ ၁၉၆၉ ခု၊ ဧပြီလ ၁၅၊ အတွဲ ၅၊ အမှတ် ၈။

၃၂။ အခြေပြ မြန်မာနိုင်ငံရေးသမိုင်း ပထမတွဲ၊ ပထမပုံနှိပ်ခြင်း ဇွန်လ ၁၉၇၀ ပြည့်နှစ်။

၃၃။ ဒေါက်တာ မောင်သိန်း သိပ္ပံသဘောနှင့်အခြေခံ ဘူမိဗေဒ အယူအဆများ တက္ကသိုလ်ပညာပဒေသာစာစောင် ၁၉၆၇ ဖေဖော်ဝါရီလ အတွဲ ၂၊ အပိုင်း ၁။

၃၄။ Prof Nyi Nyi Burma 500 Million Years Ago; The working people's Daily, 16.2.1964. Burma 250 Million Years Ago; The working people's Daily, 23.3.1964. Burma 160 Million Years Ago; The working people's Daily, 1.3.1964. Burma 60 Million Years Ago; The working people's Daily; 8.3.1964. Burma One Million Years Ago; The

BURMESE CLASSIC .com



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com




www.burmeseclassic.com


www.burmeseclassic.com

ဆေးကာလ ပဟာရေတွင် ကေလာသ ထီးတော်မြှင့်

ကေလာသစေတော် သုစကြာတုပ်



BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံ ပုံတော်ပွား စေတီတော်

ကေလာသတောင် သုဝဏ္ဏဘူမိ



လှိုဏ်ဂူအကျယ် ၆၃ ပေ ဘိနပ်တော် ၃၄ ပေ ဥာဏ်တော် ၈၁ ပေ

www.burmeseclassic.com